
www.burmeseclassic.com

နိုးစာပေ

# ကိုရွှေတောသား မအူမလည်

(ကောရှလက်ပျော် ဟာသလုံးချင်းဝတ္ထုစစ်စစ်)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၇၂၈၀၆၃
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၈၄၀၇၀၃
စီစဉ်သူ - ဟိန်းဝေ
မျက်နှာဖုံးပန်းချီ - မိုးမွှယ်အိမ်
ထုတ်ဝေသူ - ဦးအောင်မိုး(ဝ၃၇၉၄)
စိုးစာပေ
၅၅(E) အနောက်မြင်းမိုရ်ကွင်းလမ်း
ပဟန်း၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့် - ဦးကျော်ရင်(ဝ၅၄၁၇)
အတွင်းပုံနှိပ်သူ ရွှေခြေသည်ပုံနှိပ်တိုက်
၂၂၅၊ ၃၂လမ်း ရန်ကုန်မြို့

ကွန်ပျူတာစာစီ - နိုနို

အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀ ကျပ်
၂၀၀၉ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

၈၉၅.၈၃

ရွှေတောသား ၊ ကို
မအူမလည်/ ကိုရွှေတောသား ။ - ရန်ကုန် ၊
စိုးစာပေ ၊ ၂၀၀၉ ။
၂၁၄ - စာ ၊ ၁၂.၇ စင်တီမီတာ ၊ ၂၀.၃ စင်တီမီတာ
(၁) မအူမလည်

စိုးစာပေ
၅၅(E)၊ အနောက်မြင်းမိုရ်ကွင်းလမ်း
ပဟန်း၊ ရန်ကုန်မြို့
☎ : ၅၅၃၇၅၇

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| သိန်းဇာမိုးဟန် | ယောက်ျားကောင်း အချစ်တဲ့လားကွယ် |
| မောင်သာမြင့် | ကဲ - ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း အမျိုးသို့လျှို့ဝှက်ခရီး |
| သုတေသီမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| ဆရာကြီးအရှိန္ဒမာ | မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ |
| မောင်မြတ်သိန်း | ကမ္ဘာ့ဝလားဘောလုံးသမိုင်းနှင့် |
| | ကမ္ဘာကျော်ရွှေခြေထောက်ပိုင်ရှင်များ |
| ဟိန်းဇေ | အသေနကမ္ဘာ ၉၇ |
| ဆရာကြီးအရှိန္ဒမာ | ဂန္ဓာရခရီးသည် |
| ရွှေကြာ | အင်္ဂလိပ်သူလျှို |
| သုတေသီမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့် |
| | ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| ဟိန်းဇေ | အသေနလူသား |
| သုတေသီမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရမဲ့ဘုရား |
| မိန်မိန် (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းချိုစုံချက်ပြုတ်နည်း |
| သုတေသီမြင့်ထွန်း | လာဘ်လာဘတ်လာ ချမ်းသာကျန်းမာ |
| အောင်မြတ်ဦး | ကမ္ဘာကျော်မိန်းမများ၏အချစ်အတွင်းရေး |
| မိန်မိန် (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချောမော ဟင်းနည်းပဒေသာ |
| သုတေသီမြင့်ထွန်း | ခုနစ်နေ့သားသမီးများအတွက် ဂမ္ဘီရသိပ္ပံအစီအမံများ |
| မိန်မိန် (လသာ) | နိုင်ငံတကာဟင်းချိုစုံချက်ပြုတ်နည်းများ |
| သုတေသီမြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတင်နည်း |
| အောင်မြတ်ဦး | ချစ်ခြင်းတရားဆိုင်ရာ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏အချစ်ဇာတ်လမ်းများ |
| ဆရာကြီး အရှိန္ဒမာ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလမ်းမှ ဖြစ်ရပ်ဆန်းများ (၁) |
| အောင်မြတ်ဦး | အချစ်သမိုင်းတွင် စတင်ခဲ့သည့် ကမ္ဘာကျော်ချစ်သူများ (၁) |
| ဦးမြင့်လွင် | တရားခွင်လက်တွေ့ဖြစ်မှုဆိုင်ရာလျှောက်ထားမှုများ |
| ဟိန်းဇေ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မောင်ဝေဖြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |
| ကောင်းထက် | နိုလီယံ (သို့မဟုတ်) ဥရောပတိုက်တစ်တိုက်လုံးကို ဖိန့်ဖိန့်တုန်စေခဲ့သူ |
| သုတေသီမြင့်ထွန်း | သင့်တစ်သက်တာသကြာနှင့် ရာသီခွင်ဟောကိန်းများ |
| သုတေသီမြင့်ထွန်း | တောင်ပြုံးထက်ဆောင် |
| ဆရာကြီးအရှိန္ဒမာ | ပြည်တွင်းပြည်ပဝိညာဉ်လောက အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေဦးလွင် | ရှုမျက်တထာမလွန်သာရှိနှင့် မှုခင်းဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | မုဆိုးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လာဘ်ခေါ်ကပ်ကျော်ဂါထာတော်များ |
| ကိုဦး | ကမ္ဘာကိုတိုင်းလှုပ်သည့် အချစ်အတွင်းရေးများ |
| မိန်မိန် (လသာ) | ဈေးကွက်ဝင် အစားအသောက်မျိုးစုံပြုလုပ်နည်းများ |
| နေမိုးထက် | ဘက်အိပ်တူမိန်းမနောက်ဆုံးနေ့များ |
| နေဦးလွင် | အောင်မြင်လိုသူတိုင်းအတွက် |
| | အကောင်းဆုံးနာမည်ပေးနည်းများ |
| ကောင်းထက် | ရုရှားလက်ရှင်းတမ်းနှင့် ပါတော်မူဖြစ်ရပ်များ |
| မိန်မိန် (လသာ) | အကောင်းဆုံးဟင်းလျာချက်နည်း ၁၀၀ |
| ကောင်းထက် | ပါတော်မူပြီးနောက်ပိုင်း သူရဲကောင်းများနှင့် မြန်မာနိုင်ငံ |
| နေမိုးထက် | ပင်းတန်းပင်းနှင့် မန္တလေးနန်းတွင်းအရေးတော်ပုံ |
| ဟိန်းဇေ | ရုရှားလက်ဘာလဲနှင့် အမှန်တရားဆိုင်ရာအတွေးအမြင်များ |
| သုတေသီမြင့်ထွန်း | လိုအင်ပြည့်ဝ တရုတ်ဂမ္ဘီရနှင့် မိုးရာပူဇော်ပသနည်းများ |
| နေမိုးထက် | ရှုဖွယ်နှင့်ယှဉ်သည့် နိုင်ငံတကာမှုခင်းများ |
| မိန်မိန် (လသာ) | ထမင်းကောင်းဟင်းကောင်း စားကြရအောင် |
| ...ောင်စုံ | ထူးဆန်းသောကမ္ဘာများနှင့် ဂမ္ဘီရတွေ့ကြုံမှုများ |
| ...မွှေတာသား | တောကတိုးရှင် |
| ...ဇော | စနေမူးအဓိ |
| ...မွှေတာသား | ဂူဝင်ခွတ်ကျူး |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏အမျိုးသို့လျှို့ဝှက်ခရီး |
| ...ောင်စုံ | ဂမ္ဘီရအမြုတေ အမှတ်(၁) |
| ...မွှေတာသား | ပြောမှတ်တွင်ဝယ်တောရပ်ခွင် |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ကိုရွှေတာသား | ထယ်ဖိကကျွန် |
| ကိုရွှေတာသား | မြို့ရုပ်ပြန်ရွာလယ် |
| ဆောင်းဝင်ရုံ | တာဝန်ကျေမှုတော အမှတ်(၁) |
| ကိုရွှေတာသား | ဝတ်လိုက်များ |
| ကိုရွှေတာသား | တော်ရှာမဲ့ရောဂါ |
| ထိန်ဝင်း | တပင်ရွှေထီးဘုရင့်နောင်နှင့်ခေတ်ပြိုင်မြန်မာနိုင်ငံတော် |
| ကိုရွှေတာသား | နေ့ညဉ့်မှာသာတဲ့လ |
| ကိုရွှေတာသား | မကောင်းသူထိပ်ကောင်းသူထိပ် |
| ထွန်းဆီဇင် | သမိုင်းဝင်ရာဇဝင်လောင်းဘုရားနှင့်တတိယမြန်မာနိုင်ငံတော် |
| ထိန်ဝင်း | ထိပ်တန်းသိုင်းစာဆို ၁၀၀<br>(ဒုတိယအကြိမ်) |
| ထွန်းဆီဇင် | သီပေါမင်းတရားလက်ထက်နှင့်ကုန်းဘောင်နေဝင်ချိန် |

အရုပ်အသိပါပဲ
ထပ်ထပ်ပြီး မကာလိပါဘူး
ဇာတ်အရှိုရုပ်က မအူမလည်။

ဘယ်သူတွေ ဘယ်လိုပြောစေတော့
တောရုပ်ခွင် ဇာတ်လိုက်များကိုမြင့်
တောသားမောင် ကလေးဘင်သွားကြောင်
ဟားတိုက်ရမည်။

အပြုံမကောင်းလျှင်မြင့်
ချစ်ခြင်းနှင့် အမြင်ကြည်
ရှုယ်ရည်ကာ ခွင့်လွှတ်ပေါ့။

ဟာသဟာ ဟာသပါပဲ
တဖတ်သူ သဘောမကျလျှင်မြင့်
ဒေါသကာ အံမကြိတ်ပါနဲ့
အမှန်စိတ် တောင်ပံခတ်ကာပ
ကျေးငှက်ပျော် တရှက်လှုပ်လို့ရယ်
ဖတ်ကြည့်ပါတော့။

မြို့ပေါ်ရွာခံပုမာန်
ကိုရွှေတာသား

www.burmeseclassic.com

www.burmeseclassic.com

အမည်သညာ ဓါတ်ရောက်ား...
ရှာနေကျေးတော ရွှေပိန်းကောမှ
ပြန့်ပြောအောင်ဟိတ် ဓာတ်နိမိတ်ဖြင့်
ကောက်ချိတ် ဟူ၍ တွင်လေသတတ်။

ညနေညို့၍ လေချိုသုတ်ဖျန်းလိုက်ချေပြီ။

'ရွှေပိန်းကော' ရွာကလေးကား ချိန်ညနေ၏ဆည်းဆာရိပ်အောက်ဝယ် ကျေးလက်သူကျေးလက်သားများနှင့် သက်ဝင်လှုပ်ရှားနေလေသည်။ ရွှေပိန်းကော၏လုံမပျိုကလေးများမှာ ရေအိုးကလေးတွေကိုယ်စီဖြင့် ရေခပ်ဆင်းကြသလို၊ ရွှေပိန်းကော၏လုလင်ပျိုအချို့မှာလည်း ကောက်လှိုင်းတိုက်သူတိုက်၊ ထန်းတောသွားသူသွားဖြင့် ကိုယ့်ဇာတ်ထုပ်ကို ကိုယ် ကနေကြလေ၏။

"တာအဂ်နွမ်းနေသလား
ရှင်ပျူအပန်းပြေဖို့
(ဟောဒီမှာ ...) အညာကို မလွမ်းတဲ့
သာဘာန်းရဲ့ ပင်ကျူထန်းရည်"

စိုးစာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ဆိုင်းဘုတ်အောက်မှာတော့ ကာလသားအရွယ်စုံ တို့ ရောက်ရှိနေကြလေပြီ။

"ဟော့ .. ကောက်ချိတ်တစ်ယောက် မမြင်ပါလားကွ"

"လာပါလိမ့်မယ်မောင် ... သူ့အမေဆီမှာ ပိုက်ဆံ ချူနေလို့"

"အိမ်း ... ဒီကောင်လာမှပဲ တို့တစ်တွေ အူစိုရမှာ"

အားလုံးပင် တကာတော်ရေမြေ့ရှင် ကောက်ချိတ်ကို စောင့် မျှော်နေကြသည်။ ကောက်ချိတ်ကား ရွှေပိန်းကောရွာမှ အင်းသူကြီး ဦးညွန့်တင်နှင့် အင်းသူကြီးကတော် ဒေါ်တင်နွဲ့တို့၏ ရင်နှစ်သည်းချာ သားရတနာတည်း။

အင်းသူကြီးနှင့် သူကြီးကတော်တို့မှ သားသမီးငါးဦး မွေး လာခဲ့ရာ ပထမဆုံးလေးဦးသည် သမီးချည်းဖြစ်ပြီး ပဥ္စမမြောက် နောက်ဆုံးပိတ်ကျခါမှ ရှားရှားပါးပါး လိုချင်တောင့်တစွာဖြင့် ယောကျ်ား လေးဖြစ်သော အမောင်ကောက်ချိတ်ကို ရရှိလိုက်ရာ မိဘနှစ်ပါးနှင့် တကွ အစ်မလေးယောက်၏အချစ်တို့သည် ကောက်ချိတ်အပေါ် တောင်ပုံယာပုံဖြစ်သွားကြလေသည်။ မိဘက ရွာမှာ ကြေးရတတ် ချောင်ချောင်လည်လည်ဆိုတော့ ကောက်ချိတ်အဖို့ သုံးချင်ရာသုံး ဖြုန်းချင်ရာဖြုန်းဖို့အတွက် အခွင့်အလမ်းတွေ တစ်နင့်တစ်ပိုးကြီး ရခဲ့သည်။

မိဘတွေ၊ အစ်မတွေက အလိုလိုက်ထားသည့်အတွက် လည်း ကျောင်းကိုကောင်းကောင်းမနေ၊ အလယ်တန်းပညာလောက် နှင့် ကျောင်းမှထွက်ကာ ရပ်ထဲရွာထဲ လတ်လျားလတ်လျားလုပ်နေ





ခြင်းကိုပဲ မွေ့လျော်နေသူဖြစ်သည်။ အပေါင်းအသင်းကာလသား တွေက မြှောက်ပင့်ပြောဆိုလျှင် ပါးစပ်အဖြသားနှင့် တဟီးဟီးလုပ် ကာ ကျေနပ်အားရလျက်၊ သူကပဲ အကုန်အကျခံ ကျွေးမွေးတတ် လေတော့ ရွှေပိန်းကောကျေးရွာ၏ ကာလသားဝန်းကျင်အသိုင်း အဝိုင်းတွင် ကောက်ချိတ်သည် ထင်ပေါ်လှတော့၏။

ကောက်ချိတ်၏ဖခင် အင်းသူကြီးဦးညွန့်တင်က လူရည် လည်သလောက် သားတော်မောင်ကျတော့ တကယ့်ကိုမအူမလည်။

သည့်အတွက်ကြောင့်လည်း အပေါင်းအသင်းကာလသား အပေါင်း၏ ရယ်စရာလုပ်ခြင်းကိုလည်း ခံရသည်။ ငါးဒိုင်မှ ငါးရွေး သမတွေ ရယ်စရာလုပ်လည်း မအူမလည်မို့ ခံရသည်။ ကောက်ချိတ် အဖို့ သူ့အပေါ် ရယ်စရာလုပ်သည်ကို အမှတ်မထား။ အပေါင်း အသင်းတွေအလယ်၊ ငါးရွေးသမ ရွာနေလုံ့မတို့အလယ်တွင် 'တယ် လည်းမျက်နှာပွင့်ပါလား'ဟု သဘောပိုက်ကာ တဟီးဟီးဖြင့် ကျေနပ် နေတတ်သူပဲဖြစ်သည်။

"ဟော ... ဟော ... ကောက်ချိတ်လာနေပြီ၊ လာ နေပြီကွ၊ ဗျို့ ... ကိုသာဘန်း၊ ထန်းရည်နှစ်မြူလောက် ချဗျို့ ... ကြွက်ကင်ကလေးလည်း လုပ်ပေဦး"

စားပေါက်စားလမ်းတွေပြီမို့ စိန်တင်တို့အုပ်စုသည် ကို သာဘန်းအား မှာစရာရှိသည်တို့ကို မှာလိုက်၏။

"ရောက်တာကြာပြီလားဗျ ..."

"သိပ်မကြာသေးပါဘူးကွာ ... တို့အားလုံး မင်းကို မျှော်နေကြတာ၊ မင်းက သဘောကောင်းမနောကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မင်းလာရင် ငါတို့ စားရသောက်ရတော့မယ် တော့တ်လား"

"စကြသောက်ကြပါများ ... ကျွန်တော့်မှာ ငွေကြေး အလုံအလောက် ပါပါတယ်၊ ချကြ ... ချကြ"

"တေး ... ငါတို့ကောင်ကြီးကောက်ချိတ် မိန်းမချော ချောလေး ရပါစေကွာ ..."

"အဟီးဟီး ..."

မသိမသာမြှောက်ပင့်ပေးလိုက်၍ ကောက်ချိတ် သဘော ရွှေသွားသည်။ ဘာလိုလိုနှင့် ကောက်ချိတ်မှာ လူပျိုဖော်ဝင်ကာ လူလားမြောက်နေခဲ့ပေပြီ။

သို့တိုင် သူ့မှာ ဘဝင်တုန်ရင်ခုန်ရမည့်သူ မပေါ်သေး။

သူနှင့်ရွယ်တူတွေ တော်တော်များများပင် အိမ်ထောင်ကျ သူကျ၊ ရည်းစားသနာတွေရှိလိုရှိနှင့်။ သူ့မှာတော့ ခုထိ ဖော်မစုံ တစ်ကိုယ်တည်း။

"မင်းလည်း ချလေကွာ ... ဘယ်လောက်ပဲပန်းနေ ပန်းနေ ထန်းရည်နဲ့မှ အပန်းပြေတာကွ၊ ချ ... ချ .. ကြွက်ကင်ကလေးကလည်း ရှယ်မှရှယ်ပဲ"

"အဟီး ... ချတာပေါ့ဗျ၊ ကျွန်တော်က ခင်ဗျားတို့နဲ့ ခုလိုမျိုး သောက်ရစားရ လေပန်းရတာကို ပျော်တာဗျ၊ ခင်ဗျားတို့က အတော်ကလေးကို အတွေ့အကြုံစုံတော့ ကျွန်တော်မသိတဲ့ ဗဟုသုတတွေ အများကြီးရတယ်"





"ရရှိမှာပေါ့ကွာ ... ရရမှာပေါ့၊ ငါတို့လည်း ငယ်ရာ က ကြီးလာကြတာဆိုတော့ အတွေ့အကြုံတွေဆိုတာ ဖောချင်းသောချင်းပဲ"

ကိုစိန်တင်တို့လူသိုက်မှာ စကားပြောလိုက်၊ ထန်းရည်လေး ကျိုက်လိုက်၊ ကြွက်ကင်ကလေးဖဲ့လိုက်နှင့် တကယ့်ကို ဆက်ရက် မင်း စည်းစိမ်ကျနေသည်။

"ဟေ့ကောင် ... ကောက်ချိတ်"

"ဗျာ ..."

"မင်း ဒီအရွယ်တောင်ရောက်လာပြီ၊ ရည်းစားလေး တစ်ယောက်တောင် မရှိသေးဘူးလားကွာ"

"အဟီး ... ရည်းစားတော့ ရချင်တာပေါ့ဗျာ၊ ဒါပေ မယ့် ရည်းစားစကားမပြောရဲဘူးဗျ"

"တုံးပ ... ကောက်ချိတ်ရာ၊ ဒါမျိုးဆိုတာ မစွန့်စား ဘဲ မရဘူးကွ၊ ကိုယ်မျက်စိကျနေတဲ့ မိန်းကလေးကိုတွေ့ ရင် ကိုယ်သဘောကျနေတဲ့အကြောင်း တစ်နည်းတစ်ဖုံ ပြတတ်ရတယ်၊ စကားမပြောရဲရင် စာပေး၊ စာလည်း မပေးရဲ၊ စကားလည်း မပြောရဲရင် တစ်ယောက်ယောက်နဲ့ အောင်သွယ်လုပ်ခိုင်းပေါ့ကွာ"

"ဟုတ်တယ် ... ကောက်ချိတ်၊ ကိုစိန်တင်ပြောတာ မှန်တယ်၊ ဟောဒီ ငါတို့ရွှေပိန်းကောရွာမှာ မင်းအဖေ အင်းသူကြီးဦးညွန့်တင်ဆိုတာ တကယ့်ကို အထင်ကရ မင်းလည်း ဥစ္စာပေါ၊ ရုပ်ချော၊ တကယ့်ကို သူဌေးသား



www.burmeseclassic.com

www.burmeseclassic.com



မင်းကသာ သတိမထားလို့ မင်းကိုသဘောကျနေတဲ့ ရွှေ ဝိန်းကောရှာသူတွေဆိုတာ အများကြီး''

''အပေါ်း ...ဟုတ်ပါ့မလား ကိုသာခင်ရာ ...''

''ဟ ...ဟုတ်တာမှ ဟုတ်ဟုတ်,ဟုတ်ဟုတ်လို့ တောင် မြည်နေသေး။ ငါးဒိုင်မှာ ငါးရွေးတဲ့အေးကြည်မ လေးဟာ အမေတစ်ခု သမီးတစ်ခုမို့ ဆင်းရဲတယ်ဆိုပေ မယ့် ကိုယ်လုံးကိုယ်ပေါက်ကလေးက တကယ့်ကို လုံးလုံး ကျစ်ကျစ်ကလေး။ အဲဒါလေးကို မင်း သဘောမကျဘူး လား ...ကောက်ချိတ်''

''အပေါ်း ...သဘောကျတာပေါ့ဗျာ၊ ဘယ့်နှယ်ပြော လိုက်တာပါလိမ့် ...''

''အေး။ အဲဒါကိုပဲ ငါတို့က သိချင်နေကြတာ၊ မင်း သဘောကျနေလို့ကတော့ အဆင်ပြေနိုင်မယ့် အစွဲထုတ် နိုင်မယ့် အကြံကောင်းဉာဏ်ကောင်းတွေကို ပေးမှာပေါ့ကွ၊ ဘာမှမပူနဲ့ ...''

''အားကိုးပါတယ်ဗျာ ...အားကိုးပါတယ်''

''အားကိုးရမှာပေါ့ကွာ ...အားကိုးရမှာပေါ့။ ဗျို့ .. ကိုသာဘန်း နောက်ထပ်နှစ်မြူထပ်ချကွာ ...''

ကောက်ချိတ်အဖို့ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ကြ သူတွေအပေါ် ဘာမှတွန့်တိုနေမြောမှုမရှိ။ နောက်မှရောက်လာသော ဖက်တီးဝင်းမောင်နှင့် ကျွဲသိုးမောင်ယုတို့ စကားရောဖောရောဖြင့်





ထန်းရည်ကိုကပ်တွယ်ကြရင်း ၎င်းတို့၏ရည်းစားများအကြောင်းကို ရေပက်မဝင် ပြောဆိုနေကြသည်။

''ငါ့ရည်းစားမြင့်မြင့်ရီနဲ့ ဟိုတစ်နေ့က ဘိုးချောတို့ ကောက်ရိုးပုံမှာ ချိန်းတွေ့တော့ ဟာ ...နည်းတာကြီး မဟုတ်ဘူးကွ''

''ဟော့ကောင် ...ဖက်တီးဝင်းမောင် ...ဒီမှာစား ကောင်းသောက်ကောင်းဖြစ်နေတဲ့အချိန် ညစ်တီးညစ်ပတ် တွေ မပြောနဲ့ကွာ ...''

''ဟ ...ငါက ဘာညစ်ပတ်လို့လဲ၊ ပြောတဲ့စကား ကို ဆုံးအောင်နားမထောင်ဘဲနဲ့ အကျကောက်ပြီးမပြောနဲ့၊ ငါ့ရည်းစားမြင့်မြင့်ရီရဲ့ကိုယ်မှာ မှဲ့စလွယ်ကိုတွေ့လို့ကွ၊ မှဲ့စလွယ်ကိုတွေ့လို့''

''အဲသလို ပြောကတည်းက တစ်ခါတည်းထည့်ပြော ရင် ပြီးရဲ့သားနဲ့၊ တော်သေးတာပေါ့ကွာ ...မှဲ့စလွယ်မို့၊ ရေယုံသာ ခါးပတ်ဖြစ်နေရင် မင်းရည်းစားမြင့်မြင့်ရီတော့ သင်္ချိုင်းကုန်းကို တန်းခနဲပဲ''

''ဒါထက် ...မင်းရည်းစား မပန်းလှိုင်မှာကော ဘာ ထူးခြားချက်တွေ တွေ့သလဲ၊ ပြောစမ်းပါဦး ...ငါ့လို ပိုင်ပိုင်နိုင်နိုင်ရှိပါ့မလား ...ကျွဲသိုး''

''ဟ ...ကျွဲသိုးမောင်ယုဆိုတာ မပိုင်ရင် ခြင်တောင် မှ မရိုက်ဘူး။ မပန်းလှိုင်နဲ့ ငါနဲ့က တူတူတောင်ပုန်းပြီးပြီ ဆိုတော့ မင်းတွေ့ရတဲ့မှဲ့စလွယ်လောက်ကတော့ မြေင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲအဆင့်ပါကွာ၊ ငါ့ရည်းစားမပန်းလှိုင်ရဲ့ ချက်မှာက တခြား ပေါင်မှာက စာနက်ကွ … အဲဒါမျိုးကိုရလိုက်ရင် တစ်သက်လုံး မဆင်းရဲတော့ဘူးတဲ့ကွ၊ ငါတော့ နောက်နှစ် စပါးပေါ်ချိန်ရောက်ရင် မပန်းလှိုင်ကို တောင်းရမ်းယူတော့ မယ်ကွာ''

ဖူးစာရေးနတ်၏ ကူညီစောင်မမှုကြောင့် အစွံကြီးစွံနေကြ ကုန်သော ဖက်တီးဝင်းမောင်နှင့် ကျွဲသိုးမောင်ယုတို့ကို ကောက်ချိတ်သည် အားအကျကြီးကျလျက်ရှိ၏။

''ဟေ့ကောင် … ကောက်ချိတ်၊ မင်း ဒီနှစ်ကောင်ကို အားမကျဘူးလား''

''အဟီး … အားကျတာပေါ့ ကိုစိန်တင်ရာ၊ ကျွန်တော်သာ အေးကြည်မနဲ့ရည်းစားဖြစ်ရင် သူတို့ကို အားကျမခံ အေးကြည်မမှာ ဘာရှိတယ်ဆိုတာကို ပြောပြနိုင်မှာဗျ''

''ဟုတ်တာပေါ့ကွာ … ဒါကြောင့်မို့ မင်းကိုအစွံထုတ်ဖို့ရာ တို့တစ်တွေက တိုက်တွန်းနေရတာပေါ့''

''ခက်တာက … ကျွန်တော်က စာလည်းမပေးရဲဘူး။ စကားလည်းမပြောရဲဘူး ဖြစ်နေတယ်''

''မခက်ပါဘူးကွာ … လောကမှာ လူမတတ်ပေမယ့် လက်ဖက်ထုပ်တော့ တတ်ရမှာပေါ့၊ မင်း ဒေါ်ကျည်းအန်နဲ့ ရင်းနှီးတယ်မဟုတ်လား''

''အင်း … ဒေါ်ကျည်းအန်နဲ့ ရင်းနှီးပါတယ်၊ အဲဒါ ဘာလုပ်ရမှာလဲ၊ အေးကြည်မကို အစွံမထုတ်နိုင်ရင် ဒေါ်





ကျည်းအန်ကို အစွံထုတ်ရမှာလား။ မလုပ်ပါနဲ့ဗျာ … အသက်ငါးဆယ်ကျော် တစ်ခုလပ်မကြီးကို''

''တောက် … မင်းတော်တော်ဒုံးဝေးတဲ့ကောင်ပဲ၊ အဲဒီတစ်ခုလပ်မကြီး ဒေါ်ကျည်းအန်ဆိုတာ အောင်သွယ်တဲ့ နေရာမှာ နှစ်ယောက်မရှိ၊ နိုးတူးပဲကွ၊ နတ်မောက်က မုဆိုးဖိုကြီးဦးစိန်လင်းနဲ့ တို့ရွာပိန်းကောက မုဆိုးမကြီး ဒေါ်ပိုးတီကို အောင်သွယ်ပေးလိုက်လို့ တို့ရွာပိန်းကော တစ်ရွာလုံး ဗိုက်ခွေးနမ်းတာကို မေ့သွားပြီလား''

ဟုတ်ပါပေစွ။ မှန်ပါပေစွ။

လူပျိုလူရွယ်တွေကို မဆိုထားနှင့်။ အရွယ်ဟိုင်းကြီးများ၊ တစ်ခုလပ်၊ မုဆိုးဖို၊ မုဆိုးမများကိုပင် အသီးသီး ဒွိယံ,ဒွိယံဖြစ်သွားကြလေအောင် ဒေါ်ကျည်းအန်ခမျာ စွမ်းဆောင်ပေးနိုင်ခဲ့သည်ပင်။

''ဟုတ်ပြီဗျာ … ကျွန်တော် သဘောပေါက်ပြီ၊ သဘောပေါက်သွားပြီ၊ နောက်ရက်ကျရင် ဒေါ်ကျည်းအန်ကိုမလှိုင်ပြပြီး ကျွန်တော်လှုပ်ရှားတော့မယ်ဗျို့ … အဟီး …''

''ဟေး … ဒါမှ ကောက်ချိတ်ကွ၊ ကောက်ချိတ်''

ကိုစိန်တင်အပါအဝင် ကာလသားအပေါင်း၏ ချီးမွမ်းသြဘာပြုသံက ကိုသာဘန်း၏ထန်းရည်ဆိုင်ကလေးအား လွှမ်းခြုံပေါ်ထွက်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

တဲ့... ကောက်နှိုတ်ရယ်...

အေးကြည်ဝေကို ကြည့်ချင်တာများ

တခုတ်တရ ငုံ့ဆီလာပြောရတယ်လို့

နှင့်အပေါင်းနိုင်မှာ

ငါးရွှေနေတဲ့ဥမှာ

အချိန်မရွေး

သွားကြည့်ရှင် ရှိနိုင်သားနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com

ကောက်ချိတ်တစ်ယောက် အိမ်ပြန်ရောက်ပြီးသကာလ ဟိုး . . . ခါတိုင်းနေ့တွေနှင့်မတူ၊ ငြိမ်ချက်သားကောင်းနေလေ၏။

ခါတိုင်းဆိုလျှင် အစ်မတွေနှင့် တဟေးဟေး,တဟားဟား။ ခုများကျတော့ ငြိမ်ချက်သားကောင်းနေသည်။ တစ်ကိုယ်တည်း အခန်းအောင်းလျက် ခက်ခဲနက်နဲသောပုစ္ဆာတစ်ခုကို အဖြေထုတ်နိုင်ရန် စဉ်းစားနေသည့်အလား ငြိမ်ချက်သားကောင်းနေခြင်းဖြစ်သည်။ ရှာထဲ လတ်လျားလတ်လျား လျှောက်သွားဖို့နေနေသာသာ၊ အိမ်ထဲမှပင် အိမ်ပြင်မထွက်။

ထမင်းစားချိန် မီးဖိုချောင်ထဲဝင်ကာ ထမင်းစားသည်။ အိမ်သာတက်ချင် အိမ်သာတက်သည်။ ပြီးလေသော် သူ့အခန်းထဲဝင်ကာ ခွေနေလေတော့သည်။





"ဟဲ့ . . . မတင်နွဲ့၊ မင်းသားကောက်ချိတ် ငြိမ်ချက်သားကောင်းလှပါကလား။ အခန်းထဲကတောင် ထွက်တာမတွေ့ရဘူး။ ဒီကောင် ဘာတွေများဖြစ်နေသလဲ"

"အဲဒီအတွက် ကျွန်မ တော့်သားကိုမေးပြီးပါပြီတော်၊ ကျွန်မမေးတော့ 'အမေတို့ ဘာမှမသိပါဘူး၊ ကျွန်တော့်ဘာသာကျွန်တော် အေးအေးဆေးဆေးနေချင်လို့နေတာ' လို့ ပြောတယ်၊ သူ့အပေါင်းအသင်းတွေ သူအပြင်ထွက်တာမတွေ့လို့ ဘာများဖြစ်နေသလဲဆိုပြီး သတင်းတောင်လာမေးကြပါသေးတယ်၊ အဲဒါ အတွေ့တောင်မခံဘဲ တံခါးကို ပိတ်ထားလိုက်သေး . . ."

"အင်း . . . . ဒါဆိုရင်တော့ စိုးရိမ်လောက်စရာအကြောင်း မရှိပါဘူးလေ၊ သူ့ဘာသာ အေးအေးဆေးဆေး နေချင်လို့ဖြစ်မှာပေါ့"

သို့ဖြင့် သုံးလေးရက်လောက်ကြာတော့ မိခင်မိတင်နွဲ့ထံ အဝတ်အစားဝယ်ဖို့ဆိုကာ ရင်းလိုချင်သော ငွေအတိုင်းအတာကို ယူသွားပြီး အိမ်မှထွက်သွားသည်။ သည်တော့ ဒေါ်တင်နွဲ့လည်း စိုးရိမ်မကင်းဖြစ်ပြီး လင်တော်မောင်ဦးညွန့်တင်ကို အကြောင်းကြားလျက် ငါးဒိုင်ကူလီခေါင်း ငပိန့်ကို တာဝန်ပေးကာ ကောက်ချိတ်နောက်သို့ လိုက်လံချောင်းမြောင်းစေခဲ့သည်။

ကောက်ချိတ်ကား . . . ဘာဆိုဘာမျှမသိ။

သူသိသည်က အောင်သွယ်တော်ဒေါ်ကျည်းဒန်နှင့် တွေ့ဆုံ၍ အေးကြည်မကို ကြည့်ရဖို့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျည်းအန်အဖို့ သူ့ထံရောက်လာကာ အေးကြည်မ အကြောင်း ပြောဆိုနေကတည်းက ကောက်ချိတ်အဖို့ အေးကြည်မ ကို နှစ်သက်သဘောကျနေပြီမှန်း သဘောပေါက်နားလည်ထား လိုက်သည်။ သဘောပေါက်နားလည်ဆို သည်လိုကိစ္စမျိုးတွင် အင် မတန်မှ ကျွမ်းကျင်နှံ့စပ်သူ ဖြစ်နေသောကြောင့်ပါတည်း။

အေးကြည်မကား ... သူမနှင့်ဆွေမျိုးစပ်လျှင် တူဝရီး တော်သည့်အပြင် ဩဇာကလည်းညောင်းလှသည်။ သည့်အတွက် ကြောင့် အခက်အခဲမရှိနိုင်ဟူ၍လည်း ယူဆထားလိုက်သည်။

"အေးပါ ... ကောက်ချိတ်၊ အေးကြည်မရဲ့သဘော ကို တီးခေါက်ပြီး အဆင်ပြေနိုင်ဖို့ ငါကြိုးစားပေးပါ့မယ်"

"လေးစားသွားပြီဗျာ ... ကျုပ် ဒေါ်ကျည်းအန်ကို လေးစားသွားပြီ၊ ကျုပ် သုံးလေးရက်လောက် ဘယ်သူမှ မသိရအောင် တိတ်တိတ်ကလေး စဉ်းစားနေတဲ့ကိစ္စကို ချက်ဆို နားခွက်ကမီးတောက်တဲ့ ဒေါ်ကျည်းအန်ရဲ့ပါရမီ ကိုတော့ မလေးစားဘဲကို မနေနိုင်တော့ဘူး"

ကောက်ချိတ်၏မြှောက်ပင့်မှုကြောင့် ဒေါ်ကျည်းအန်ပင် မြှောက်ကြွမြှောက်ကြွ ဖြစ်သွားချင်ချင်။

"ကျုပ်ဗျာ ... အေးကြည်မကိုကြည့်ချင်တယ်"

"ဟဲ့ ... ကောက်ချိတ်ရယ်၊ အေးကြည်မကိုကြည့် ချင်တာများ တခုတ်တရ ငါ့ဆီလာပြောရတယ်လို့၊ နင့် အဖေငါးဒိုင်မှာ ငါးရွေးနေတဲ့ဥစ္စာ၊ အလုပ်ချိန်အတွင်း အချိန်မရွေးသွားကြည့်ရင် ရနိုင်ရဲ့သားနဲ့"





"ကျုပ်က အဲသလိုကြည့်ချင်တာမဟုတ်ဘူးဗျ"

"ဟဲ့ ... အဲသလိုကြည့်ချင်တာမဟုတ်ရင် နင်က ဘယ်လိုမျိုးကြည့်ချင်တာလဲ၊ ဟင်း ... ယုန်ကဖြင့် ဘယ် ဆီနေမှန်းတောင် မသိရသေးဘူး။ သံပရာကို အရင်ရှာတဲ့ အကောင်၊ သမီးရည်းစားတောင်မဖြစ်သေးဘဲ နင်ကြည့် ချင်သလို ကြည့်လို့မရဘူးဟဲ့ ..."

"လုပ်ပါ ... ဒေါ်ကျည်းအန်ရာ၊ ကျုပ်က အေးကြည်မ ကို တစ်ကိုယ်လုံးကြည့်မှာမဟုတ်ပါဘူး။ သူ့ရဲ့ခြေသလုံး လေးကိုပဲ ကြည့်ချင်တာပါ"

"ဟာ ... နင့်နှယ် ..."

"ကူညီပါဗျာ၊ အဲသည်အတွက် ဒေါ်ကျည်းအန် အကျိုး မမဲ့စေရပါဘူး၊ ရော့ ... သုံးချင်ရာသုံး"

လက်ထဲသို့ ငွေတစ်ထောင်ရောက်လာ၍ ဒေါ်ကျည်းအန် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ ငွေတစ်ထောင်ဆိုသည်မှာ ရွှေပိန်းကောလိုရွာမျိုးတွင် နည်းနည်းပါးပါးတန်ဖိုးမှ မဟုတ်ပါဘဲ။ အေးကြည်မတို့တောင်မှ တစ်နေကုန်တစ်နေ့ခန်း ငါးရွေးမှ ငါးရာ လောက်ရသည်။ ခု ... အလွယ်တကူကိစ္စလေးကို တစ်ဖက်တစ် လမ်းမှ အကျိုးဆောင်ပေးရုံနှင့် ရလဒ်က မက်လောက်ဖွယ်။

"အဲဒါ ... ဒေါ်ကျည်းအန်ကို ပေးတာ၊ ဟောဒီမှာ တစ်ထောင်၊ ဒါက အေးကြည်မသဘောတူရင် အေးကြည်မ အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . အဲသလိုလား။ ဒါဆိုရင်တော့ ဖြစ်လောက်ပါတယ်၊ ငို့တူမ နားမဝင်ဝင်အောင် နားချရမှာပေါ့လေ ဟယ်"

ငွေမျက်နှာကား ကြီးပါပေ့။

ဝိတ်ထားသောတံခါးပေါက်များကို ငွေတည်းဟူသောသော့ဖြင့်ဖွင့်ပါက အလွယ်တကူ ပွင့်သွားစေသည်မဟုတ်ပါလား။

"ဒါဆို . . . . ကျုပ်သွားမယ်၊ ဘယ်အချိန်လောက် လာခဲ့ရမလဲ"

"ဒီနေ့တော့ အသာနေလိုက်ဦး . . . မနက်ဖြန်ညနေ လောက်ကျရင် ငါ့အိမ်ကိုလာခဲ့၊ အေးကြည်မကို စည်းရုံးနားသွင်းပြီး ခေါ်ထားလိုက်မယ်"

ဒေါ်ကျည်းအန်ဆီမှ ကျေနပ်လောက်ဖွယ်ရာစကားကို ကြားခဲ့ရပြီမို့ ကျေနပ်ခြင်းကြီးစွာဖြင့် ပြန်လာခဲ့သည်။ ကောက်ချိတ်၏ လှုလုံးလှူယောင်ပျောက်မှပင် အိမ်ထရံနားကပ်၍ ခိုးနားထောင်လေသော ကုလီခေါင်းငပိန်လည်း အင်းသူကြီးဦးညွန့်တင်ထံ ပြန်လည်အစီရင်ခံ တင်ပြရန်အတွက် ခြံနောက်ဘက်မှ ခြေသံလုံလုံဖြင့် ကိုယ်ယောင်ဖျောက်သွားလေတော့သတည်း။



"ဟင်းနော် ... ခက်တော့တာပဲ
အေးလေ .....
ငါရအောင်ပြောကြည့်ပေးပုံမယ်။
မနက်ဖြန်ညနေ
ဒီအချိန်လောက်ပဲလာခဲ့
ဒီကိစ္စကို
ဘယ်သူ့မှမပေါက်ကြားစေနဲ့ ...."



www.burmeseclassic.com

www.burmeseclassic.com

အင်းသူကြီးဦးညွန့်တင်သည် တပည့်ကျော်ငပိန်၏ တင်ပြအစီရင်ခံမှုတို့အား နားထောင်ရင်း မေးစေ့ရှိ မုတ်ဆိတ်ငုတ်တိုများကို မွေးညှပ်ဖြင့်နှုတ်ကာ စဉ်းစားသုံးသပ်နေလေသည်။

"အေးကွ ... စဉ်းစားစရာကောင်းတဲ့အချက်ပဲ၊ ငါ့သား မအူမလည်ကောင်တော့ ဘာတွေများလျှောက်လုပ်နေသလဲမသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒီတော့ မနက်ဖြန်ညနေကျရင် မင်း မကျည်းဒန်တို့အိမ်ကို သွားချောင်းဖို့ ဟုတ်ပလား ..."

"စိတ်ချ ... အာစရိ"

"အေးကြည်မဆိုတာ ... ငါတို့ငါးဒိုင်က ငါးရွေးတဲ့ကလေးမ မဟုတ်လား"

"ဟုတ်တယ် ... အာစရိ"





"အင်း ... ရုပ်ရည်ကလေးလည်း မဆိုးပါဘူး၊ ဆင်းရဲတာတစ်ခုကလွဲလို့ လုပ်ရည်ကိုင်ရည်ကလေးကလည်း သွက်သွက်လက်လက် ချက်ချက်ချာချာအရှိသား။ အေးလေ ... အိမ်ကကောင် ဘယ်လိုခြေလှမ်းမယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့၊ သေသေချာချာချောင်းပြီး ပြည့်ပြည့်စုံစုံ ပြန်ပြောပြဖို့ မင်းတာဝန်နော် ... ငပိန်"

"စိတ်ချပါ .. အာစရိရယ်၊ တာဝန်ကျေရပါစေ့မယ်"

နောက်တစ်နေ့ညနေရောက်တော့ မောင်ပိန်လည်း ဒေါ်ကျည်းဒန်ခြံထဲသို့ရောက်ရှိကာ ထင်းရုံအကွယ်၌ ပုန်းနေတော့သည်။ ကိုယ်တော်ချောမောင်ကောက်ချိတ်ကတော့ ရောက်မလာသေး။

ဒေါ်ကျည်းဒန်တို့အိမ်ထဲမှာတော့ ဒေါ်ကျည်းဒန်နှင့် အေးကြည်မတို့သည် စကားတွတ်ထိုးလျက်ရှိကြ၏။

"အဒေါ်ရယ် ...အဒေါ့်လူဟာ စိတ်မှမှန်ရဲ့လား၊ မအူမလည်နဲ့ ..."

"မအူမလည်မို့ ဒီလောက်ငွေကြေးတွေ ပေးတာပေါ့ဟယ်၊ ခြေသလုံးလေး လှစ်ပြတာလောက်နဲ့ တစ်ထောင်ကြီးတောင် ရတဲ့ဥစ္စာ၊ အဲဒါ ညည်းအတွက် နှစ်ရက်စာလုပ်ခပဲ ... နည်းနည်းနောနောမဟုတ်ဘူး"

"ဟုတ်တော့လည်းဟုတ်ပါတယ်လေ ... သရက်ထည်ပွင့်ရိုက်ဖိုးလေးပေးဖို့ရာ ဟန်ကျသွားတာပေါ့၊ သူက ခြေသလုံးကို ကြည့်ရုံတင်ကြည့်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရုံတင်ပါအေ ... ငါလည်း ညည်းဘေးမှာ ရှိနေတဲ့ဥစ္စာ၊ ကိုယ်ထိလက်ရောက်လုပ်ရင်တော့ ငါ့လက်ဝါး အကြောင်းလည်း ညည်းအသိသားပဲမဟုတ်လား အေးကြည်မ၊ တကယ်လို့များ ... သူက နှစ်သက်လို့ မိသားဖသားပီပီ တောင်းရမ်းယူရင်လည်း လက်သာခံလိုက်၊ ကိုယ့်ဘ၀ အခြေမြင့်တာပေါ့ တူမရယ် ..."

ထိုအချိန်တွင် ခြံပေါက်ဝဆီမှ ကောက်ချိတ်သည် တစ်လှမ်းချင်းဆိုသလို လှမ်းဝင်လာလေ၏။ သည်မြင်ကွင်းကိုမြင်ရတော့ ငပိန်လည်း လှစ်ခနဲဆိုသလို ထင်းရုံနံဘေးမှ အိမ်နံရံသို့ ခြေသံလုံအောင်ဝှက်လျက် ဖြည်းဖြည်းချင်း တိုးကပ်လိုက်လေသည်။

"ဒေါ်ကျည်းဒန် ... ကျွန်တော်လာပြီ"

"အေး ... အတော်ပဲ၊ ငါတို့လည်း နင့်ကိုစောင့်နေတာ"

အေးကြည်မခမျာ တစ်ခါဖူးမျှ အတွေ့အကြုံမရှိရလေရကား ဦးခေါင်းကိုအသာငုံ့လျက် လက်သည်းချင်းပွတ်နေလေသည်။

"ကိုင်း ... ဒေါ်ကျည်းဒန်၊ ကျွန်တော်ပြောထားတဲ့ကိစ္စ၊ အဆင်ပြေရဲ့လား ..."

"ပြေပါတယ်ကွယ် ... ပြေပါတယ်၊ ကိုင်း ... တူမ၊ ညည်းထဘီစကို ခြေသလုံးပေါ်အောင် မ,ပြလိုက်စမ်း"

"အွန် ... ရှက် ..."

"ဟဲ့ ... ခဏကလေးပါ၊ ပြလိုက်၊ ပြလိုက်"





အေးကြည်မလည်း ပေါက်သည့်နဖူး မထူးတော့ပြီမို့ မျက်စိစုံမှိတ်ကာ ထဘီအနားကို အသာမ,လျက် ခြေသလုံးသားကို ဖော်ပြလိုက်လေသည်။

"အင်း ... ဟုတ်ပြီ"

သကောင့်သားကောက်ချိတ်လည်း အေးကြည်မ၏ခြေချောင်းကလေးများမှသည် ခြေခုံ၊ ခြေမျက်စိ၊ ခြေနောက်စိ၊ ထိုမှ ခြေသလုံးသား ဖွေးဖွေးဖြူဖြူတုတ်တုတ်ခဲခဲတွေကိုကြည့်ရင်း တံတွေးကို ဂလုခနဲမြည်အောင် မျိုချလိုက်လေသည်။ ထို့နောက် ခါးကြားမှ ဓာတ်မီးကိုထုတ်ကာ ခြေခုံ၊ ခြေမျက်စိ၊ ခြေနောက်စိနှင့် ခြေသလုံးသားများကို ထိုးကြည့်ပြန်လေသည်။ ကာယကံရှင်တွေကတော့ မည်သို့နေမည်မသိ။ ထရံပေါက်မှချောင်းလျက် နားကိုအစွမ်းကုန်စွင့်ထားသော ငပိန့်ရင်အစုံမှာမူ တဒိန်းဒိန်းလှုပ်ခုန်နေတော့၏။ ခြေဖျားလက်ဖျားတွေအေးစက်ကာ ဒူးတွေပင် ချောင်ချင်သလိုလို။

"အင်း ... ဘာမှလည်းမရှိဘူး၊ ရပြီ၊ ရပြီ"

ကောက်ချိတ်နှုတ်မှ ပေါ်ထွက်လာသောစကားကြောင့် ဒေါ်ကျည်းဒန်နှင့် အေးကြည်မတို့နှစ်ဦးသားမှာ ဘာကိုဘယ်လိုနားလည်ရမှန်းမသိဘဲ တစ်ဦးကိုတစ်ဦးကြည့်ကာ ခေါင်းကိုခါယမ်းလိုက်ကြ၏။

"ကိုင်း ... အဒေါ်၊ ကျွန်မပြန်တော့မယ်"

"အေး ... အေး၊ ပြန် ပြန်"

အေးကြည်မလည်း ရှက်ရွံ့စွာဖြင့် အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားလေသည်။ ထိုစဉ်မှာပင် ကောက်ချိတ်ထံမှ စကားသံထွက်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ...ဘာမှမရှိတာ မကျေနပ်ဘူးဗျာ"

"ဟဲ့ ...ဘာမှမရှိလို့ မရှိတဲ့ဥစ္စာပဲ၊ နင်ကြည့်ချင်တာကြည့်ရတာ ကျေနပ်တော့ပေါ့"

"ဟုတ်ပါတယ် ..ဒေါ်ကျည်းဒန်ရာ၊ ကျွန်တော်မကျေနပ်တာ အေးကြည်မကို မဟုတ်ပါဘူး။ ကိုယ့်အဖြစ်ကို မကျေနပ်တာပါ၊ ဒါထက် ...ဒေါ်ကျည်းဒန်"

"ဟဲ့ ...ဘာများတုံး။ နင့်ကိစ္စ ပြီးပြီမဟုတ်လား။ ပြန်တော့လေ ..."

"ပြန်တာပေါ့ဗျာ ..ဒါထက် မနက်ဖြန်ကျရင် ဒူးဆစ်ကိုကြည့်ချင်တယ်၊ အဲဒါ ...ဒေါ်ကျည်းဒန် ကူညီပေးပါဦး"

"ဟဲ့ ...ဟိုက နင့်ကို ပြချင်တိုင်းပြရအောင်၊ နင့်မယားမဟုတ်ဘူး။ အပျိုကလေးဟဲ့ ...အပျိုကလေး။ ပထမ ခြေသလုံး။ ခု ...ဒူးဆစ်ထိတက်လာပြီ၊ နင့်ဟာက မလွန်လွန်းဘူးလား ..."

"လုပ်ပါဗျာ ...နည်းနည်းကလေးတက်တဲ့ဥစ္စာပဲဟာ၊ ကဲ ...သည့်အတွက် ဒေါ်ကျည်းဒန် အကျိုးမယုတ်စေရပါဘူး။ အဆင်ပြေအောင် ဆောင်ရွက်ပေးပါ၊ အဲဒီအတွက် ဒေါ်ကျည်းဒန် နှစ်ထောင်ယူ၊ အေးကြည်မကိုလည်း နှစ်ထောင်ပေးလိုက်ပါ ...ရော့ ..."

"ဟင်းနော် ...ခက်တော့တာပဲ၊ အေးလေ ...ငါရအောင်ပြောကြည့်ပေးပါ့မယ်၊ မနက်ဖြန်ညနေ ဒီအချိန်လောက်ပဲ လာခဲ့၊ ဒီကိစ္စကို ဘယ်သူ့မှမပေါက်ကြားစေနဲ့"





"ဒီအတွက်တော့ စိတ်ချပါဗျာ ...ကျုပ်မိဘတွေအစ်မတွေသိရင် ကျုပ်လည်း စားသာမှာမဟုတ်ဘူး။ ကျုပ်က သာလို့တောင် လူသိမခံချင်သေးတာယ်၊ ကိုင်း ...ကျွန်တော်ပြန်မယ်"

"အေး ...အေး ..."

ကောက်ချိတ် အိမ်ပေါ်မှဆင်းသွားလေတော့ တစ်ထောင်တန်လေးရွက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ဒေါ်ကျည်းဒန်ခေါင်းဆတ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ....

အဲဒီ .... ပြောလို့မဖြစ်ပါဘူး

ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ပါ။

အဲဒီအတွက်

အကျိုးမယုတ်စေရပါဘူး

ဟောဒီမှာ ....

ဒေါ်ကျည်းအုန်အတွက် ငါးထောင်

အေးကြည်မအတွက် ငါးထောင်ရှာ ...."



www.burmeseclassic.com

www.burmeseclassic.com

အင်းသူကြီးဦးညွန့်တင်ခမျာ ငပိန်တင်ပြလာသည့် အစီရင်ခံချက်ကြောင့် ဘာမှုနားမလည်လောက်အောင် ခေါင်းတယမ်းယမ်း ဖြစ်နေရလေသည်။

"ငါ့အထင် ... ဒီကောင် ရူးများသွားပြီလားမသိဘူး"

"ဟာ ... ရူးတာတော့မဖြစ်နိုင်ဘူး အာစရိ၊ တပည့်အထင်တော့ အာစရိရဲ့သားဟာ အရိုးအကြောဆိုင်ရာ ဆေးဆရာလုပ်ဖို့ ခန္ဓာကိုယ်တည်ဆောက်မှုအပိုင်းကို လေ့လာနေတာဖြစ်လိမ့်မယ်"

"အဲသလိုဆိုရင်တော့ တစ်မျိုးပေါ့ကွာ၊ ငါတို့မှာလည်း သားဆိုလို့ ရှားရှားပါးပါး ဒီတစ်ယောက်ပဲရထားတာ၊ သူ တစ်ခုခုဖြစ်လို့ကတော့ ငါတို့မိသားစု ရင်ကျိုးမှာပဲ"

"ဟာ ... မဟုတ်တာဗျာ၊ အာစရိကလဲ ..."





"အေး ... ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီကောင်လုပ်နေတဲ့ လုပ်ရပ်က ဘယ်လိုမှ ယတိပြတ်အဖြေမထုတ်နိုင်လောက်အောင် ရှုပ်နေတာ အမှန်ပဲ၊ ကိုင်း ... ဒီတော့ မနက်ဖြန် ညနေကျရင် ဘယ်လိုအခြေအနေရှိတယ်ဆိုတာ သွားပြီး စုံစမ်းလိုက်ဦး၊ ကိစ္စတွေပြီးစီးရင် မင်းကို ဘောက်ဆူး ကောင်းကောင်းချမယ်၊ ဟုတ်ပလား ..."

"စိတ်ချပါ ... အာစရိရယ်၊ မပိုင်ရင် ဘယ်ပစ္စည်းမှ အလစ်မသုတ်၊ အဲ ... ဟုတ်ပေါင်၊ မပိုင်ရင် ဘာမှမလုပ်ပါဘူး၊ လုပ်သမျှ ထောင့်ကိုစေ့နေရမယ်"

သို့ဖြင့် ထူးဆန်းစွာကြုံတွေ့ရမည့် နောက်တစ်ရက် စောင့်စားနေမိလေတော့သည်။

မကြာပါချေ။

နောက်တစ်ရက်သို့ ကူးပြောင်းလာခဲ့ပါတော့၏။

"အဒေါ်ရယ် ... အဒေါ့်လူ ကိုကောက်ချိတ်ဟာ ဦးနှောက်မှကောင်းပါသေးရဲ့လားမသိဘူး"

"ဦးနှောက်ကောင်းကောင်း၊ မကောင်းကောင်းအေ၊ တို့များ အသားပဲ့ပါသွားတာမှတ်လို့၊ သူ ခုလိုမအူမလည် လုပ်လေ တို့များတူအရီး လက်ဖျားငွေသီးလေပဲပေါ့ ... ပထမရက်က တစ်ထောင်စီ၊ အခုရက် နှစ်ထောင်စီ၊ နည်းနည်းနောနောငွေလားအေ့ ..."

ငွေကြေး၏မျက်နှာကြောင့် ဒေါ်ကျည်းအိန်ခမျာ ကောက်ချိတ်ဘက်မှ မျက်နှာလိုက်ရင်း အေးကြည်မကို သူ့ဘက်ပါဖို့ မ[illegible]ရ [illegible]နေလေတော့သည်။

www.burmeseclassic.com



"*ဟုတ်ပါတယ်လေ ... အသားပုံပါသွားအောင်မဟုတ်*

ဘဲ ... နှစ်ထောင်ဆိုတဲ့ပိုက်ဆံ အချိန်ခဏလေးပေးရုံနဲ့

သပိတ်ဝင်အိတ်ဝင်ရတဲ့ဥစ္စာ"

"အေး ... အဲသလိုမျိုး အကွက်မြင်ပြီး လိမ္မာရေးခြား

ရှိမှပေါ့အေ၊ ဒီကိစ္စကို ဘယ်သူမှသိတာမဟုတ်ပါဘူး"

သို့ဖြင့် တူအရီးနှစ်ယောက် စိတ်တူသဘောတူ ညနေရီ

နေညိုချမ်းအရောက်ဝယ် ဒေါ်ကျည်းအန်၏အိမ်ပေါ်၌ မအူမလည်

ကောက်ချိတ်အလာကို စောင့်စားနေမိကြလေသည်။ ထို့အတူပင်

အင်းသူကြီးဦးညွှန့်တင်၏လှူယုံတော် ငပိန်လည်း တစ်မြန်နေ့က

အတိုင်း ထင်းရှုံနံ့ဘေး၌ ချောင်းမြောင်းနေတော့သည်။

ဟော ... သိပ်မကြာလိုက်။

သကောင့်သားကောက်ချိတ်တစ်ယောက် ဘေးဘီဝဲယာ

ကို ကျီးကန်းတောင်းမှောက်ကြည့်ရင်း ဒေါ်ကျည်းအန်တို့ခြံထဲ ဝင်

ရောက်လာခဲ့ကာ အိမ်ပေါ်တက်ခဲ့လေသည်။

"ဟော ... ရောက်တောင်လာမှကိုး။ တို့များကတော့

အဆင်သင့်ပဲဟေ့ ..."

ထိုသို့ ဒေါ်ကျည်းအန်ထံမှ အသံပေါ်ထွက်လာပြီး မရှေး

မနှောင်းမှာပင် ငပိန်လည်း လေ၏လျှင်မြန်ခြင်းနှင့်အတူ အိမ်ထရံ

အပါး ခြေသံဝှက်လျက် တိုးကပ်လိုက်လေသည်။

"ကိုင်း ... ကြည့် ... ကြည့် ..."

"ဟုတ်ပြီ ... ဟုတ်ပြီ"





အေးကြည်မက ထဘီကို အသာမ,ကာ ဒူးဆစ်အထက်

နားတွင် စုစည်းချုည်နှောင်လိုက်လေသည်။

အေးကြည်မ၏ဒူးဆစ်သည် ပြည့်ပြည့်ဝန်းဝန်း၊ လုံးလုံး

ဝိုင်းဝိုင်းကလေး။

"အင်း ... အင်း ..."

ဒူးဆစ်နှင့်တကွ တံကောက်ခွက်ကို စေ့စေ့စပ်စပ်ကြည့်

ရင်း ကောက်ချိတ်ခမျာ တအင်းအင်းဖြစ်နေလေသည်။ ပြီးတော့မှ

"အင်း ... ဘာမှလည်းမရှိဘူး"

ဟုပြောကာ တစ်ဖက်သို့ မျက်နှာလွှဲလိုက်လေ၏။

အေးကြည်မလည်း ကိစ္စဝိစ္စပြီးပြီမို့ အိမ်ပေါ်မှဆင်းသွား

လေသည်။

"ကောက်ချိတ်ရယ် ... ငါတော့ နင့်ကို နားမလည်

နိုင်တော့ဘူး။ နင် ဘာတွေဖြစ်နေတာလဲ၊ ဘာတွေလုပ်

နေတာလဲ"

"ဒါ ... ကျုပ်ကိစ္စပါ ဒေါ်ကျည်းအန်၊ မနက်ဖြန်ခါ

အေးကြည်မရဲ့ပေါင်သားလေးတွေ ကြည့်ချင်တယ်"

"အယ် ... နင့်ဟာက ..."

"ကြည့်ရုံတင်ကြည့်မှာပျာ ... ပြစ်မှားဖို့ စိတ်ကူးထဲ

တောင် မရှိပါဘူး။ ကြည့်ရပြီဆိုရင် ကျေနပ်ပါပြီပျာ"

"နင့်ဟာ ... မဟုတ်သေးဘူးထင်တယ် ကောက်ချိတ်၊

တဖြည်းဖြည်းလွန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ နောက်ဆုံးပါပဲဗျာ .. ပေါင်သားလေးတွေ ကြည့်ပြီးရင် ကိစ္စပြတ်ပါပြီ"

"မဖြစ်ဘူးထင်တယ်နော် ... ကောက်ချိတ်"

"ဘာလို့မဖြစ်ရမှာလဲ ... ထဘီကို ခါးတောင်းကျိုက်လိုက်ရင် ကိစ္စပြတ်ပြီပဲဟာ"

"ငါ့နှယ်နော် ... သေသာသေလိုက်ချင်တော့တာပဲ၊ နင့်ကို မအူမလည်လို့ပြောလည်း ခံချင်မှာမဟုတ်ဘူး။ မတော် ... အေးကြည်မနဲ့ သမီးရည်းစားဖြစ်အောင် အောင်သွယ်ပေးပါဆိုရင် ဖြစ်သေးတယ်၊ ခုဟာက သမီးရည်းစားတောင်မဖြစ်သေးဘူး။ ဆောက်နဲ့ထွင်းနေပြီ"

"ဟာ ... ကျုပ်က ဘာနဲ့မှမထွင်းရသေးဘူးဗျ ... ခုဟာက ဖက်တီးဝင်းမောင်တို့၊ ကျွဲသိုးမောင်ယုတို့ကို မခံချင်လို့"

"ဘာလို့မခံချင်ရတာတဲ့လဲ ..."

"ဟာ ... အဲဒါ ပြောလို့မဖြစ်ပါဘူး။ ကျုပ်တို့ကိစ္စနဲ့ ကျုပ်တို့ပါ။ အဲဒီအတွက် အကျိုးမယုတ်စေရပါဘူး။ ဟော ဒီမှာ ... ဒေါ်ကျည်းဒန်အတွက် ငါးထောင်၊ အေးကြည်မ အတွက် ငါးထောင်ဗျာ ..."

"ဟင် ..."

နည်းနည်းနောနောပမာဏမဟုတ်သည့် ငွေကြေးကြောင့် ဒေါ်ကျည်းဒန် ပါးစပ်အဟောင်းသားဖြစ်သွားရသလို ရင်တွေလည်း တဒိတ်ဒိတ်ခုန်လာရလေသည်။





လူတိုင်းသည်းခြေနိုက်သည့် ငွေ။

သည်ငွေသည် ဘာမျှတပင်တပန်း အားမထုတ်ရပါဘဲနှင့် အလိုလိုပင် သူ့ရှေ့သို့ ဝဲပျံလာခဲ့ချေပြီ။ မယူလိုက်က မိုက်တယ်ထင်ကြမည်။ ယူလိုက်ပြန်က ကြိုက်တယ်ထင်ကြမည်။ အမိုက်တော့ မခံချင်၊ အကြိုက်ပဲထင်လိုက်မည်ဖြစ်သည်မို့ လက်က အလိုလိုပင် ငွေတွေကို လက်ခံမိလျက်သား ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါတော့ အင်းသူကြီးဦးညွန့်တင် ခေါင်းနားပန်းကြီးသွားရသည်။

"ဒီကောင် ... ဘာ့အတွက်နဲ့ ဒီလောက်ငွေကုန်ကြေးကျခံနေရသလဲဆိုတာ ငါတော့နားမလည်နိုင်တော့ဘူး ငပိန်"

"ဟုတ်တယ် ... အာစရိ ကျွန်တော်လည်း ကောက်ချိတ်အပေါ်ကို နားမလည်နိုင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ဆိုရင် သူ့ကိစ္စပြတ်လောက်ပြီ အာစရိ"

"အေး ... ဒီကောင် ဘာအတွက် ဒီလိုလုပ်နေတယ်ဆိုတာ ကွဲကွဲပြားပြား သိရစေဖို့အတွက် မနက်ဖြန်ညနေကျရင် မင်းနဲ့ ငါလိုက်ခဲ့မယ် ... ငပိန်"





"လိုက်တာကတော့ ဖြစ်ပါတယ် ... အာစရိရယ်၊ ဒါပေမယ့် ခြံနောက်ဘက်ခွေးတိုးပေါက်က လေးဘက်ထောက်ဝင်ရမှာနော်"

"ဘယ်အပေါက်ကပဲ ဝင်ရ,ဝင်ရ ဝင်လို့ရဖို့ပဲ အရေးကြီးတယ်၊ အင်း ... ငါ့မှာလည်း သားလေးတစ်ယောက်ရပါတယ်၊ ဒင်းကြောင့်ပဲ ဘဝပြောင်းရတော့မလို ဖြစ်နေပါလား ..."

စိတ်မသက်မသာဖြင့် ဦးညွန့်တင် ညည်းညူနေပုံကိုကြည့်ရင်း တပည့်ကျော်မောင်ပိန်ခမျာ ခေါင်းတဆတ်ဆတ်ညိတ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း ....

တစ်တက်စားလည်း ကြက်သွန်

နှစ်တက်စားလည်း ကြက်သွန်

ဆိုသလို ဖြစ်နေပြီ။

ခုမှတော့ မထူးတော့ပါဘူး

ရှေ့မျက်နှာ နောက်ထားပြီး

ဒါးတောင်းတကျိုက်ပြုရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ညနေရီနေညို့ချမ်းသို့ ရောက်ခဲ့ပါချေပြီ။

အင်းသူကြီးဦးညွန့်တင်လည်း တပည့်ကျော်ငပိန်၏ လမ်းပြခေါ်ဆောင်မှုကြောင့် ဒေါ်ကျည်းဒန်တို့ခြံနောက်ဘက် ခွေးတိုးပေါက်မှနေ၍ လေးဘက်ထောက်ကာ ခြံထဲသို့ဝင်ရောက်ခဲ့ပါပြီ။

"ဟာ ... ဘာစော်ကြီးပါလိမ့် ..."

"ဟင် ... အာစရိလက်မှာ ခွေးချေးတွေ၊ တောက် .. အတော်ပက်စက်တဲ့ လူလိုနားမလည်တဲ့ခွေးတွေဗျာ ... အာစရိ လေးဘက်ထောက်ဝင်တဲ့လမ်းကိုမှ ညစ်ပြီးပါခဲ့ရတယ်လို့"

"တောက် ... တော်စမ်းကွာ၊ ခွေးပါလို့ဆိုနေမှ မင့်အဘ ... လူလိုနားလည်မတဲ့လား"





"ကိုင်း ... အာစရိ ရေကတော့ မလွယ်ဘူး၊ ဟောဒီမှာ ... သစ်ရွက်ခြောက်တွေရှိတယ်၊ အဲဒါနဲ့သုတ်လိုက်၊ ရေအစား ဆေးချင်ရင် ကိုယ့်ဘာသာရှူးရှူးပေါက်ပြီး ဆေးလိုက်ပေတော့ ..."

မတတ်နိုင်တော့။ ငပိန်ပေးသည့်အကြံအတိုင်းပင် ကိုယ့်ရှူးကိုယ်မပတ်ဘဲ ကိုယ့်ရှူးရှူးနှင့်ကိုယ် ဆေးလိုက်ရသည်။

"အာစရိရှူးရှူးနဲ့မလောက်ရင် ကျွန်တော့်ရှူးရှူးကိုယူဦးမလား"

"ဟာ ... ဒီကောင်တော့ နားရင်းအုပ်ခံရတော့မှာပဲ"

"ကန်တော့နော် ... ကန်တော့၊ စေတနာတွေလွန်ကဲသွားလို့ပါ"

သည့်နောက် နှစ်ယောက်သား ထင်းရုံနံဘေးမှာ ခေါင်းပုနေလိုက်ကြသည်။ အိမ်ထဲမှာတော့ ဒေါ်ကျည်းဒန်နှင့် အေးကြည်မတို့မှာ စကားတွတ်ထိုးလျက်။

"ငွေငါးထောင်ဆိုလို့သာ လက်ခံလိုက်ရတာ ကျွန်မဖြင့် ရှက်လို့ကိုမဆုံးဘူး"

"အမလေးဟယ် ... ခါးတောင်းကျိုက်ထားရင် ကိစ္စပြတ်ပါပြီ၊ ဒီတစ်နေ့ပါပဲ၊ နောက်ဆို ဘာမှပြစရာမလိုတော့ပါဘူး ... တူမရယ်၊ ညည်းတို့ကျုပ်တို့ အရိုးခံတွေတသာ ရှက်နေ ... ငါ မြို့ရောက်တုန်းက ကြည့်ဖူးတဲ့ ဘိုင်စကုပ်တွေထဲက မင်းသမီးတချို့ဆိုရင် ရေကူးဝတ်စုံနဲ့ပေါင်တံတွေဆိုတာ အဖွေးသား။ ဝတ်ထားတဲ့အဝတ်တွေ တလည်း အသားကိုကပ်နေတာပဲ၊ တကယ့်ကို မိမွေးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖမွေးတိုင်းနဲ့မခြားဘဲ၊ ခုဟာက ... အဲသလိုမဆိုးပါဘူး၊ အဒေါ်လည်း အနားမှာရှိနေတဲ့ဟာပဲ''

''အင်း ... တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဆိုသလိုဖြစ်နေပြီ၊ ခုမှတော့ မထူးတော့ပါဘူး၊ ရှေ့မျက်နှာနောက်ထားပြီး ခါးတောင်းကျိုက်ပြရတော့မှာပဲ''

ထိုအချိန်ဝယ် သကောင့်သား ကိုရွှေကောက်ချိတ်မှာ ပတ်ဝန်းကျင်ကို ပြူးပြူးပျာပျာကြည့်ရင်း ခြံထဲသို့လှမ်းဝင်လာလေသည်။

''ဟို ... ဟိုမှာ ... အာစရိသားတော်မောင် ခြံထဲဝင်လာပြီ''

''တွေ့တယ် ... ငပိန်၊ တွေ့တယ် ...''

''သူ အိမ်ပေါ်ရောက်မှ ကျုပ်တော်တို့ အိမ်နားကပ်ကြမယ်''

အထာကျွမ်းနေပြီဖြစ်သောငပိန်က အစီအစဉ်ကို သူကိုယ်တိုင် ဦးဆောင်ခဲ့လေသည်။

''ကိုင်း ... ကြည့်လို့ရရင် ကြည့်ချင်တယ်''

ကောက်ချိတ်၏အသံ။

ဦးညွန့်တင်နှင့် ငပိန်တို့သည် ထရံပေါက်မှ ချောင်းကြည့်ကာ အိမ်တွင်းမှပေါ်ထွက်လာမည့်အသံတို့ကို အစွမ်းကုန်နားစွင့်ထားကြလေသည်။

''ကဲ ....အေးကြည်မ၊ ခါးတောင်းကျိုက်လိုက်တော့''





''ဟုတ်ကဲ့ ... ဒေါ်လေး''

ဒေါ်ကျည်းဒန်ခိုင်းသည့်အတိုင်းပင် အေးကြည်မလည်း ...ပေါင်ကားလိုက်ပြီး အောက်ထဘီအနားသားများကိုစုလျက် အသာ...ယိုက်ကာ ခါးတောင်းကျိုက်လိုက်လေသည်။ ဤ၌ အေးကြည်မ၏ ...င်းဝါစိုပြည်လှစွာသော ပေါင်သားတို့မှာ ဖွေးခနဲပေါ်ထွက်လာလေ...ရာ သားတော်မောင်ကောက်ချိတ်အနေဖြင့် မည်သို့ဖြစ်လေသည် ...သေး၊ ဖခင်အင်းသူကြီးဦးညွန့်တင်၏ လည်ချောင်းထဲသို့ တံတွေး...များက ဂလုခနဲ ဝင်ရောက်သွားလေ၏။

ကောက်ချိတ်သည် လက်စွဲတော်ဓာတ်မီးဖြင့် ပေါင်သား...များကို ကြည့်လေသည်။

''ဟာ ...''

ကောက်ချိတ်၏ အာမေဍိတ်သံ။

ပြီးတော့ ... လက်ဖျားတခါခါ။

''ရပြီ ... ရပြီ၊ တောက် ... ခွေးမသားဖက်တီးတို့ ကျွဲသိုးတို့ကို ကြွားလို့ရပြီကွ၊ ရပြီ ... ဟွန်း ... နည်းနည်းနောနောအမာရွတ်ကြီးမဟုတ်ဘူး''

မှန်လေစွ။

သည်အမာရွတ်ကြီးကား အေးကြည်မငယ်စဉ်က ဆော့...တစားရင်း ချော်အလဲ သစ်ငုတ်စတစ်ခု၏ထိုးခွဲမှုကြောင့် ရရှိသော...ဒဏ်ရာပါတည်း။ ဒဏ်ရာပျောက်ကင်းအောင် ဆေးကုခံရင်းမှ ...အသားအမြွန်တက်အောင်ဆိုကာ ကြက်သားစားခဲ့သဖြင့် အမာရွတ်...တ အသီးထနေရာ အတော်ပင် ထင်ရှားကြီးမားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယော့ . . . ဒီနေ့ညနေ ထန်းရည်ဆိုင်သွားပြီး ဒီကောင်တွေ ခေါင်းမထူနိုင်အောင်ကို ကြွားရမယ်၊ ကြွားရမယ်"

ကောက်ချိတ်တစ်ကိုယ်တည်း ကြုံးဝါးနေစဉ်မှာပင် အေးကြည်မလည်း ခါးတောင်းကျိုက်ကိုဖြေချကာ ဒေါ်ကျည်းဒန်အိမ်မှ ပြန်သွားခဲ့လေပြီ။

သည်ခဏ ဒေါသတွေ အလိပ်လိုက်,အလိပ်လိုက် တက်လာသော ဦးညွန့်တင်ခမျာ ဘယ်လိုမှ ဒေါသကိုမချုပ်တည်းနိုင်တော့ဘဲ အိမ်ပေါ်သို့ ပြေးတက်ခဲ့တော့၏။

"အာစရိ . . . အာစရိ . . . လွန်မယ်"

ငပိန်က လိုက်ဆွဲပါသေး၏။ ဆွဲ၍မမီ။

"တောက် . . . ခွေးမသား . . . မအူမလည်ကောင်၊ အသားလွတ်ငွေဖြုန်းတဲ့ကောင်၊ နကန်းမှန်းတစ်လုံးမှ မသိတဲ့ကောင်၊ ဒင်းကိုသားတော်ရတာ နာသကွာ . . .

ယောကျ်ားရေး . . . ဒင်းမို့ဖျက်တယ်၊ ဟာကောင် ကောက်ချိတ် . . ."

"ဗျာ . . . အဖေ"

"ဒါမျိုးက ကြည့်ရတဲ့ကိစ္စမဟုတ်ဘူးကွ၊ ကိုင်း . ."

"ဘုံး . . ."

"အောင်မယ်လေး . . . ကြောက်ပါပြီဗျ"

ဦးညွန့်တင်လည်း ရင်သွေးဟူက ချစ်မဝဆိုသည့်ထုံးကို မေ့လျော့ကာ သားတော်မောင်မအူမလည်အား ဖနောင့်နှင့်ပေါက်နေပါတော့သတည်း။



"မင်းကတော့ကွာ . . . ငါ့အာစရိတွယ်မယ်ဆိုလည်း တွယ်စရာပဲကွ . . . ယောကျ်ားရေး အင်မတန်ဖျက်တာကလား"

"အား . . . ကျွတ် . . . ကျွတ် . . . ကျွန်တော်လည်း ဘယ်သိပါ့မလဲ . . . ဦးငပိန်ရာ"

ကောက်ချိတ်သည် ဖခင်၏ခြေတော်ရာဒဏ်ခတ်မှုအပေါ်တွင် ငပိန်၏ကြပ်ထုပ်ထိုးခြင်းကိုခံလျက် တအင်းအင်း,တအဲအဲဖြစ်နေသည်။

"နည်းနည်းတော့ အောင့်ခံကွာ . . . တော်လေးကြာရင် သက်သာသွားမှာပါ၊ မင်းအဖေက တကယ့်သဘောကောင်းကြီးကွ၊ မင်းကိုလည်း အလွန်မတန်ချစ်တာ၊ ခု . . . မင်း မအူမလည်လုပ်ပုံကိုမြင်ရတော့ အတော်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မတားနိုင်မဆည်းနိုင် ဒေါသထွက်သွားတာကလား''

''ကျွန်တော်မှ ဒီလိုကိစ္စတွေ အတွေ့အကြုံမရှိတာဗျာ . . . ဦးငပိန်က ကျွန်တော့်သာပြောနေတယ်၊ ဦးမပိန်ကော အဖြစ်ရှိလို့လား''

''အောင်မာ . . . မင်းကများ . . .''

''မင်းကများတွေ ငါကများတွေ လုပ်မနေနဲ့၊ အဖြစ်မရှိလို့ ခုလိုမျိုး ဂေါ်မစွံ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေတယ်မဟုတ်လား''

''အဟီး . . . စွံဖို့ရာ တဲတဲကလေးရှိကာမှ စာအသွားအလာ မချောတာကြောင့် ငါလည်း ခုလိုလူပျိုကြီးဖြစ်ခဲ့တာပဲ . . . ကောက်ချိတ်ရ''

''ပြောစမ်းပါဦးဗျာ . . . သင်ခန်းစာယူသင့်ရင် ယူရတာပေါ့''

''ငါ မင်းတို့ငါးဒိုင်မှာ အလုပ်မဝင်ခင် မြို့တက်ပြီး ဆိုက်ကားနင်းတုန်းကပေါ့ကွာ . . .''

သည်လိုမျိုး စကားအစပျိုးရင်း ကိုငပိန်တစ်ယောက် သူ့အတိတ်က နှလုံးသားဇာတ်ဝင်ခန်း ကနဦးလန်းကာကို ဖြည်းညင်းစွာဖွင့်လိုက်လေတော့၏။



''ဟဲ့ . . . . နှင်းဝေ

ကျင်ငွေဆိုတဲ့အကောင်ကို သတိထား

ဟိုတစ်နေ့က ငါတို့ဆိုင်

မီးခြစ်လာဝယ်တာ

ရိုးရိုးတန်းတန်းမဝယ်ဘူး

ခြစ်လို့ကောင်းတာမှ

လိုချင်တယ်လေးဘာလေးနဲ့

ညည်းကို

ရိသဲ့သဲ့လုပ်နေတယ်မဟုတ်လား''



www.burmeseclassic.com

ကိုငပိန်တစ်ယောက် အသက်နှစ်ဆယ်ကျော် အစိတ်လွ
ခဲ့ပြီ။ အသက်(၃၀)နားချဉ်းလာသည့်တိုင် ဆံပင်တွေသာဖြူလာသည်
ကြင်ဖော်မှာ ကြင်ဖော်ဘက်ကယ်နှင့် လည်ယှက်ကာတောင်ပံခတ်
သည့် ငှက်သတ္တဝါတွေလောက်ပင် အဖြစ်မရှိသေး။ အဖော်
တစ်ကိုယ်တည်း လူပျိုကြီးဘဝတွင်ပင် ရှိသေးသည်။

ဆောင်းတွင်းလိုကာလမျိုး မလှုံ့တလှုံ့ကွေးရပြီဆိုလျှ
မိန်းမလိုချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာရစမြဲတည်း။ ဆိုက်ကာ
ဂိတ်မှာ သူနှင့်နင်းဖော်နင်းဖက် စိန်တိုးတို့၊ ဖိုးထောင်တို့၊ က
ကြီးတို့၊ အေးဆောင်တို့ဆိုလျှင် ကြင်ဖော်ကြင်ဖက်တွေအသီးသီ
ကရင်ကြီးဆိုလျှင် မယားတောင် တစ်ယောက်တည်းမဟုတ်
နှစ်ယောက်တောင်မှ။ သူက ကိုယ်ပိုင်ဆိုက်ကားရှိတော့ အခြား
တွေထက် ချောင်လည်သည်။





"ဟော့ကောင် ... ငပိန်၊ မင်း ဟောဟိုကုန်စုံဆိုင်က ညီအစ်မနှစ်ယောက်ထဲက ဘယ်သူ့ကြိုက်လဲ၊ အကြီးမ သေင်းမေကိုကြိုက်လား၊ အငယ်မ မနှင်းမေကိုကြိုက်လား၊ ကြိုက်တာကိုပြော ... ငါတို့ မင်းစွံသွားအောင် ဘေးတီး ပေးမယ်"

"အဟီး ... အကြီးမတော့ မကြိုက်ရဲပါဘူးဗျာ ... နာမည်ကိုက သင်းမေဆိုတော့ သူ့ကိုရရင် တစ်ခါတည်း သေမင်းနဲ့ရင်ဆိုင်ရတော့မှာဗျ ... အငယ်မနှင်းမေဆိုရင် ဟုတ်တုတ်တုတ်"

မှန်ဆီကြော်က ဘယ်မှာမှန်းမသိသေး။ နွတ်ခမ်းနာနှင့် ည်မှတည်ပါ့မလား ဆိုသည့်အတွေးဖြင့် ဖံရွေးနေသေးသည်။

မသင်းမေနှင့် နှင်းမေတို့ညီအစ်မက တရုတ်ကျင်ငွေ၏ းစိုက်ဆိုင်နှင့်ကပ်လျက်အခန်းတွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ တို့ညီအစ်မ ဈေးဝယ်ထွက်လျှင် ရံဖန်ရံခါ၌ ကိုငပိန်ဆိုက်ကားကို းစီးတတ်သည်။ အစ်မဖြစ်သူ မသင်းမေက စကားပြောလျှင် ော်ကြီးဟာစ်ကျယ်နှင့်။ တစ်ဖက်သားကို မှိုချိုးမျှစ်ချိုးဆိုသလို ဲ့ပြောဆိုတတ်၍လည်း စိတ်ထဲ ဘဝင်မကျချင်။ ဆိုက်ကား ခင်းမှပင် သူ့ညီမနှင်းမေကို ဆုံးမစကားတွေ ပြောဆိုတတ်သေး ည်။ ဘေးတစ်မ်းဖြစ်သော ဆိုက်ကားဆရာရှိနေသည်ကိုပင် မေ့ထား။

"ဟဲ့ ... နှင်းမေ၊ ကျင်ငွေဆိုတဲ့အကောင်ကို သတိ ထား။ ဟိုတစ်နေ့က ငါတို့ဆိုင် မီးခြစ်လာဝယ်တာ ရှိးရှိး

www.burmeseclassic.com



တန်းတန်းမဝယ်ဘူး။ ခြစ်လို့ကောင်းတာမှ လိုချင်တယ် လေဆာလေးနဲ့ ညည်းကို ရိသဲ့သဲ့လုပ်နေတယ်မဟုတ်လား''

''ကျွန်မက ရိုးရိုးပြောတယ်လို့ပဲထင်တာ အစ်မရဲ့''

''ဘာရိုးရိုးပြောတာလဲ၊ အဲဒါ မသိမသာအကဲစမ်းတာဟဲ့ . . . ငါက အလုပ်တစ်ဖက်နဲ့မို့ ထွက်မလာဖြစ်တာ၊ ထွက်လာဖြစ်ရင်တော့ အဲသည်တရုတ်ကျင်ငွေ သွားစိုက်ဆိုင်မှာ သူ့သွားတွေသူ ပြန်စိုက်သွားရမယ် . . . ဟင်းဟင်းဟင်း . . .''

ဟန်အပြည့်၊ မာန်အပြည့်ဖြင့် ခက်ထန်လှသောစကားသံကြောင့် မဆီမဆိုင် ဆိုက်ကားနင်းနေရင်းမှ ကိုငပိန်ခမျာ အလိုလိုကျောချမ်းသွားရလေသည်။

''အဲဒီကျင်ငွေကို တစ်စက်ကလေးမှ ကြည့်လို့မရပါဘူး။ သူ့အဖေ အဖောင်က အမွေပေးခဲ့လို့ ဆိုင်နဲ့ကနားနဲ့ ဖြစ်နေတာများ . . . အသားအရေက သွေးမရှိသလို ဖြူဆုတ်ဆုတ်၊ မျက်နှာမှာလည်း ဝက်ခြံပုန်းတွေက ထူလဗျစ်၊ သွားက ခေါ်ခေါ်၊ လက်ပြင်ကလည်းကုန်းကုန်း။ တကယ့် ရှုံ့နာရှုံ့ကုန်းရုပ်၊ ဒါမျိုး သွားပြီးတော့စိတ်ဝင်စားလိုက်ရင် လိပ်ကျောကို ကြောင်ကော်သလိုမျိုး ဖြစ်သွားလိမ့်မယ် . . .''

တစ်လမ်းလုံး ပေါင်ဖွာပေါင်ဖွာဖြင့် သင်းကချည်း လေသေနတ်တွေ ပစ်လာခဲ့သည်။ နှင်းမေကမူ အင်းမလှုပ်,အဲမလှုပ်





''ဒီခေတ်မှာ လူဖြစ်လာတဲ့ယောက်ျားတွေဆိုတာ . . . အတော်များများက ပျင်းတွေ၊ ဖျင်းတွေချည်းပဲ၊ ပိုက်ဆံရှိ ငွေကြေးချမ်းသာတဲ့မိန်းမတွေကို သိုက်တူးဖို့ချောင်းနေကြတာချည်းပဲ၊ အလကား . . . ထဘီနားခိုစားမယ့်ဟာတွေ၊ ဒါကြောင့် . . . ဘယ်ယောက်ျားမှ ငါကြည့်မရတာအေ့ . . .''

သူကသာ ယောက်ျားတွေကို ကြည့်မရဟုဆိုသည်။ သူ့ကိုကော ဘယ်ယောက်ျားတွေက ကြည့်ရပါမည်နည်း။ မျက်နှာက ခပ်တင်းတင်း။ စကားပြောရင်လည်း အထက်စီးက။ ပြီးတော့ နှုတ်ခမ်းတစ်လန်,ပန်းတစ်လန်။

''ညည်းက အရွယ်လည်းရှိတယ်၊ ရုပ်လည်းရှိတယ်၊ ငါ့လိုအပူအပင်မရှာဘဲ အပျိုကြီးလုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်း စိတ်ကူးထားတာရှိရင် ငါ့ကိုပြော၊ အဲ . . . ဆိုက်ကားသမား။ မြင်းလှည်းသမား။ ကူလီဂဲဘား . . . အဲဒါတွေ ထည့်စဉ်းစားလို့ကတော့ ပြာပုံထဲကို ဒိုင်ဗင်ပစ်ဆင်းရမယ်၊ ဘာမှတ်လဲ . . .''

အရပ်ကိုမှ အားမနာဆိုသလို ဆိုက်ကားဆရာ နံဘေးမှာ ရှိနေပါလားဆိုသည်ကို ဂရုမစိုက်ဘဲ သူပြောချင်ရာစကားလုံးတွေကို တုတ်ထိုးအိုးပေါက်ပြောချနေသည်။ သည့်အတွက် သည်မိန်းမကြီး ခရီးထွက်လျှင် ခါးပြတိုက်ခံရပြီး ခါးပြရဲ့မယားငယ်ဖြစ်ပါစေဟု၍ပင် ကိုငပိန် မပြောကောင်း,မဆိုကောင်း ဆုတောင်းမိတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ပို့သမိပါသေးတော့။ နှင်းမေကတော့ ဘာမှမပြော။ ပြောမယ့်ပြောတော့လည်း ...

"ဆိုက်ကားဆရာ .. ရောက်ပြီ ရှေ့နားရပ်မယ်"တဲ့။

ဒါပါပဲ၊ အဲ ... အသံကလေးကတော့ ကိုငပိန့်ရင်ထဲ အိုအေစစ်ကလေးတမျှ ဖြစ်သွားရသည်။ ဒါကို မသင်းမေကြီးရိပ်စားမိပါက ထဘီစွန်တောင်ဆွဲလျက် တုပ်လေမည်လားမပြောတတ်။

"ဟဲ့ ... ဆိုက်ကားခ ဘယ်လောက်လဲ"

မသင်းမေ၏ မာမာထန်ထန်အမေး။

"နှစ်ရာ့ငါးဆယ်ပါခင်ဗျာ ..."

ကိုငပိန်၏လူ့မမာ အမဲခြောက်ဖုတ်တောင်းသည့်အသံ။ တကယ်လည်း လူနှစ်ယောက်တင်ကာ တင်ကြား့မှ ချွေးပြိုက်ပြိုက်ကျစီးလျက် ကုန်းတက်ကုန်းဆင်း အားသွန်ခွန်စိုက်နင်းခဲ့ရသည်မဟုတ်ပါလား။

"ဟဲ့ ... ငါတို့စီးနေကျက နှစ်ရာပါ၊ ဘယ့်နှယ့်ကြောင့် ငါးဆယ်က ပိုလာရတာတုန်း။ နှစ်ရာပဲပေးမယ်၊ မကျေနပ်ရင် ကုတ်ိုခ တစ်မတ်ပေးမယ်"

ရင့်သီးခက်ထန်လှလေစွ။

သူက မိန်းမသား။ ကိုယ်က ယောကျ်ားသား။ မိန်းမနှင့် တုဖက်ပြိုင်လို့ကတော့ ကိုယ်ပဲအရှုံးရလိမ့်မည်။ သည်မိန်းမကြီး၏ လေသေနတ်ပြောင်းဝ၌ ဇီဝိန်ကြွေသွားနိုင်သည်။ ဒါကြောင့်လည်း ဆိုက်ကားဂိတ်က ကျေးဇူးရှင်တွေက သူတို့အလှည့်ကျသည့်တိုင်





သဘောမနောကောင်းစွာဖြင့် 'ဟဲ့ကောင် ... ငပိန်၊ လိုက်သွား' ဟု ချွန်တွန်းတွန်းလိုက်မှုကို ခုမှပဲသဘောပေါက်တော့သည်။

ခုအခြေကျကာမှ တုဖက်၍မဖြစ်ချင်။ တစ်ဖက်မှာ အနေအေးသော နှင်းမေကလေး၏မျက်နှာ ရှိသေးတယ်မဟုတ်လား။

"ဒါဖြင့်လည်း နှစ်ရာပဲပေးပါ၊ အပြန်ကော စောင့်ပေးရမလား"

"မလိုဘူး။ ငါတို့ သုံးဘီးငှားပြီးပြန်မယ်၊ ကုန်တာချင်းအတူတူ ကားက ပိုပြီးမြန်တယ်၊ ကုန်တွေကိုလည်း တင်နိုင်တယ်"

ကိစ္စပြတ်ပေပြီ။

သည်တော့လည်း ဘောက်ဆတ်ဆတ်မိန်းမကြီးနှင့် သူ့ညီမ မေတ္တာရွှေစင်လေးနှင်းမေကို ကျောခိုင်းကာ လာရာလမ်းသို့ ပြန်ကွေ့နင်းလာခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ချင်တော့ကွာ ....
တပေးတဲ့သူငယ်လေးက
နှင်းမေလက်ထဲ ထည့်ရမယ့်အစား
လူမှားပြီး
မသင်းမေကြီးလက်ထဲ
ထည့်မိလျက်သားဖြစ်သွားတယ် ....
ပေါတို့ဆိုက်ကားဂိတ်က
ဦးဝိန် ပေးခိုင်းလိုက်တာလို့လည်း
ပြောလိုက်သေးသတဲ့ ...."

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

နေမြင့်လေ အရှုံးရင့်လေတော့ မဟုတ်ရပါ။

ကိုငပိန်အဖြစ်က နေမမြင့်ခင်ပင် အရှုံးရင့်ခဲ့ရပါပြီ။

"ဟ ... မင်း ဒီလောက်တောင်နှင်းမေကို ကြိုက်နေရင် အခွင့်သာအခါပေးတာနဲ့ ရည်းစားစကား လိုက်ပြောပေါ့ကွ ..."

"ဟာ ... အဲသလောက် ကျွန်တော်သတ္တိမရှိပါဘူး။ ခုတလော သူတို့ကုန်စုံဆိုင်မှာ နှင်းမေကို မတွေ့ရဘူး။ နှင်းမေ ဘယ်ပျောက်နေသလဲမသိဘူး"

"တောခဏပြန်သွားတယ်လို့ ကြားရတာပဲ"

"လွမ်းတယ် ... ကိုကရင်ကြီးရာ"

"သေလိုက် ... ငပိန်"





"ခင်ဗျားက ပြောအားရှိမှာပေါ့ဗျာ၊ မိန်းမနစ်ယောက်တောင် ရထားတာ"

"ဟော့ကောင် ... အဲဒါ အစွမ်းအစရှိလို့ကွ၊ မင်းသာ ဘာအစွမ်းအစမှမရှိဘဲဖြစ်နေတာ"

"ဒီတော့ ကျွန်တော့်ကို အကူအညီပေးကြပါဗျာ .. တကယ်လို့ နှင်းမေတစ်ယောက် တောကပြန်ရောက်လာရင် ကျွန်တော့်ရင်ထဲမှာ ဖြစ်ပေါ်ခံစားရတဲ့ ရင်ဖွင့်လွှာ ရည်းစားစာတစ်စောင်လောက် ကူညီပေးကြပါ"

"ဟ ... အဲဒါဘာခက်လို့လဲ၊ ရည်းစားစာပဲ၊ ကိုယ့်ဘာသာကိုယ်ရေးပေါ့၊ ကလေးတစ်ယောက်ယောက်ကို မုန့်ဖိုးပေးပြီး ပေးခိုင်းလိုက်ရင် ရတဲ့ဥစ္စာပဲဟာ ..."

"ကျုပ် စာမရေးတတ်ဘူးဗျ။ လက်မှတ်ထိုးရင်တောင် ကြက်ခြေခတ်ရတာ၊ ဒီတစ်ခါ ရွာကိုပြန်ရင် ဆရာလေးကိုမိုးကြယ်ဆီမှာ အ,သုံးလုံးသင်တန်း တက်မယ်ဗျာ ... ခုတော့ ခင်ဗျားတို့ထဲက တစ်ယောက်ယောက် ကျွန်တော့်အတွက် ရေးပေးကြပါဦး။ ကျွန်တော့်ရင်ထဲက ခံစားမှုကို ကျွန်တော်ပါးစပ်က ပြောပြမယ်"

"အေး ... ဒါဆိုဖြစ်တယ်၊ ကဲ ... စိန်တိုး၊ မင်းက လက်ရေးလှတဲ့ကောင်၊ ဒီတော့ ... ငပိန်အတွက် ပါရမီဖြည့်ပေးလိုက်ပါကွာ ..."

အပေါင်းအသင်းတွေအားလုံး တက်ညီလက်ညီပင် ကိုငပိန်အတွက် အကျိုးဆောင်ပေးခဲ့ကြသည်။ ကိုငပိန်က ပါးစပ်မှနေ၍



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ခံစားနေရမှုများကို နှုတ်တိုက်ချပေးသည်။ စိန်တိုးက လက်ရေးလှလှကလေးဖြင့် ရေးပေးသည်။ ပြီးတော့ ဝိုင်းဖတ်ကြသည်။

"ဟာ . . . တော်တော်လေးနှုးနိုင်တဲ့စာပဲ၊ ငပိန်ကွာ တသာရေးတတ်မယ်ဆိုရင် နိုင်ငံကျော်အချစ်စာရေးဆရာတောင် ဖြစ်နိုင်တယ်"

"ဟုတ်တယ်ကွာ . . . ငါတို့တောင် ဒီလောက်ခိုက်နေတာ ကာယကံရှင်နှင်းမေဆို အပြတ်ကိုကြွေသွားမှာ သေချာတယ်ဟေ့ . . ."

အားလုံးက ဝိုင်းဝန်းမြှောက်ပင့်ပေးလေသဖြင့် ကိုငပိန် မြှောက်ကြွမြှောက်ကြွဖြစ်ကာ ဆိုက်ကားနှစ်ခေါက်ဆွဲရသမျှအားလုံးကို လက်ဖက်ရည်တိုက်လိုက်ရသည်။ သည့်အတွက် ကျေနပ်မှုပင် ရှိပါသေး။

ကံအားလျော်စွာဟု ဆိုရလေမည်လားမသိ။

နှင်းမေတစ်ယောက် တောမှပြန်ရောက်လာပြီဖြစ်ကြောင်း။ အသားကလေး ဝင်းဝင်းဝါဝါနှင့် ပို၍ပင်ကြည့်ကောင်းလာကြောင်း သတင်းစကား ကြားလိုက်ရ၍ အယူတော်မင်္ဂလာနှင့်လျော်ညီစွာ ကိုငပိန်လည်း ထခုန်မိမတတ် ပျော်သွားသည်။

"ကလေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး နှင်းမေဆီ စာရောက်ဖို့လုပ်ရမယ်"

ကိုကရင်ကြီးက စီစဉ်ပေးသည်။





လည်လည်ဝယ်ဝယ်ရှိသော ကလေးတစ်ယောက်ကို ရှာဖွေရှာလာပြီး မုန့်ဖိုးငွေနှင့်အတူ ကိုငပိန်၏ရည်းစားစာကို ထည့်ပေးလိုက်သည်။

✧

"အဲဒီမှာတင် . . . သိပ်မကြာပါဘူးကွာ၊ ပြဿနာ ပေါ်တော့တာပဲ . . . ကောက်ချိတ်ရ"

ကောက်ချိတ်အဖို့ ဦးငပိန်၏မေတ္တာဇာတ်လမ်း သဘောကျနေမိတော့သည်။ ကောင်းခန်းရောက်ခါမှ ပြဿနာပေါ်လာသတဲ့။

"ဘယ်လိုပြဿနာပေါ်တာတဲ့လဲ၊ လုပ်စမ်းပါဦးဗျ"

"ဖြစ်ချင်တော့ကွာ . . . . စာပေးတဲ့သူငယ်လေးက နှင်းမေလက်ထဲ ထည့်ရမယ့်အစား လူမှားပြီး မသင်းမေကြီးလက်ထဲ ထည့်မိလျက်သားဖြစ်သွားတယ်၊ ဟောဟို ဆိုက်ကားဂိတ်က ဦးငပိန်ပေးခိုင်းလိုက်တာလို့လည်း ပြောလိုက်သေးသတဲ့"

"တကယ့်ပြဿနာပဲ . . ."

"ပြဿနာပဲပေါ့ကွာ . . . မသင်းမေကြီး ဒေါ်ကြီးမောကြီးနဲ့ရောက်လာပြီး ငါပေးတဲ့စာရွက်ကို လုံးချေလို့ ငါ့မျက်နှာကို ပစ်ပေါက်တယ်၊ ပြီးတော့ လက်ညှိုးငေါက်ငေါက်ထိုး၊ ထဘီစွန်တောင်ဆွဲပြီး ပတ်ကြမ်းတိုက်တော့တာပဲဟေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ...ဆိုက်ကားသမား အစုတ်ပလုတ်၊ နင်နဲ့ ငါ့ညီမက တန်လို့လား။ နင်လိုကောင်နဲ့ပေးစားမယ့်အစား ငါ့ညီမကို ချွေးအမြီးဖြတ်ပြီး ပေးစားပစ်မယ်။

ငါ့ညီမ တောပြန်ပြီး 'မျက်နှာမြင်'တာ နင်နဲ့ဘာဆိုင်လို့လဲ၊ သူ့ဘာသာသူ ကျင်ငွေနဲ့မှားမိပြီး ဖြစ်တဲ့ကိစ္စ၊ နောက်တစ်ခါ အဲသလိုအချိုးချိုးရင် ငါ့အကြောင်း ကောင်းကောင်းသိရမယ် ...

ဆိုပြီး မိုးကိုမွှန်ရောကွာ၊ တုပ်လိုက်တာ ရစရာကို မရှိဘူး။ ငါတို့လည်း နားမခံသာတာနဲ့ ဆိုက်ကားပေါ် ကိုယ်စီတက်ပြီး နင်းထွက်ပြေးပါမှပဲ နားဝင်ဆင်းရဲက ကျွတ်တော့တယ်၊ ငါလည်း အဲဒီနေ့ကစပြီး မြို့မှာမနေဝံ့တာနဲ့ ကိုယ့်ဇာတိ ရွှေပိန်းကောကိုပြန်လာပြီး မင်းအဖေဆီမှာ အလုပ်ဝင်တာ ခုထိဆိုပါတော့ ကောက်ချိတ်ရာ"

"ဒါထက် ...နေစမ်းပါဦး ဦးငပိန်ရဲ့၊ ခင်ဗျားက စာထဲမှာ ဘာတွေရေးထည့်လိုက်လို့လဲ၊ သူ့ညီမ တောပြန်ပြီး ကလေးမွေးတာ ဘယ်လိုလုပ်သိသလဲ"

"အဲဒါ ငါမသိရရိုးအမှန်ပါကွာ၊ နေဦး ...အဲဒီစာ ငါ့မှာရှိသေးတယ်၊ သိမ်းထားတဲ့နေရာမှာ ရှိဦးမလား မပြောတတ်ဘူး။ သွားရှာကြည့်လိုက်ဦးမယ်"

ကိုငပိန် သူ့အခန်းထဲသို့ ဝင်သွားသည်။ အတန်ငယ်ကြာတော့ ထွက်လာသည်။





"ရှိသေးတယ်ကွ ...ရှိသေးတယ်၊ ရော့ ...ဖတ်ကြည့်၊ သူ့ညီမ ကလေးမွေးတဲ့ကိစ္စ မပါပါဘူးကွာ၊ မင်းဖတ်ကြည့်စမ်း"

ကောက်ချိတ်လည်း ကိုငပိန့်ထံမှစာကိုဖြန့်ကာ အသံထွက်ပြီး ဖတ်လိုက်သည်။

*'ကိုပိန် သိပ်ပြီးခွဲလမ်းချစ်မက်ရပါတဲ့ နင်းမေ ...*

*နင်းမေ မျက်နှာမြင်တယ်ဆိုတာနဲ့ ကိုပိန့်ရင်ထဲ လှုပ်ရှားနေရတာ အမှန်ပါ။ ဒါဟာ အချစ်လို့ဆိုရင် နင်းမေကို ကိုပိန် ချစ်နေခဲ့တာ သေချာပါပြီ။*

*သည့်အတွက် နင်းမေက ကိုပိန့်ကို ပြန်လည်ချစ်တုံ့တာင်လို့ တောင်းပန်ပါရစေကွယ် ...*

*နင်းမေမျက်နှာမြင်ရင် ပြည့်ဖွန်းတဲ့လဝန်းကြီးကို သတိရတယ်ကွယ်။ ကိုပိန့်လေ ... နင်းမေကို ဆိုက်ကားနင်းပြီး ထာဝရလုပ်ကျွေးသွားမှာပါ။ တကယ်တော့ နင်းမေနဲ့ နင်းမေရဲ့အစ်မ မသင်းမေဟာ အပုံကြီးကွာပါတယ်။*

*မသင်းမေ မျက်နှာမြင်ရင် ကျောချမ်းရသလောက် နင်းမေ မျက်နှာမြင်တော့ ကိုပိန့်ရင်ထဲ ချမ်းမြေ့ရပါတယ်။ ဒါကြောင့် ထာဝရချမ်းမြေ့ရအောင် ကိုပိန့်အပေါ် 'ချစ်ပါတယ်'ဆိုတဲ့အဖြေလေး ပေးပါလားဟင် ...*

*နင်းမေမျက်နှာမြင်ရပါစေ*
*ထာဝရချစ်ခြင်းတရားနဲ့*
*ချစ်တဲ့ ... ကိုပိန်'*



www.burmeseclassic.com

ကိုငပိန်ဓါးစာခံသွားတော့ မအူမလည်ကောင်ကောက်ချိတ် ကိုယ်တိုင် သူ့ထက်မအူမလည်ဖြစ်ခဲ့ရှာသော ကိုပိန့်အဖြစ်ကိုကြည့် လျက် ဒဏ်ရာဒဏ်ချက်တို့ကို သတိရမထားနိုင်တော့ဘဲ အူလှိုက် သည်းလှိုက် တဟားဟားရယ်မောနေမိပါတော့သတည်း။



“ဟာ .... မသေချာဘဲ
ဒီသတင်းထွက်လာမလားကွ။
ကောင်မလေးအဖို့ သူ့အိမ်မှာ
ဒူးတင်ပေါင်တင် ဖဲချရင်း
သူ့ယောကျ်ားငြိမ်းသူတလည်း မရှိ
ရှိတဲ့ယောကျ်ားတွေတလည်း
ဥပမိရှပ်တလည်း သာ
အပြောတလည်း ညက်
ငွေစကြေးစလည်း ထွက်ဆိုတော့ ....”

www.burmeseclassic.com

ကောက်ချိတ်တို့ရွှေပိန်းကောကျေးရွာမှာက ပြောစမှတ်တွင်လောက်သည့်ပုဂ္ဂိုလ်တွေ များချေ၏။

သည်အထဲမှာမှ ဖဲဝိဇ္ဇာကိုငြိမ်းသူလည်း အပါအဝင်။

ဓာတ်တူနံ့တူဆိုသလို သူက ရွှေပိန်းကောကျေးရွာ၏မီးသတ်တပ်ဖွဲ့ခေါင်းဆောင် ဖြစ်ချေ၏။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို သူ၏အမည်နာမကို နှစ်သက်သဘောကျသွားလေသလောမသိ။ ရွှေပိန်းကောကျေးရွာကို အုပ်စီးထားသည့် မြို့နယ်မီးသတ်တပ်ဖွဲ့လူကြီးများက ကျေးရွာအသီးသီး၌ မီးသတ်တပ်ဖွဲ့များ ထားရှိရမည်ဆိုလေသောအခါ သူ၏အမည်နာမအပေါ် အခြေပြုလျက် ၎င်းအား ရွှေပိန်းကောကျေးရွာ၏ အရန်မီးသတ်တပ်ဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်လိုက်ချေ၏။





ရွှေပိန်းကောကျေးရွာဆိုသည်က တစ်ခြံနှင့်တစ်ခြံက ကျယ်ကျယ်ဝန်းဝန်းရှိရုံမက သစ်ပင်ကြီးငယ်တွေက မြိုင်နိုင်တော့မတတ်ထူထပ်များပြားလေရကား ကောက်ချိတ်၏တစ်သက် မီးလောင်ဖို့မဆိုထားနှင့်၊ မီးလန့်သည်ဟုပင် မကြားစဘူး။ မီးနှင့်ပတ်သက်လျှင် ထင်းမီး၊ လယ်ယာရှို့မီး၊ ဖွဲမီး၊ အောက်လင်းမီး၊ ဓာတ်မီး၊ မီးဖွားခြင်း၊ မီးနေသည် သည်လောက်သာ ကြားရဖူးပါသည်။ သည်တော့လည်း မီးသတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ကိုငြိမ်းသူခမျာ ဘာမျှစိတ်ပူပန်စရာမရှိခဲ့။

သူ့ဝါသနာအရင်းခံမှာ ဖဲပွင့်ကလေးများ ပွတ်ရခြင်းပဲဖြစ်သည်။ ပိုကာ၊ နှစ်ဆယ့်တစ်ပေါက်၊ ကိုးမီး၊ ဘူကြီးတွဲ၊ တစ်ချပ်မှောက်၊ ရှိုး အဲဒါတွေအားလုံး လူပျိုကာလသားဖေါက်ဝင်ကတည်းက သူ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သည်။ နယ်လှည့်မျက်လှည့်ဆရာကြီးတစ်ဦးနှင့် ခင်မင်ရင်းနှီးခဲ့သည့်သမယ ၎င်းအားဖဲခိုးနည်း၊ ဖဲလိမ်နည်းတို့ကို သင်ပြပေးခဲ့လေရာ ဖဲဝိဇ္ဇာဆိုသည့်ဘွဲ့ထူးကိုပင် ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ပေပြီ။ 'ရွှေပိန်းကောက ဖဲဝိဇ္ဇာ'ဟုဆိုလျှင် ကလေးလူကြီးမကျန် ကိုငြိမ်းသူကို ရည်ညွှန်းပြောဆိုကြောင်း သဘောပေါက်နားလည်ထားကြသည်။

ကိုငြိမ်းသူမှာ ကောက်ချိတ်နှင့်ဆွေမျိုးမကင်း။

ကောက်ချိတ်၏ဖခင် အင်းသူကြီးဦးညွှန့်တင်နှင့် ကိုငြိမ်းသူ၏ဖခင် လှေသူကြီးဦးခွေးသိုးတို့မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်လေရာ ၎င်းတို့အသီးသီးမှ ဆင်းသက်လာသော ကောက်ချိတ်နှင့်ကိုညွှန့်တင်တို့မှာလည်း အဘယ်မှာလျှင် သူစိမ်းပြင်ပြင်တွေ ဟုတ်မှာတဲ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



ရွာရိုးကိုးပေါက် မသာအိမ်ရှိလျှင် မသာအိမ်သို့သွား၍၊ မသာအိမ်မရှိလျှင် တောစပ်ချုံနွယ်ပိတ်ပေါင်းများရှိ ကြိတ်ဝိုင်းများသို့သွားကာ ဖဲပွင့်တွေမှတ်လေ့ရှိရာ ကိုငြိမ်းသူကိုရှာလိုလျှင် မသာရှိပါက မသာအိမ်၊ မသာမရှိလျှင် ကြိတ်ဝိုင်းများ လုပ်လေ့လုပ်ထရှိသောနေရာများသို့ သွားရောက်ရှာဖွေရလေသည်။

ကိုငြိမ်းသူကား ". . . နာမည်လေးက ငြိမ်းငြိမ်းချမ်းချမ်းရှိသလောက် လူပုံလူပန်းကိုကြည့်လျှင်ဖြင့် တစ်စက်ကလေးမျှလန်းစရာမရှိ။ အရပ်ပုပု၊ ဂင်တိုတို၊ ဗိုက်အိုးကြီးကြီး။ ခြေတံလက်တံခပ်တုတ်တုတ်။ အသားအရေက ထုံးအိတ်ထဲမှ ထုံးခဲများအပေါ်ငရုတ်ဆီရေကြဲဖျန်းပက်ထားသလို နီစပ်စပ်။ မျက်နှာပေါက်ကိုကောပြောရဦးမည်လား။ လုံးလုံးဝန်းဝန်းမျက်နှာပေါ်တွင် အထင်ရှားဆုံးက ပွယောင်းပြီးကြီးမားလှသည့် နှာခေါင်းကြီးဖြစ်၏။ နှာခေါင်း၏လက်ဝဲတော်၊ လက်ယာတော် မို့မို့ဖောင်းဖောင်း ပါးပြင်နှစ်ဘက်မှာတော့ ကျောက်ပေါက်မာတွေက ဗလဗျစ်၊ ဝက်ခြံဖုန်းတွေက အစီအရီ။ မေးစေ့တိုသလို ကုပ်ကလည်းတိုလိုက်သေး။ ကျဲပါးလှသော ဆံပင်တွေက မဟူရာကိုခြေကန်ကာ ဘော်ငွေရောင်ထံ ရှန်းနေကြသည်။ ဘယ်လိုမှ ကြည့်ပျော်ရှုပျော်မရှိ။

သို့ရာတွင် လောက၌ တစ်စက်ကလေးမျှ ကြည့်ပျော်ရှုပျော်မရှိသော အကျည်းတန်ပုဂ္ဂိုလ်တို့မည်သည် ပြစ်မျိုးမှဲ့မထင်လောက်စရာ တကယ့်အချော်အမွှတ်ကလေးတွေမှ ရလေ့ရှိသည်ဆိုသောဆန့်ကျင်ဘက်ထုံးအတိုင်း ကိုငြိမ်းသူ မိန်းမရတော့ တကယ့်အချောအလှကလေးမှ ရခဲ့သည်။ သည်အခါ၌ ကိုငြိမ်းသူတစ်ယောက်





ရင်းအပေါ် မှဒိတာမပွားနိုင်သော ဖက်တီးဝင်းမောင်တို့၊ ကိုငစိန်တို့၊ ကျွဲသိုးမောင်ယုတို့အပေါ်တွင် မျက်စိစပါးမွေးစူးလောက်စရာ၊ နားအကြီးအကျယ်ကလောစရာ လူလုံးလည်းပြခဲ့၏။ မောင်းကွဲသံကြီးဖြင့်လည်း ကြုံးဝါးခဲ့၏။

"မတူရင် လာမတုနဲ့
ခေါင်းပုလို့သွားလိမ့်မယ် . . .
မောင်ငြိမ်းကို လာမသွန်နဲ့
ကိုး ယ်သာတဲ့လူကွ" တဲ့။

"တောက် . . . ဒီအခြေရောက်မှတော့ ဒီကောင်ကြီးက ပြောအားရှိပြီပေါ့ကွာ . . ."

"အေးကွာ . . . ယမင်းခင်ဆိုတဲ့ ကောင်မလေးကလည်း ဒီရုပ်ကျော်ရှာကျော် ဖဲဝိဇ္ဇာကိုမှ ဘာတွေမျက်စိကျပြီး ကောက်ကောက်ပါအောင် လိုက်သွားရသလဲမသိဘူး"

"တစ်ခုကောင်းတော့ ရှိမှာပေါ့ကွာ"

"ငါတို့သိသလောက်ကတော့ ဖဲဝိဇ္ဇာငြိမ်းသူမှာ ကောင်းတာဆိုလို့ တစ်ကွက်ကလေးမှမရှိဘူး။ ကောင်မလေးအမေဒေါ်ရွှေစာကို ဖဲလိမ်ရိုက်ပြီး ခမျာမယ် ဖဲကြွေးတွေမဆပ်နိုင်တာနဲ့ ကောင်မလေးကို သိမ်းလိုက်လားမှမသိတာ



www.burmeseclassic.com

www.burmeseclassic.com



"ပြောမနေကြပါနဲ့ကွာ . . . သူ့ကုသိုလ်နဲ့သူ ဖြစ်တည်လာတဲ့ဥစ္စာ၊ လောကကြီးရဲ့ဆန်းကြယ်မှုကို မင်းတို့ငါတို့ အတတ်သိနိုင်ကြတာမှမဟုတ်ဘဲ"

မည်သို့ဆိုစေ ကာလသားအပေါင်းတို့အပေါ် နှာတစ်ဖျားသာသွားလေသည့် ကိုငြိမ်းသူအဖို့ရာမတော့ လက်မတထောင်ထောင်၊ ခေါင်းတမော့မော့၊ ရင်တကော့ကော့နှင့်ပင်။

အများနှင့်မတူ မယားချောကလေးရထားသည့် ကိုငြိမ်းသူကား သူ့မယားလေးအပေါ်တွင် ဖူးဖူးမှုတ်ထားမတတ် ချစ်အားတွေ ပိုခဲ့သည်။ ခါတိုင်း အိမ်ကပ်လေ့မရှိသူသည် မိန်းမရပြီးနောက်ပိုင်း ကော်ဖြင့်ကပ်ထားသည့်အလား အိမ်မြဲနေခဲ့သည်။ တစ်လနှစ်လ အိမ်မြဲသည်ဆိုလျှင် ထားပါတော့။ ခုတော့ တစ်နှစ်,နှစ်နှစ်ကြာသည့်တိုင် အိမ်မြဲလေ့ရှိပြီး မယားချောကလေးအား ဖဲရိုက်တတ်အောင် သင်ပေး၏။ ဖဲလိမ်တတ်, ဖဲခိုးတတ်သည့်ပညာရပ်တွေကိုလည်း ဆရာစားမချန် သင်ပေးခဲ့၏။ သည်တော့ သူတို့လင်မယားမှာ အသွင်တူလင်မယား ဖြစ်သွားကြလေသည်။ မယားချောကလေးအပြင်ထွက်လျှင် တစ်ဖဝါးမခွာ အရိပ်ကလေးပမာ လိုက်လေ့ရှိသူမှာလည်း ကိုငြိမ်းသူပေတည်း။ ယုတ်စွအဆုံး ယမင်းခင် အိမ်သာတက်လျှင်ပင် မလှမ်းမကမ်း၌ထိုင်ကာ အနံ့အသက်တို့ကို မြိန်ရည်ရှက်ရည်ရှူရင်း စောင့်ပေးလေ့ရှိစမြဲတည်း။ ဤမျှ အဖြစ်သည်း အချစ်သည်းသော ကိုငြိမ်းသူပါပေ။

သို့ရာတွင် လောကကြီးကား ထင်မှတ်စရာမကောင်းလောက်အောင် အလှည့်အပြောင်းတွေ များချေ၏။ မယား၏မျက်နှာကိုပဲ





နေကုန်နေခန်း ထိုင်ကြည့်နေလို့က ကြာလျှင် အစာအိမ်ပြဲသနာတက်လေမည်မို့ ယောကျ်ားသားပီပီ စားဝတ်နေရေးအတွက် မြို့ကိုရံဖန်ရံခါ တက်ရ၏။ ထိုသို့သောအခါမျိုးဝယ် ဖဲအားရှုံ၍ ဝင်စားမိပြီဖြစ်သော ယမင်းခင်သည် အိမ်လည်၍ ဖဲရိုက်တတ်လာသည်။ ရံဖန်ရံခါ ဖဲသမားအချို့ကို အိမ်သို့ခေါ်ပြီး နှစ်ဆယ့်တစ်ပေါက်ဆွဲ၏။ ဘူကြီးတွဲ၏။ ပိုကာဒေါင်း၏။ ရှိုးတန်ရှိုး၏။ ဒါကို ကိုငြိမ်းသူ မသိရှာ။

ဤ၌ ပန်းသတင်း လေညှင်းဆောင်သလို လူသတင်း လူချင်းဆောင်လေတော့၏။ ရွှေပိန်းကောမှာက မီးနှင့်ပတ်သက်လျှင် ထင်းမီး၊ လယ်ယာရှို့မီး၊ ဖွဲမီး၊ အောက်လင်းမီး၊ ဓာတ်မီး၊ မီးဖွားခြင်း၊ မီးနေသည်တို့သာ ကြားဖူးသည်မှ ခုတော့ နောက်တစ်မီး တိုးပြန်ပါချေ၏။

ထိုမီးကား 'နောက်မီးလင်း'သည့်အကြောင်းအရာပါတည်း။

"သေချာလို့လားကွာ . . ."

"ဟာ . . မသေချာဘဲ ဒီသတင်းထွက်လာမလားကွ၊ ကောင်မလေးအဖို့ သူ့အိမ်မှာ ဒူးတင်ပေါင်တင်ဖဲချရင်း သူ့ယောကျ်ားငြိမ်းသူကလည်း မရှိ၊ ရှိတဲ့ယောကျ်ားတွေကလည်း သူ့ယောကျ်ားငြိမ်းသူထက် ဥပဓိရုပ်ချောကလည်း သာ၊ အပြောကလည်း ညက်၊ ငွေစကြေးစကလည်း ထွက်ဆိုတော့ စိတ်ယိုင်ပြီး မဖြစ်သင့်တာဖြစ်သွားတဲ့သဘောပဲ"

"ဒါထက် . . . နေပါဦး၊ ကောင်မလေးနဲ့နောက်မီးလင်းတာ ဘယ်ငတိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ခုတ်ရွာက ကျော်စိန်လင်းဆိုတဲ့ ငတိပေါ့ကွာ၊ တို့များရွာကို ရာလေးစက်ဘီးအသစ်ကြီးစီးပြီး မျက်စိနောက် အောင်လာတဲ့ ငတိလေ၊ ဒီငတိက လိုင်းစုံတယ်၊ ထန်းရည်၊ အရက်၊ ဖဲ၊ ပြီးတော့ မြာက အလွန်ပွေတာ၊ အချောင်ရလို့ကတော့ ဘယ်တော့မှလက်နှေးတာမဟုတ်ဘူး"

"တို့များအပေါ်ကို 'မတူရင် လာမတုနဲ့ ခေါင်းပုလို့သွားလိမ့်မယ်၊ မောင်ငြိမ်းကို လာမဆွနဲ့ ကိုးဆယ်ဆသာတဲ့လူကွ' လို့ အသားလွတ်ကြောလေ့ရှိတဲ့ ငြိမ်းသူကြီးတော့ ဒီတစ်ခါ ကွဲပြီဟေ့ ..."

အားလုံးပင် ကိုငြိမ်းသူအတွက် စိတ်မကောင်းသော်လည်း ဒီလိုမျိုးထိပေးမှလည်း ကောင်းတာဟု ပြောကြသည်။ မည်သို့ဆိုစေ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သည်သတင်းစကားက ကိုငြိမ်းသူနားကို ရောက်သွားတော့ မယားကလေးအပေါ် အသည်းတွေ၊ နှလုံးတွေ၊ ကလီစာတွေပုံပြီး အချစ်ကြီးချစ်ခဲ့ရလေသည့် ဇင်းအဖို့တော့ ဆံတစ်ပင်မက တင်းရသည်။ အူနုကို ကျွဲခတ်သလို ခံစားရသည်။

ဒါပေသည့် မျက်မြင်ကိုယ်တွေ့မဟုတ်သဖြင့် ကြားရသည့်သတင်းအချက်အလက်တို့အပေါ်၌ မယုံတစ်ဝက်၊ ယုံတစ်ဝက်။

"ဟုတ်ပါ့မလား ... ကိုဗိန်ရာ၊ ကျွန်တော်လေ့လာကြည့်တော့လည်း ယမင်းကလေးက ဘာမှမူပျက်တာ မတွေ့ရဘူး"





"ဒါကတော့ မင်းအနေနဲ့ ချစ်စိတ်တွေမွှန်နေတော့ ဘာမှမမြင်တာကိုးကွ၊ ဒီမှာမှတ်ထား ... ငြိမ်းသူ၊ ဇက်လွန်တဲ့မြင်း။ တဏှာပြင်းတဲ့နွားသိုး။ မုန်တိုးတဲ့ဆင်ပြောင်၊ ရှုးကြောင်တဲ့ခွေးနောက်၊ ဝမ်းပေါက်တဲ့လေယာဉ်၊ မမြင်တဲ့ဆင်ကန်း။ မှည့်လွန်းတဲ့ဩဇာ၊ တီတာလွန်းတဲ့မိန်းမ၊ အဲဒါတွေက အင်မတန်ထိန်းရခက်သတဲ့၊ ဘာပဲပြောပြောလေ ... အိမ်ထောင်တစ်ခုဖြစ်တည်ခဲ့ပြီဆိုရင် ပြိုကွဲတာမကောင်းဘူး။ ရှေ့လျှောက် မဖြစ်သင့်တာမဖြစ်ရလေအောင် ထိန်းကျောင်းပဲ့ပြင်သွားပေါ့ကွာ ..."

သည်လိုမျိုး အပြုသဘောနှင့် ထိန်းထိန်းသိမ်းသိမ်းပြောဆိုသူတွေရှိသလို၊ အဆင်းတွင် ဘီးတပ်ပေးသူတွေကလည်း မရှား။

"ငါတို့ကတော့ဟေ့ ... ကိုယ့်ခေါင်းအုံးကို ဘယ်တော့မှ သူများလာအုံးတာ မဖြစ်စေရဘူး။ အပြောကြီးတဲ့လူများ တစ်နေ့တော့ နှာခေါင်းကျည်ပွေ့ထိကြတာပဲ"

"အဟားဟား ... ဟိုသီချင်းကလေး ကြားဖူးကြတယ်မဟုတ်လား။ 'တောင်တောရယ်သာ .. မာလာကင်ပွန်း၊ တစ်ပင်ကိုနှစ်ပင်ယှက်တယ် .. ကျေးငှက်ကမြူး' ဆိုတာလေကွာ ... လောကမှာ တစ်ပင်ကို နှစ်ပင်ယှက်တာ မကောင်းဘူးကွ"

မသိမသာ စောင်းပါးရိပ်ခြည် ပြောဆိုစကားများက ကိုငြိမ်းသူကို သံသယဝင်လာစေသည်က အမှန်။ တကယ်တမ်းကျတော့ သစ်ငုတ်တိုများတောင်မှ တွန်းပါ, တိုက်ပါ, နဲပါများလျှင်



www.burmeseclassic.com

www.burmeseclassic.com



ယိုင်နဲ့လာသည့်သဘောရှိ၏။ ခုဟာက သက်မဲ့သစ်ငုတ်တိုမဟုတ်။ သက်ရှိ လူ။ အသွေးနှင့်အသားနှင့်၊ ခံစားချက်နှလုံးသားနှင့်တည်ဆောက်ထားသည့် လူ။

"ငါ့မိန်းမ ယမင်းခင်က ငါ့အပေါ် မေတ္တာပြယ်လို့ ဒီလိုမျိုးသတင်းထွက်လာတာများလား။ ငါ့အပေါ် အချစ်စိတ်တွေကုန်ခန်းလို့ ဒီလိုမျိုးကျူးလွန်တာလား။ ပတ်ဝန်းကျင်ကတော့ ငါ့ကို ရယ်စရာကောင်ကြီးလို့ ထင်နေကြပြီ။

အမှန်တကယ် ...ငါ့မိန်းမ နောက်မီးလင်းမလင်း။ ငါ့အပေါ် ချစ်မချစ် ငါလက်တွေ့မျက်တွေ့ စုံစမ်းမှဖြစ်တော့မယ်"

သို့ဖြင့် ပကတိအနေအထားအစစ်အမှန်ကို သိရှိနိုင်ရန်အတွက် အစီအစဉ်တွေ ရေးဆွဲလေတော့၏။ သည်တော့ အခွင့်သာသည့်တစ်နေ့၌ မြို့သို့ တစ်ညအိပ်ခရီးထွက်ရမည့်အကြောင်း၊ နောက်တစ်ရက် ညနေဘက်ခင်းလောက်မှာမှ ပြန်ရောက်မည့်အကြောင်း မယားချောကလေးအား ပြောဆိုကာ ခရီးဆောင်အိတ်ကိုလွယ်လျက် အိမ်ပေါ်မှဆင်းသွားခဲ့လေသည်။ အမှန်တကယ်မြို့ကိုသွားဟန်ဆောင်ကာ နောက်ဖေးလမ်းကြားမှလှည့်ပြီး ဝါးနက်ရုံအကွယ်တွင် ပုန်းလျှိုးနေလိုက်ခြင်းသာဖြစ်သည်။

သိပ်မကြာပါချေ။

သူအလွန်မတတ် ချစ်ရမြတ်နိုးရလေသော မယားချောလေး ယမင်းခင်သည် ထီးကို ချိုင်းကြားညှပ်ကာ အိမ်ပေါ်မှဆင်းသွားသည်ကို တွေ့လိုက်ရသည်။ သည့်အတွက် မယားချောလေး





မြင်ကွင်းမှကွယ်ပျောက်သွားသည်နှင့် နောက်ဖေးပေါက်မှနေ၍ အိမ်ပေါ်တက်ခဲ့သည်။ ဖိနပ်ကို တောင်းတစ်ခုထဲထည့်ကာ ဖုံးလိုက်သည်။ ပြီးလေသော် သူတို့လင်မယားအိပ်စက်သည့် အိပ်ခန်းထက် အထပ်ခိုးပေါ်သို့တက်ကာ ပုန်းအောင်းနေလိုက်သည်။

အချိန်အတော်ကလေးကြာတော့ သက်နှံ့အိမ်သူ မယားချောကလေး ပြန်ရောက်လာသည်။ မရှေ့မနှောင်းမှာပင် ယောကျ်ားသားတစ်ဦး အိမ်ပေါ်တက်လာသည်။ ထိုသူကား ပတ်ဝန်းကျင်မှ အပြောများနေသော ဝက်ခုတ်ရှာသား လူပေါ်ကြော့ကျော်စိန်လင်းပေတည်း။

"ဟူး ...သည်လိုနေ့မျိုးကို စောင့်စားလိုက်ရတာ ယမင်းရယ်"

"ဟွန်း ...ပိုပြီ၊ ဒီကလည်း ကိုလင်းကို အမြဲသတိရနေတာပါရှင်"

ကြည့်စမ်း၊ ဟုတ်လို့ကျော် ပုပ်လို့ပေါ်သည့်သတင်းကလယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပေပြီ။ ကိုငြိမ်းသူခမျာ ဒေါသတွေထွက်လွန်း၍ ထပ်ခိုးပေါ်မှနေ၍ အသားတွေ တဆတ်ဆတ်တုန်နေပါပကော။

ဆံတစ်ပင်မက တင်းပါလေပြီ။

ဟိုသင်းဟိုဟာလည်း ကြမ်းညှပ်လေပြီ။

"ချစ်တယ် ...ယမင်းရယ်"

"အို ...အရှေ့ခန်းကြီးမှာ မကောင်းပါဘူး ကိုလင်းရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... အခန်းထဲဝင်ကြမယ်လေ"

"သဘော ... သဘော ... တော်တော့ကိုကဲတယ်"

"ယမင်းလေး ..."

"အင် ... ဘာလဲ ကိုလင်းရဲ့ ပြောလေ ..."

"ကိုလင်းနဲ့ ယမင်းရဲ့လင်ကြီး ကိုငြိမ်းသူ၊ ဘယ်သူ့ကို ပိုချစ်သလဲဟင်"

"ဟင် ... ကိုလင်းကလဲကွာ ... ဒီလောက်အလို လိုက်ထားတာ သိရဲ့သားနဲ့"

"ဟင့်အင်း ... ဟင့်အင်း။ ယမင်းရဲ့နှုတ်က. ပြော တာကို ကိုလင်းရဲ့နားနဲ့ ဆတ်ဆတ်ကြားချင်လို့ပါ၊ ပြောပါ ယမင်းရဲ့ ..."

ဤ၌ မျက်နှာကြက်ဆီသို့ ကြည့်မိလိုက်သည့် ယမင်းခင် အဖို့ ထိတ်ခနဲဖြစ်သွားရ၏။

မဖြစ်ဘဲကော နေမှာတဲ့လား။

ထပ်ခိုးရှိကြမ်းပေါက်မှ ကာမပိုင်လင်တော်မောင်ကိုငြိမ်းသူ ၏ ပုဆိုးစကို လှမ်းတွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဒါဆို ... လင်တော်မောင်သည် ခရီးထွက်မည်ဟုအကြောင်းပြကာ သူမတို့ ဖြစ်နေပျက်နေပုံကို ချောင်းနေခြင်းဟု အတပ်သိလိုက်သည်။

ပြဿနာတော့ တက်ပေပြီ။

'မယားထိ ဓားကြည့်'ဆိုသည့်စကားကိုလည်း ကြားဖူးနားဝ ရှိထားသည်မို့ အသားတွေ တဆတ်ဆတ်တုန်လာသည်။ သည် အခြေအနေ အကျဉ်းအကြပ်ထဲမှ ဘယ်လိုများရုန်းထွက်ရမှာပါလိမ့်။





ပြဿနာတော့ တက်ပေပြီ။

'မယားထိ ဓားကြည့်'ဆိုသည့်စကားကိုလည်း ကြားဖူးနားဝ ရှိထားသည်မို့ အသားတွေ တဆတ်ဆတ်တုန်လာသည်။ သည် အခြေအနေ အကျဉ်းအကြပ်ထဲမှ ဘယ်လိုများရုန်းထွက်ရမှာပါလိမ့်။

"ပြောလေ ... ယမင်းရဲ့ ပြောပါ ..."

ငနဲသားက အမဲခြောက်ဖုတ်တောင်းသည့် အသက်ငင်နေ သော လူမမာတစ်ယောက်နှင့်မခြား။ သည်ခဏ ယမင်းခင်ထံမှ စကားသံ ပေါ်ထွက်လာသည်။

"အို ... ဒါကတော့ ကိုငြိမ်းသူဟာ ယမင်းရဲ့လင်ကြီး ပဲဥစ္စာ၊ လင်ကြီးဆိုမှတော့ သူ့အပေါ်ပဲ အချစ်ကြီးတာ ပေါ့၊ ပိုလို့ပိုလို့ ချစ်တာပေါ့"

ထိုစဉ်မှာပင် ဂုန်းဆိုသည့်အသံကြီး ပေါ်ထွက်လာ၏။ ကိုငြိမ်းသူ ထပ်ခိုးပေါ်မှ ခုန်ချလိုက်သည့်အသံ။

"ဟာ ... အောင်မယ်လေ။ လန့်လိုက်တာ"

ဘီလူးသဘက်ကိုတွေ့လိုက်ရသည့်အလား ကျော်စိန်လင်း သည်း အတုန်လှုပ်ကြီးတုန်လှုပ်သွားပြီး ကျွတ်နေသောပုဆိုးကိုပင် ပြန်မဝတ်အားတော့ဘဲ တိုန္တိန္တဘောင်းဘီကလေးဖြင့် အခန်းထဲမှ ထွက်၊ အိမ်ပေါ်မှခုန်ချကာ ကိုယ်လွတ်ရုန်းထွက်ပြေးသွားပါတော့၏။

ယမင်းခင်အဖို့ ရှေ့ဆက် ဘာတွေဖြစ်မည်ဟု မတွေးရဲ။

မျက်လုံးကိုစုံမှိတ်ကာ အသားတွေ တဆတ်ဆတ်တုန်ယင် လျက်၊ စိတ်ထဲတွင် ဘုရားတ,လျက်၊ သူ့ခန္ဓာကိုယ်ပေါ်သို့ လက်ဝါး တွေပဲ ကျလာမလား။ နားရင်းတွေပဲ ပူထူသွားလေမည်လား။ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဆောင့်ဆွဲကာ ပါးပြင်နှစ်ဘက်စလုံးပဲ ပွထူသွားမလား။ ကျော တွေ၊ ရင်တွေ၊ တင်တွေထံသို့ ဖနောင့်တွေပဲ ကျလာလေမလားဟု အစိုးရိမ်ကြီးစိုးရိမ်နေစဉ်မှာပင် သူ့တစ်ကိုယ်လုံးသည် လေထဲ မြောက်သွားသည်။

ဘုရား . . . ဘုရား . . . ကိုင်ပေါက်တော့မှာသေချာသည်။

ထိုသို့ ဘုရားတ,နေစဉ်မှာပင် ပါးပြင်နှစ်ဖက်ကို တရွှတ် ရွှတ်နမ်းခြင်း ခံလိုက်ရပြီ။

"ဟေး . . . ဒါမှ ငါ့မယားကွ၊ ငါ့မယား။ ဟီဟိ . . . လင်ကြီးမို့ အချစ်ကြီးသတဲ့၊ ငါ့ကို ပိုချစ်သတဲ့၊ ဟေ့ . . . ငါလိုလူ ဖမ္ဘူမှာရှိပါသေးရဲ့လား။

မတူရင် လာမတုနဲ့ကွ၊ ခေါင်းပုသွားမယ်၊ မောင်ငြိမ်း ကို လာမခွကြနဲ့၊ ကိုးဆယ်ဆသာတဲ့လူကွ၊ ငါ့မိန်းမ ဘယ်နေရာကပဲ မီးလင်း,မီးလင်း အမှန်တကယ်က ငါမှငါ ငါ့ကို အချစ်ဆုံး"

ဟူသည့် မအူမလည်ကြွေးဝါးသံကြီးသည် ကိုငြိမ်းသူ၏ နှုတ်ဖျားမှ အောင်မြင်ခံ့ညားစွာ ပေါ်ထွက်လာပါတော့သတည်း။



"အဲသည်အထုပ်တ
ကျွန်မတို့ ရင်နှီးစားသောက်ဖို့
ကျွန်မရဲ့ လက်ဝတ်လက်စားထုပ်တွေပဲ။
ကဲ .... ရော့က အသာကြွ။
ကျွန်မက
ကျွန်မရဲ့ အဝတ်အစားထုပ်တွေနဲ့
နောက်က လိုက်လာခဲ့မယ် ....
သွား .... သွား ....
ခြေသံလုံလုံနဲ့ သွား ...."



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှင်းသဖင်တို့က ပြောင်းယွင်းချင်ပေမယ့် ပြောင်းယွင်းချင်တိုင်း ပြောင်းယွင်း၍မဖြစ်သေး။ ဟေမန္တနှင့်ချုပ်ဆိုထားသည့်သက်တမ်းက ပြည့်မှမပြည့်ရသေးလေကား ၎င်းတို့၏အရိပ်အခြည်ကို မြူမှုန်ထုကြီးက မျက်လုံးဒေါက်ထောက် ကြည့်ရှုနေကြလေ၏။ မြောက်ပြန်လေက ထူးခြားဖြစ်စဉ်မှန်သမျှ အမြဲလို အစီရင်ခံစာ တင်၏။ သည်တော့လည်း သဘာဝသည် ကြိုလျှင်အချမ်းခံဘဲ ပုံတင်ပြစရာ ဖြစ်ရပြန်တော့သတည်း။

ဆောင်းညချမ်းပေမို့ နေ့တာတိုကာ ညတာသည် လန်ဘားအဖြစ်ခံယူရင်း ရွှေပိန်းကောတစ်ရွာလုံးအား စောင်မွေးတို့ စောင်မွေးရှည်တို့ကို ကြိုက်သလိုခြုံကာ ကွေးချင်သလိုကွေးကြပေရော့ဟု နှလုံးပိုက်လျက် အအေးထုကြီးအား လွှမ်းဖြန့်ပစ်လိုက်သည်။ သည့်အတွက် ကောက်ချိတ်အပါအဝင် တစ်အိမ်သားလုံးသည် ကိုယ်





ကျောခင်းရာ ခန်းစက်ရာအသီးသီးဝယ် အသက,အသကဆိုသလို အိပ်မောကျနေပြီဆိုသော်ငြား လက်ဖက်သုပ်တွေ ကိုယ့်ဗာသာစားရင်း အိပ်မပျော်နိုင်အောင် ကြံဆပြုမူထားသူတစ်ယောက်ရှိ၏။

၎င်းကား အခြားမဟုတ်။

ကောက်ချိတ်၏အစ်မအကြီးဆုံး။ တစ်နည်းအားဖြင့် အင်းသူကြီးဦးညွန့်တင်နှင့် အင်းသူကြီးကတော် ဒေါ်တင်နွဲ့တို့၏သမီးအကြီး တင်တင်ညွန့်ပါတည်း။

တင်တင်ညွန့်အဖို့ သည်ကနေ့ညသည် ရင်အဖိုရဆုံး ညတစ်ညဖြစ်သည်။ တစ်အိမ်သားလုံး ချမ်းချမ်းစီးစီးနှင့် အိပ်မောကျနေပြီဖြစ်သော်လည်း သူမတစ်ယောက်တည်းသာလျှင် စိတ်မောလူမောနှင့် အပူဇောကြွကာ သည်လောက်အေးသည့်အထဲ နဖူးပြင်တစ်ဝိုက်၌ ချွေးများက စို့လာပြန်သေးသည်။

တစ်အိမ်လုံးကား မှောင်နှင့်မည်းမည်း ဘာမှလည်းမသဲကွဲ။

တစ်ချက်တစ်ချက် အိမ်မြှောင်စုတ်ထိုးသံတွေသော်လည်းကောင်း၊ ကြွက်ကာလသားအပေါင်း၏ လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင်အသံတွေသော်လည်းကောင်း အိမ်တွင်းဆီမှ တစ်ချက်တစ်ချက် ထွက်ပေါ်လာခဲ့သည်။ အိမ်အပြင်ပတ်ဝန်းကျင်မှာတော့ တစ်ချက်တစ်ချက် ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံ၊ ဇီးကွက်၊ ဒီးဒုတ်ငှက်တို့၏အော်မြည်သံ၊ တစ်တီတူးငှက်၏ 'ဖြစ်ချီဘူး ဖြစ်ချီဘူး' ဆိုသည့်အသံတို့ကို ရံဖန်ရံခါ ကြားရတတ်သည်။

တင်တင်ညွန့်သည် စိတ်ဂနာမငြိမ်ဖြစ်ကာ အိပ်ရာခင်းပေါ်၌ လှဲချလိုက်၊ ပြန်ပြီးထိုင်လိုက်နှင့် တစ်စုံတစ်ခုကို စိတ်မော



www.burmeseclassic.com

နေဟန်တူလေသည်။ ထို့နောက် ကြိုတင်ဆောင်ထားသော ကြေး မီးခြစ်ကလေးကိုခြစ်ကာ အိပ်ဆောင်နာရီကလေးကို ထုတ်ကြည့် လိုက်သည်။

"ဟင်းနော် ... အချိန်တွေကလည်း ရောက်ခဲလိုက် တာ၊ အကြံအစည်တွေပျက်ရင်တော့ တကယ့်ကိုဂွပဲ"

သူမဖာသာသူမ စိတ်အတွင်းမှ အလိုမကျခြင်း၊ စိုးရိမ်ခြင်း များဖြင့် အသံတိတ် တီးတိုးရေရွတ်မိလေသည်။

သည့်နောက် စိတ်လှုပ်ရှားနေမှုကို ငြိမ်သက်သွားစေရန် ခုတင်ပေါ်မှ အသာဆင်းပြီး လုံချည်ကို ပြင်ဝတ်သည်။ ပြတင်း တံခါးကို အသံမမြည်အောင် အသာဟသည်။ ဒီညမှာတော့ သူမ အဖို့ ဘဝရဲ့ကယ်တင်ရှင်အလာကို ရင်တဖိုဖိုနှင့် စောင့်မျှော်နေရ ပါသည်။ သည်ကယ်တင်ရှင် ရောက်မလာလျှင်သော်လည်းကောင်း၊ ရောက်လာသည့်တိုင် အခြေအနေတွေ ကပြောင်းတိကပြောင်းပြန် ဖြစ်လျှင်သော်လည်းကောင်း 'မေ့အဖြစ်နဲ့မေသာ ရှိပါစေတော့ မောင်ရေ ... မောင်ရေ''ဆိုသည့်ကိန်းသို့ အော်တိုမက်တစ် ဆိုက် ရောက်သွားပေလိမ့်မည်။

သည်ခဏ မမျှော်လင့်ဘဲ မီးခြစ်က ကြမ်းပြင်ပေါ်သို့ပြုတ် ကျဖြစ်အောင် ပြုတ်ကျရပြန်သည်။

"ဒေါက် ..."

ဘုရား ... ဘုရား ... ဟု ရေရွတ်ရင်း လက်ဝါးနှစ်ဖက် ဖြင့် နားနှစ်ဖက်ကို အသာပိတ်ထားလိုက်ရသည်။ ထိုသို့ မီးခြစ်





ပြုတ်ကျသံကြောင့် တစ်ဖက်ခန်းမှ ဖခင်အင်းသူကြီးဦးညွန့်တင်၏ ချောင်းဟန့်သံ ပေါ်ထွက်လာလေသည်။

"အဟမ်း ... အဟမ်း ... ဘွတ် ..."

ချောင်းဟန့်သံနှင့်တစ်ဆက်တည်း လေလည်သံကပါ ကျယ် လောင်စွာ ပေါ်ထွက်လာခဲ့ရာ တင်တင်ညွန့်အဖို့ ရင်တဖိုဖိုဖြစ်နေ ရာမှ ယောင်ယမ်းပြီး သူမနှာခေါင်းကိုသူမ အလျင်အမြန်ပိတ်မိ သွားလေသည်။

"အဲဒါမှ ပြဿနာပဲ၊ အဖေ အိပ်မပျော်သေးဘူးထင် တယ်၊ အိပ်မပျော်ဘဲ အိပ်ရာကထလာရင် ဘယ်လိုလုပ် ရပါ့မလဲနော် ..."

သူမအတွေးနှင့်သူမ စိုးရိမ်တကြီးဖြစ်ကာ ရင်တွေတဒိန်း ဒိန်းခုန်လှုပ်နေသလောက် တစ်ဖက်ခန်းမှ ဦးညွန့်တင်ကတော့ ဘာဆိုဘာမျှမသိပါ။ အင်းသူကြီးကတော် ဒေါ်တင်နွဲ့အား ဖက် ခေါင်းအုံးကြီးသဖွယ် ပေါင်တစ်ဖက်ခွတင်ရင်း တခူးခူးတခေါ်ခေါ် ဟောက်နေလေတော့၏။ ဒေါ်တင်နွဲ့ကလည်း အိပ်ပျော်သွားပြီဆိုပါ က တွင်းဝင်ဖြောင့်သည့် ဘာမြွေပဲဝင်ဝင် အသိရှိတော့လေသည် မဟုတ်။ တရှူးရှူးနှင့် တကယ့်ကို တုံးခနဲ။

"တော်ပါသေးရဲ့ ... တကယ်မနိုးဘဲ ယောင်နေလို့"

သည်တော့မှ စိတ်သက်သာရသွားကာ နောက်ဖေးဘက် တံခါးဆီသို့ ခြေသံကိုလုံအောင်ဝှက်လျက် တစ်လှမ်းချင်းလျှောက် သွားခဲ့လေသည်။ သည့်နောက် အစီအစဉ်ရေးဆွဲထားသည့်အတိုင်း

www.burmeseclassic.com



နောက်ဖေးပေါက်တံခါး မင်းတုံးကိုအသာမကာ တံခါးအား အသံမမြည်အောင် ဖွင့်လိုက်ပါတော့၏။

တံခါးပွင့်သွားတော့ အပြင်ဘက်ကို လှမ်းမျှော်အကဲခတ်လိုက်သည်။ မှိန်မှိန်ဖျော့ဖျော့ လရောင်အောက်မှာတော့ နှင်းစက်နှင်းမှုန်တွေက မြူသင်တိုင်းနှင့်ပေါင်းစပ်ကာ အတန်ငယ်လှမ်းပါက ဘာမျှမမြင်နိုင်လောက်အောင် ဖန်တီးလျက်ရှိတော့၏။ ပုရစ်သံ၊ ပုစဉ်းရင်ကွဲတို့၏အသံမှအပ ဘာမျှထူးထူးခြားခြား ဖြစ်ပေါ်မလာသောအခါ တင်တင်ညွန့်အဖို့ သက်ပြင်းကိုသာ တွင်တွင်ချနေရတော့သည်။

သူမသည် မိနစ်အတန်ငယ်ကြာမျှ အပြင်ဘက်ကို ငေးကြည့်နေခဲ့ပြီး အအေးဓာတ်၏ထွေးပတ်မှုကို မခံစားနိုင်လေသောအခါ တံခါးရွက်ကို အသာကလေးပြန်စေ့၍ သူမအိပ်ခန်းမှ ခုတင်ရှိရာသို့ပြန်လာပြီး ဂွမ်းစောင်ကို ဆွဲခြုံလိုက်သည်။

"ဟွန်းနော် ...ကိုဗိုက်ကလေး၊ ရှင်သာ ဒီညမှာ အချိန်မီရောက်မလာခဲ့ရင် ရှင်နဲ့ကျွန်မ တစ်သက်ဝေးပြီ၊ နောက်ရက်မှာ အဖေ့မိတ်ဆွေ ဝက်ကုန်သည် ပေါက်ဖော်ကြီး ဦးခွန်းထစ်ရဲ့သား ကျင်ငွေဆိုတဲ့ဘိန်းစားရုပ်နဲ့ ကျွန်မကို ပေးစားကြတော့မယ်၊ ကျွန်မတော့ ရှင်သာရောက်မလာခဲ့ရင် ဝက်ပင်လယ်ကြောမှာ ပက်လက်ပဲမျောရမလား၊ မှောက်ခုံပဲမျောရမလား မပြောတတ်တော့ဘူးဟူး ..."





သည့်သို့ အသံတိတ်ညည်းတွားရင်း ကြေးမီးခြစ်ကိုခြစ်ကာ အိတ်ဆောင်နာရီ၏ လက်တံကလေးများကို ကြည့်မိပြန်သည်။

"ဟင်း ... ချိန်းထားတဲ့အချိန်က မိနစ်နည်းနည်းလိုသေးတယ်၊ တော်ပါသေးရဲ့နော် ... ရှင်အချိန်မီရောက်လာမှ ကျွန်မဘဝ သည်ဘိန်းစားရုပ် ကျင်ငွေလက်က လွတ်ရမှာ"

ထို့နောက် ပတ်ဝန်းကျင်ကို နားစွင့်လိုက်ပြန်သည်။ ပတ်ဝန်းကျင်မှာတော့ ဖီးကွက်တစ်ကောင်၏ 'စိကွဲ ... စိကွဲ' ဆိုသည့် အသံကိုကြားရပြန်သည်။ အယူတော်မင်္ဂလာအရဆိုလျှင်ဖြင့် ဖီးကွက်ထံမှပေါ်လာသည့် 'စိကွဲ ... စိကွဲ' ဟူသောအသံသည် သူမအဖို့ အတိတ်ကောင်းနိမိတ်ကောင်း ဖြစ်လေမည်လားမဆိုသာ။ ထိုခဏ အသံတွေ ရုတ်ခြည်းတိတ်ဆိတ်သွားလေ၏။

"ဟာ ...ကိုဗိုက်ကလေး လာပြီထင်တယ်"

ရင်အစုံ ထိတ်ခနဲဖိုသွားသည်။

သည့်နောက် အားရဝမ်းသာဖြင့် စောင်ကိုခွာချ၊ ခုတင်မှ ထကာ တံခါးဝဆီသို့ ခြေသံကိုလုံအောင်ရှက်လျက် လျှောက်သွားခဲ့ပြန်သည်။ တံခါးနှင့်မလှမ်းမကမ်းသို့ ရောက်လေသောအခါ ဟထားသောတံခါးသည် အပြင်မှ တစ်စုံတစ်ဦးက အသာတွန်းဖွင့်လိုက်သည်ထင့် အသာကလေး ပွင့်လာခဲ့သည်။

"တော်ပါသေးရဲ့ ... အချိန်မီရောက်လာလို့"

စိတ်နည်းနည်းအေးသွားပြီးသကာလ ဝင်ရောက်လာသောသူ့ရိပ်ထံ ချဉ်းကပ်သွားလိုက်သည်။

www.burmeseclassic.com



"ဟွန်း ... ထန်းရည်နံ့က ဟောင်နေတာပဲ၊ အေးလေ ရဲဆေးတင်လာတော့လည်း ခွင့်လွှတ်ရမှာပဲပေါ့၊ ဒီမှာတော့ အချိန်မီရောက်မှရောက်လာပါ့မလားလို့ စောင့်လိုက်ရတာ လည်ပင်းကိုရှည်လှပြီ၊ ကဲ ... လာ လာ၊ ကျွန်မ အားလုံး ထုပ်ပိုးထားပြီးပြီ"

တင်တင်ညွန့်သည် အပြင်မှလာသောလူအား လက်ဆွဲပြီး သူမ၏အခန်းရှိရာသို့ ဆွဲခေါ်သွားခဲ့၏။ အခန်းတွင်းသို့ရောက်လေ သော် ကြိုတင်စီစဉ်ထုပ်ပိုးထားသော အထုပ်နှစ်ထုပ်အနက်မှ အထုပ် သေးအား ထိုသူ၏လက်ထဲသို့ ထည့်လိုက်၏။

"အဲသည်အထုပ်က ကျွန်မတို့ ရင်းနှီးလုပ်ကိုင်စား သောက်ဖို့ ကျွန်မရဲ့လက်ဝတ်လက်စားထုပ်တွေပဲ၊ ကဲ- ရှေ့က အသာကြွ၊ ကျွန်မက ကျွန်မရဲ့အဝတ်အစားထုပ် တွေနဲ့ နောက်က လိုက်လာခဲ့မယ်၊ သွား ... သွား .. ခြေသံလုံလုံနဲ့သွား ..."

သိပ်တော့မကြာလိုက်ပါ။ ရှေ့ကလူ ထွက်သွားပြီး သိပ် မကြာလိုက်ချိန်မှာ တင်တင်ညွန့်လည်း အိမ်ထဲမှ အောင်မြင်စွာ ထွက်နိုင်ခဲ့ပါပြီ။

မကြာမီမှာတော့ တင်တင်ညွန့်လည်း နိုးရာနောက်လိုက် အသွား နောက်ဖေးတံခါးကလည်း ပွင့်လျက်သားဖြင့် အခံအအုပ် ကာရန်မီစွာသော 'နိုးရာလိုက်တဲ့ည'ကဗျာလေးတစ်ပုဒ် ဖြစ်လာခဲ့ ရလေတကား။



"အင်း .... ငါက ငါ့ဓိတ်သွေ
ဝက်ကုန်သည် ဦးခွန်းထပ်ရဲ့သားနဲ့
ပေးစားမယ်လို့ပြောတာတည်းက
အင်း .... အရေးအရာတွေပျက်နေတာ။
ခုတော့လည်း ....
ကိုယ့်လမ်းကိုယ်ရွေးသွားပြီမို့
မတတ်နိုင်တော့ဘူး ....။
လိုက်လည်းရှာစရာမလိုတော့ဘူး ...."



www.burmeseclassic.com

www.burmeseclassic.com

တင်တင်ညွန့်တစ်ယောက် သူမ၏ချစ်သူ လယ်သူရင်းငှား ဗိုက်ကလေးနင့်လိုက်သွားပြီး နာရီဝက်လောက်အကြာမှာတော့ ဝမ်းမီးအားကောင်းလှစွာသော အင်းသူကြီးဦးညွန့်တင်သည် ဝမ်းမီး အားကောင်းလှစွာဖြင့် ဗိုက်ထဲရစ်လာကာ အိပ်ရာမှထလိုက်ပြီး နံဘေးမှမီးခြစ်ကိုစမ်းကာ အိပ်ရာမှထလိုက်၏။ ပြီးနောက် ဖယောင်း တိုင်တစ်တိုင်ကိုယူပြီး မီးညှိလိုက်လေ၏။

ထို့နောက် နောက်ဖေးရှိအိမ်သာသို့ ထသွားလေရာ မင်းတုံး ချလျက် အသေအချာပိတ်ထားသောတံခါးသည် ဟလျက်သား ရှိနေသည်ကို တွေ့ရသဖြင့် ထိတ်ခနဲဖြစ်သွားရတော့သည်။ သည့် အတွက် အိမ်သားတို့ကို နှိုးလိုက်ရတော့၏။

"ဟဲ့ ... မတင်နွဲ့တို့၊ ငပိန်တို့ ထစမ်း ... ထစမ်း။ ထကြစမ်း ... ငါတို့အိမ် သူခိုးတက်ပြီးမွှေသွားပြီထင် တယ်၊ ထစမ်း ... ထစမ်း ... ထကြစမ်း ..."





ဆူဆူပူပူဖြင့် အလန့်တကြား အော်ဟစ်ပင့်နှိုးလိုက်သည်မို့ အိမ်သားအားလုံးလည်း အိပ်မှုန်စုံမွှားဖြင့် အိပ်ရာမှ လူးလဲထလိုက် ကြပြီး ဦးညွန့်တင် ဖယောင်းတိုင်ကြီးကိုင်ပြီးရပ်နေရာ နောက်ဖေး ခန်းဆီသို့ စုဝေးရောက်ရှိသွားခဲ့ကြသည်။

"ဘယ် ... ဘယ်လိုဖြစ်တာလဲ ကိုညွန့်တင်"

"ဘယ်လိုဖြစ်ရမလဲဟ ... ငါ အီအီးပါဖို့ အိပ်ရာက ထလာပြီး ဒီနောက်ဖေးခန်းကိုရောက်တော့ မင်းတုံး သေ သေချာချာချထားတဲ့ နောက်ဖေးတံခါးစာ ပွင့်နေတယ်၊ တို့အိမ်ကို သူခိုးဝင်တာ သေချာပြီပေ့ါ ... ကိုင်း ... ဘာတွေများသမသွားတယ်ဆိုတာ သိရအောင် ဖယောင်း တိုင်တွေထပ်ထွန်းပြီး ရှာကြစမ်း ... ရှာကြစမ်း ..."

အိမ်သားအားလုံး ဖယောင်းတိုင်များ ထွန်းညှိလိုက်ကြ သဖြင့် အိမ်တွင်းတစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်သွားကြသည်။

"ဟယ် .. တင်တင်ညွန့်အခန်းပွင့်နေတယ် ကိုညွန့် တင် ..."

"ဟေ ... ဘယ်လိုများဖြစ်ရပါလိမ့်၊ သွား ... သွား။ အဲဒီအခန်းကို ဝင်သွားကြစမ်း"

အားလုံး တင်တင်ညွန့်အခန်းထဲသို့ ဝင်ရောက်သွားခဲ့ကြ သည်။

"အဲတော့ ... ကိုညွန့်တင်ရေ ကြည့်ပါဦး ... သမီး ကြီးရဲ့အဝတ်သေတ္တာကြီးလည်း ပွင့်လို့တော့၊ အထဲမှာ လည်း ဘာအဝတ်အစားတစ်ထည်မှ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သေချင်းဆိုးသူခိုး၊ အကုန်လုံးမ,သွားပြီထင်တယ်"

"မထင်နဲ့ ... မထင်နဲ့၊ တကယ့်ကိုမ,သွားတာ"

"တောက် ... အခန်းထဲ သူခိုးဝင်ပြီး သေသေချာချာ သေတ္တာဖွင့်လို့ မ,သွားတာတောင် မသိနိုင်လောက်အောင် အိပ်ပုပ်ကြီးတဲ့နင့်သမီး၊ ခုတင်ပေါ်မှ ခုထိအအိပ်မက် တုန်းလားမသိဘူး။ ခြင်ထောင်ဖွင့်လိုက်စမ်း ... ဖွင့်လိုက်စမ်း ..."

ဦးညွန့်တင်၏စေစားချက်ဖြင့် ဒေါ်တင်နွဲ့လည်း တင်တင်ညွန့်၏ခြင်ထောင်ကိုမ,ကာ အပေါ်သို့တင်လိုက်၏။ ခုတင်ပေါ်မှာတော့ တခေါ်ခေါ်ဖြင့် စောင်ကို ခေါင်းမြီးခြုံလျက်အိပ်နေသည့် မြင်ကွင်းတစ်ခု။

"ဟဲ့ ... ဟဲ့ ... တင်တင်ညွန့်၊ ထစမ်း ထစမ်း"

ဒေါ်တင်နွဲ့က အသံပေးပြီးနှိုး၏။ သို့ရာတွင် ခုတင်ပေါ်၌ အိပ်ပုပ်ကြီးသူကဖြင့် ဆင်အော်လို့ပင် ကြားမည့်ပုံမရ။ မလှုပ်မယှက်ဖြင့် လုံးဝကို ငြိမ်ချက်သားကောင်းနေသည်။

ဒေါ်တင်နွဲ့ စိတ်မရှည်နိုင်တော့။

အိပ်နေသူ၏တင်ပါးကို ပုတ်၍နှိုး၏။ ထိုအခါ စောင်ခေါင်းမြီးခြုံလျက် မှောက်ခုံကြီးအိပ်နေသူသည် တစ်ဖက်သို့ခပ်စောင်းစောင်းလေး အနေအထားပြောင်းကာ အိပ်ပျော်သွားပြန်၏။

"ဟဲ့ ... တင်တင်ညွန့် မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် အအိပ်မက်ရသလား။ အပျိုတန်မဲ့ ... တယ်လေ





ငါပြောရ ကျော်မကောင်းကြားမကောင်းဖြစ်တော့မယ်၊ ဟဲ့ ... ထလေ၊ ထ ... ထ ..."

"ပြောမရရင် စောင်ကိုဆွဲခွာကွာ ..."

"ကဲ ... ကဲ ..."

"ဟင် ..."

"ဟာ ..."

"ဟယ် ..."

ဒေါ်တင်နွဲ့က လင်တော်မောင်၏ ညွှန်ကြားချက်အတိုင်း စောင်ကိုဆွဲခွာလိုက်သည့်သမယ မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် အားလုံးပင် ပါးစပ်အဟောင်းသားဖြစ်သွားကြတော့၏။ ရုတ်တရက် ဘာစကားမျှမပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်သွားကြကုန်၏။ သူတို့အားလုံး တင်တင်ညွန့်၏ခုတင်ပေါ်၌ မြင်တွေ့လိုက်ရသူက တင်တင်ညွန့်မှ မဟုတ်ပေဘဲ။

မြင်တွေ့လိုက်ရသူကား ... ကောက်ချိတ်ရယ်ပါတည်း။

ဦးညွန့်တင်အဖို့ အစ်မဖြစ်သူ၏ခုတင်ပေါ်၌ရောက်နေသော ကောက်ချိတ်ကို မြင်တွေ့လိုက်ရသည့်တဒင်္ဂ တစ်မျိုးတစ်မည် အတွေးဝင်ရောက်ပြီး ဒေါသတွေ အလိပ်လိုက်,အလိပ်လိုက်တက်ကာ အနီးရှိ မြင်းလုံးကိုပြေးယူ၍ ရိုက်မည်တကဲကဲလုပ်၏။ ငပိန်သာ အချိန်မီမဆွဲလျှင်ဖြင့် ကောက်ချိတ်တစ်ယောက် အတော်ပင် သက်သာလိမ့်မည်မဟုတ်။

"အာစရိ ... လွှန်မယ် လွှန်မယ်၊ သတိထားပါ အာစရိ ..."

www.burmeseclassic.com



"တောက် ... ခွေးမျိုး ခွေးမျိုး ကိုယ့်အိပ်ရာကိုယ် မအိပ်ဘဲ ကိုယ့်အစ်မခုတင်ပေါ်တက်အိပ်တဲ့ ခွေး မင်း တော့လားကွာ ... ပတ်ဝန်းကျင်သိရင် ငါတို့တော့ ခွေး စိတ်ဝင်နေတဲ့မင်းကြောင့် ရေစုန်မျောပါပြီကွာ ..."

ဦးညွန့်တင် မချိတင်ကဲဖြစ်နေသလောက် မျက်လုံးလေး ပေကလပ်,ပေကလပ်ဖြင့် ပြူးတိပြူးကြောင်ဖြစ်နေသူကား ... ကောက်ချိတ်ရယ်ပါတည်း။

"ကျွန်တော် ... ကျွန်တော် ... ကျွန်တော် ဘာ လုပ်လို့လဲ အဖေရ"

"ဘာ ... ဘာလုပ်လို့လဲ ဟုတ်လား။ ညကြီးမင်းကြီး ကိုယ့်အစ်မခုတင်ပေါ် ရောက်နေတာလေ၊ မင်းအကျင့် ယုတ်တာ၊ ဘာမှန်လာဥလုပ်ချင်သေးလဲ၊ နေပါဦး ... တင်တင်ညွန့် ... တင်တင်ညွန့် ဘယ်ရောက်နေလဲ၊ ဟော့ကောင် ... ခွေး။ ပြော ... ပြောစမ်း"

"ဟာ ... ဘာတွေပြောနေကြပါလိမ့်၊ ကျွန်တော် ဘာတစ်ခုမှမသိဘူး အဖေရဲ့"

"ဟ ... မသိဘဲနဲ့ မင်း ဒီခုတင်ပေါ် ဘာလို့ရောက် နေရတာလဲ ခွေးရဲ့"

"ဟာ ... ရှုပ်ကုန်ပါပြီ အဖေရာ၊ ကိုင်း ... ကျွန် တော့် မှတ်မိသလောက်ရှင်းပြပါ့မယ်။

ကျွန်တော် ဖက်တီးဝင်းမောင်တို့နဲ့ ကိုသာဘန်းတို့ ဆိုင်မှာထိုင်တာ ညဉ့်နက်သွားတယ်။ သောက်ကောင်း





ကောင်းနဲ့သောက်မိတော့ အတော်ကလေးကို ဒေါင်ချာ စိုင်းသွားတယ် အဖေရ။

အဲဒါနဲ့ အိမ်ပြန်အိပ်ဖို့ ပြန်လာခဲ့တဲ့အခါ ကျွန်တော့် အခန်းပြတင်းပေါက်က ကျော်ဝင်မလို့ပဲ၊ ဒါပေမယ့် အပေါ့ အပါးသွားချင်တာနဲ့ အိမ်သာထဲ ခဏဝင်ပြီး ပြန်အထွက် နောက်ဖေးတံခါး ဟနေတာတွေ့လို့ အတော်ပဲဆိုပြီး နောက်ဖေးတံခါးကို တွန်းအဖွင့်မှာ အစ်မက 'တော်ပါ သေးရဲ့ အချိန်မီရောက်လာလို့'ဆိုပြီး ကျွန်တော့်လက်ကို လာဆွဲတယ်၊ ပြီးတော့လည်း 'ဟွန်း ... ထန်းရည်နံ့က ဟောင်နေတာပဲ၊ အင်းလေ ... ရဲဆေးတင်လာတော့ လည်း ခွင့်လွှတ်ရမှာပဲပေါ့၊ ဒီမှာတော့ အချိန်မီရောက်မှ ရောက်လာပါ့မလားလို့ စောင့်လိုက်ရတာ လည်ပင်းကို ရှည်လှပြီ၊ ကဲ ... လာ လာ' ဆိုပြီး အစ်မက သူ့အခန်း ထဲ ဆွဲခေါ်သွားတယ်၊ ကျွန်တော်ကလည်း ထန်းရည် တန်ခိုးကလည်းပါ၊ လူကလည်း အိပ်ချင်မူးတူးနဲ့ ထိုးအိပ် ဖို့ရာသာ စိတ်ထဲရှိလေတော့ ဘာစကားမှမဟဘဲ အစ်မ ဆွဲခေါ်ရာနောက် လိုက်သွားခဲ့တာ ..."

"အင်း ... ဟုတ်ပြီ၊ ဆက်ပြော ..."

"အဲ .... အစ်မအခန်းထဲရောက်တော့ အစ်မက ကျွန်တော့်လက်ထဲ အထုပ်သေးတစ်ထုပ်ပေးတယ်၊ ပြီး တော့ 'အဲသည်အထုပ်က ကျွန်မတို့ ရင်းနှီးလုပ်ကိုင်စား သောက်ဖို့ ကျွန်မရဲ့လက်ဝတ်လက်စားထုပ်တွေပဲ၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က အသာကြွ၊ ကျွန်မက ကျွန်မရဲ့အဝတ်အစားထုပ်တွေနဲ့ နောက်ကလိုက်ခဲ့မယ်၊ သွား . . . သွား . . . ခြေသံလုံလုံနဲ့သွား''ဆိုပြီး တွန်းလွှတ်တော့ ကျွန်တော်လည်း ယောင်တောင်ပေါင်တောင်နဲ့ နောက်ဖေးတံခါးဆီကို သွားခဲ့တယ်''

''ဆက်ပြော . . .''

''အဲဒီတုန်းမှာ နောက်ဖေးတံခါးပေါက်ကို လူတစ်ယောက်ရောက်လာတယ် အဖေရေ၊ ကျွန်တော်လည်း ငါ့များတီးထည့်လိုက်မလားဆိုပြီး ကြောက်တာနဲ့ အမှောင်ထုအားကိုးပြီး တံခါးချပ်အကွယ်မှာ အသာကလေးပုနေလိုက်တယ်။

မကြာပါဘူး။ အစ်မလည်း သူ့အထုပ်သူမ,ပြီး နောက်ဖေးတံခါးက ဆင်းသွားတာပါပဲ၊ ဇာတ်လိုက်ကလေးနဲ့ . . . အစ်မ လင်နောက်လိုက်သွားတာဖြစ်မယ်၊ အဲဒီမှာ ကျွန်တော်လည်း အိပ်ချင်စိတ်ကိုတင်းမထားနိုင်တော့တာနဲ့ အစ်မအခန်းပြန်ဝင်ပြီး စောင်ခြုံကွေးတော့တာပဲဗျာ''

''တောက် . . . တော်တော်လည်းမိုက်တဲ့သမီးပဲ၊ မိဘကွေက မြင့်စေချင်လို့ တွန်းတင်ပေးတာကို လက်မခံဘဲ အဝီစိဆင်းချင်တဲ့ဟာ . . .''

ထိုစဉ်မှာပင် ပေါ်နက ခုတင်ပေါ်၌ လှမ်းတွေ့ရသော စာခေါက်ကလေးအား လှမ်းမြင်ကာ . . .





''ဟော . . . ဟိုမှာ စာခေါက်ကလေးတစ်ခု အာစရိ''

ဟု လှမ်းပြောလိုက်သည်။

ဦးညွန့်တင်လည်း စာခေါက်ကိုလှမ်းယူကာ မီးရောင်ဖြင့် အများကြားအောင် ဖတ်လိုက်သည်။

''အဖေနဲ့ အမေရှင့် . . .

သမီး ရိုသေစွာ စာရေးခဲ့ပါတယ်၊ အဖေပေးစားမယ့် ဘိန်းစားရုပ်ကျင်ငွေကို သဘောမကျလို့ သမီးချစ်ကြိုက်နေတဲ့ ကိုဗိုက်ကလေးနောက်ကို လိုက်သွားပါပြီ။

သမီးကို ခွင့်လွှတ်ပါ။ အဖေတို့အမေတို့ထံ မြေးဦးကလေးရတဲ့အခါ လာရောက်ကန်တော့ပါဦးမည်။

သမီး

တင်တင်ညွန့်

အခုမှပင် အဖတ်ကုန်၍ အရှည်လည်တော့သည်။

ကောက်ချိတ်အပေါ်တွင်လည်း သံသယရှင်းသွားလေတော့၏။

''အင်း . . . ငါက ငါ့မိတ်ဆွေ ဝက်ကုန်သည် ဦးခွန်းထိစ်ရဲ့သားနဲ့ ပေးစားမယ်လို့ပြောကတည်းက ဒင်းအမူအရာတွေပျက်နေတာ၊ ခုတော့လည်း ကိုယ့်လမ်းကိုယ်ရွေးသွားပြီမို့ မတတ်နိုင်တော့ဘူး။ လိုက်လည်းရှာစရာမလိုတော့ဘူး။ ရှာတွေ့လည်း ဒင်းက ခြောက်ပြစ်ကင်းသဲလဲမစင်တော့ဘူး။

www.burmeseclassic.com



ဟောကောင် ... မင်းအစ်မပေးတဲ့အထုပ်ကော ..''

''ခုတင်အောက်မှာ ... အဖေ''

ငပိန်က ငုံ့ရှာသည်။ အထုပ်ကိုတွေ့တော့ လှမ်းပေးသည်။

''ဟူး ... တော်သေးတာပေါ့ကွာ၊ လက်ဝတ်လက်စားတွေ အကုန်ပြန်ရပေလို့။ နို့မဟုတ်ရင် ဗိုက်ကလေးသုံးဖြုန်းတာနဲ့ကုန်မှာ။ ငါ့သား မအူမလည်ကောက်ချိတ်ကြောင့် အလဟဿမဖြစ်ရတာ၊ ကိုင်း ... ကိုင်း ... ငါလည်း ခုမှ ဗိုက်ကပြန်ရစ်လာပြီ၊ အိပ်ကြ၊ သွားအိပ်ကြတော့ ...''

သည်သို့ဆိုရင်း အသီးသီး အသက,အသက ကိုယ့်အိပ်ရာကိုယ် ပြန်ဝင်ကြလေသည့်အခိုက် တင်တင်ညွန့်တို့ထွက်ခွာသွားရာ အရပ်ဒေသဆီမှ ဖီးကွက်တစ်ကောင်သည် ကောက်ချိတ်တို့ခြံဝင်းသို့ဖြတ်သွားရင်း 'စိကွဲ ... စိကွဲ'ဟူသည့် မာဂဓအသံအား ကျူးရင့်သွားခဲ့လေတော့တကား။



ထုံးစံအတိုင်းဆိုသလိုပင် ကိုသာဘန်း၏ထန်းရည်ဆိုင်၌ ညနေရီနေညိုသမ်းလေသည်နှင့် လူစုံတက်စုံရောက်နေကြပြီဖြစ်သည်။

''လောကမှာ 'တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဘူး'ဆိုတဲ့စကား တယ်အမှန်သားပါပဲကလား''

ဝိုင်းတစ်ဝိုင်းလုံးမှာတော့ ကိုစိန်တင်၏အသံက လွှမ်းမိုးလျက်ရှိသည်။ သည်ဝိုင်းမှာ ခါတိုင်းရောက်နေကျ ကောက်ချိတ်ရောက်မလာသည့်အတွက် တစ်စုံတစ်ခု လစ်ဟာနေသကဲ့သို့ဖြစ်နေလေသည်။

''ခင်ဗျားစကားက ဘာကိုရည်ရွယ်ပြီးပြောတာလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



စကားအချိတ်အဆက်မရှိသဖြင့် ဖက်တီးဝင်းမောင်က အထွန့်တက်လိုက်သည်။

"အင်းသူကြီးဦးညွှန့်တင်တို့လင်မယားကို ပြောတာပါကွာ၊ ပထမတော့ သူ့သမီးတင်တင်ညွှန့် ဗိုက်ကလေးနောက် ခိုးရာလိုက်သွားတော့ သဘောမတူဘူး၊ သေခန်းဖြတ်မယ် ရှင်ခန်းဖြတ်မယ်နဲ့ နောက်ကျတော့လည်း သွေးက စကားပြောတာပေါ့ကွာ၊ သူ့သမီးတင်တင်ညွှန့် အနေဆင်းရဲ အစားဆင်းရဲဖြစ်မှာစိုးလို့ထင်ပ။ သူတို့ခြံဝင်းထဲခေါ်ပြီး အိမ်တစ်လုံးဆောက်ပေး၊ သမက်လုပ်တဲ့ ဗိုက်ကလေးကိုလည်း ငါးဒိုင်မှာ အလုပ်ပေးနဲ့၊ အခုကျတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေသွားကြသား ..."

"ဒီတော့လည်း ဝမ်းသာရမှာပေါ့ကွာ၊ ဒါထက် ... တို့ကောင်ကြီးကောက်ချိတ် ပျောက်ချက်သားကောင်းနေပါလား၊ သူမလာတော့ တို့များအဖို့ အူစိုသင့်သလောက်မစိုတော့ဘူးပေါ့"

"ကေန္တ ... 'နှမလင်နေ မောင်ဖင်ကျိန်း' ဆိုတဲ့ကိန်းဆိုက်နေလို့လားမသိဘူး ... ဟားဟားဟား ..."

ထိုစဉ်မှာပင် ထန်းတဲဆီသို့ ဗိုက်ကလေးဝင်လာသည်။ သူလည်းလေ ယောကျ်ားသားရယ်မို့ အလုပ်ပင်ပန်းသည်တို့အကြောင်းပြကာ တစ်ခွက်တစ်ဖလားတော့ ရုံဖန်ရုံခါဆိုသလို ခိုးကြောင်ခိုးဝှက် လာလာချတတ်လေသည်။





ဗိုက်ကလေးကား ... လူကသာ အားကောင်းမောင်းသန်ရှိသော်လည်း သူ့မိန်းမ တင်တင်ညွှန့်ကိုမူ အလွန်မတန်ကြောက်ရသည့် မယားကြောက်ဖြစ်လေသည်။

သူသည် အာဇာနည်ယောကျ်ားကောင်းပီသစွာ ထန်းရည်ခါးကို အလွန်မတတ် ကြိုက်တတ်သူဖြစ်သော်ငြား သူများတကာလို စိတ်တိုင်းကျ မတွယ်ဝံ့ဘဲ ခိုးကြောင်ခိုးဝှက် ပုန်းလျှိုးကွယ်လျှိုးဆိုသလို ရသေ့စိတ်ဖြေ အာစွတ်လျှာစွတ်ရုံမျှ တွယ်နေရရှာသည့်အဖြစ်က သူ့ကိုယ်စား ထန်းရည်သမားများအဖို့ ရင်ထုမနာဖြစ်ရလေသည်။ သူများတကာတွေ ဟေးလားဟားလားဖြင့် တစ်မြူ့ပြီးတစ်မြူ့ အကြိုက်တွယ်နေကြပြီဆိုလျှင် မျက်လုံးဝင်းဝင်းတောက်ကာ 'သူတို့နှယ် တွယ်ချင်လိုက်ပါဘိ' ဟူ၍ ကြိတ်မနိုင်ခဲမရဖြင့် အံတွေးတွေကိုသာ တဂွပ်ဂွပ်မျိုချနေရလေသည်။

"ဟေ့ကောင်ကြီး ... ဗိုက်ကလေး တွယ်လေကွာ၊ တွယ်ပါကွ .... ပိုက်ဆံအပိုမပါလည်း မင့်ယောက်ဖကောက်ချိတ်နာမည်နဲ့ တွယ်လို့ရပါတယ်ကွ"

"ဟာ ... တွယ်တော့တွယ်ချင်တာပေါ့ဗျာ၊ ဒါပေမယ့်မလွယ်ဘူးထင်တယ်ဗျ၊ အိမ်ရောက်ရင် တင်တင်ညွှန့်ရဲ့ပါးစပ်သေနတ်ရယ်၊ ခြေမြန်လက်မြန်ရှိမှုရယ်ကြောင့် ကျုပ်ဖွတ်ဖွတ်ညက်ညက်ကျေလိမ့်မယ်၊ ကျုပ်ယောက်ဖတော်လေး ကောက်ချိတ်ခမျာ ကျုပ်အပေါ် သဘောကောင်းသလောက် သူ့အစ်မက မလွယ်ဘူး၊ ထန်းရည်နံ့ချဉ်စုတ်စုတ်ကို သိပ်မုန်းတာ၊ ကျုပ်ခမျာ မသောက်ရမနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ခုလိုမျိုး တစ်ရံတစ်ခါတွယ်သွားမိရင် အိမ်ထဲ မဝင်ခင် မာလကာရွက်တွေ ဝါးသွားရတာအမော်''

''မင်းဟာကလည်း … တယ်မလွယ်လှပါလားကွာ၊ မဖြစ်သေးပါဘူးကွာ၊ တတ်သည့်ပညာ မနေသာဆိုသလို မင်းအတွက် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ် အောင် နည်းကောင်းလမ်းကောင်းလေးတွေ ပေးဦးမှပါ''

ကိုစိန်တင်၏စကားက ထန်းရည်ကို အကြိုက်တွယ်လိုသူ ဗိုက်ကလေးအတွက် မျက်လုံးတွေဝင်းဝင်းတောက်သွားစေခဲ့သည်။

''ဒါဖြင့် … လုပ်ပါဗျာ၊ ကျုပ်ကိစ္စအဆင်ပြေရင် ခင်ဗျားတို့တစ်ဝိုင်းလုံးကို စိတ်တိုင်းကျပြုစုပါ့မယ်ဗျာ''

''ကောင်းပြီ၊ ဒါဆိုရင် … ဟော့ … ကိုသာဘန်၊ ထန်းရည်တစ်မြူချဗျာ''

''ဟာ … ဘာလုပ်မလို့လဲ ကိုစိန်တင်''

''မင်းကို တိုက်မလို့လေ''

''ဟာ … မဟုတ်တာဗျာ၊ အခု အာစွတ်လျှာစွတ်ရုံ ချတာတောင် အိမ်ရောက်ရင် ဘီလူးဆိုင်းက ဆီးကြိုနေ လိမ့်မှာ''

''ဟကောင် ဗိုက်ကလေးရဲ့ 'အကောင်းဖြစ်မယ့်ကြံ အဆိုးရှေ့က ခံ'တဲ့ကွ၊ ဒီတစ်နေ့ကတော့ မင်းကို ဆေးခါး တိုက်ရမှာပဲ၊ အနစ်နာခံနိုင်းရမှာပဲ၊ အဲ … နောက်နေ့ နောက်နေ့တွေကျရင်တော့ ငါပေးတဲ့အကြံအစည်နဲ့ အစစ အရာရာ အိုကေပြီ၊ အဆင်ပြေပြီလို့သာ မှတ်လိုက်ပေ





တော့၊ ကဲ … ဟော့ကောင်၊ ချ ချ၊ ချရင်းနဲ့ မင်းအနာဂတ် စိုပြည်လှပစေရေးအတွက် အကြံကောင်းဉာဏ်ကောင်း တွေ လာတော့မယ်''

''ဒါဆိုလည်း … ပေးဗျာ''

သကောင့်သားက နှစ်ခါပင်မတိုက်တွန်းလိုက်ရ၊ ဂွပ်ခနဲ ဆိုသလို တစ်ရှိန်ထိုးမော့ချပစ်လိုက်သည်။

''ဟား … ကောင်းမှကောင်းဗျ၊ နောက်တစ်ခွက် လောက်''

''အေး … အဲသလိုမှပေါ့ကွ၊ ဒီကနေ့ကတော့ 'အစ ပိုင်း ရှေ့ဘာ အနည်းငယ်နာမည်'ဆိုသလိုပဲ နောက်သုံး လေးရက်လောက်ကြာရင် မင်း အဆင်ပြေပြီ။

အဲ … လုပ်ရမှာက ဒီလိုကွ … ဒီလို …''

အခါတော်ပေးကိုစိန်တင်၏စကားကို နားထောင်လိုက်၊ ဂွပ်ခနဲတစ်ခွက်ချလိုက်၊ ဖက်တီးဝင်းမောင်တို့အုပ်စုက တဟီးဟီး တဟားဟားရယ်မောလိုက်နှင့် ဗိုက်ကလေးတို့စကားဝိုင်းသည် စိုပြည် လွန်းမက စိုပြည်လှပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ဟာလေ ....

အတော်ကလေးကို ခက်တော့တာပဲ

ကြောင်တစ်ကောင်လိုပေါ့ပါးပြီး

ကျားတစ်ကောင်လို

အစွမ်းရှိတဲ့အကြောင်း

နဝိုကတစ်ညီးက

ညွှန့်ညွှန့်သဘောပေါက်အောင်

ရှင်းပြထားပါလား ....

တဲ .... သွား ခုပဲ ကိုသာတန်းထန်းတဲကိုသွား"

မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

အခါတော်ပေးဆရာကြီး ကိုစိန်တင်၏ နည်းနာနိဿယများကိုခံယူ၍ ဗိုက်ကလေးတစ်ယောက် လေးကွက်သိုင်းနင်းကာထန်းတောထဲမှပြန်လာတော့ ဆန်းစလကွေးကွေးကလေးသည် ညကောင်းကင်၏ တိမ်ယံထုကိုခိုတွဲကာ မှိန်ပျပျအလင်းမျှင်တို့ကိုရွှေပိန်းကော့ရွာကလေးအား ကြဲပက်လိုက်လေသည်။

"သောက်လိုက် ...ချို ...မျိုလိုက်ရင် ..ခါး
ငါ့လယ်ကိုဝင်ကာစားတယ် ...(အို ...ဗျာ)ယောက္ခမရဲ့
နွား ...အားဟားဟား ..."

ထန်းရည်ကလေးခပ်ထွေထွေမို့ ရွာလမ်းကိုဖြတ်သန်းရင်းဗိုက်ကလေးလည်း သီချင်းတကျော်ကျော် ဟစ်အော်လာခဲ့သည်။ သူ့အောက်ကလိအသံကြီးကို ချီးမွမ်းထောပနာပြုလေသည်ထင့် ရွာခွေးအပေါင်းက 'တဝုတ်ဝုတ်'ဖြင့် ဝမ်းမြောက်ရောသောသောညံလျက်။





မကြာမီမှာပင် ယောက္ခမကြီး၏ခြံဝင်းအပါးသို့ ရောက်လာခဲ့သည်။

ယောက္ခမကြီး၏အိမ်ကြီးရှိုင် ခြေရင်းဘက်မှာတော့ သူတို့ဇနီးမယားအတွက် ဆောက်လုပ်ပေးထားသော အိမ်ကလေးတစ်လုံးရှိ၏။ ထိုအိမ်ကလေး၌ ချစ်မငြီးလှစွာသော သူ့အပေါ် လွန်စွာမှချစ်တတ်လှသော မယားအလှ တင်တင်ညွန့်ခမျာ စောင့်မျှော်နေရှာပေလိမ့်မည်။ တင်တင်ညွန့်၏မျက်နှာကို အာရုံထဲ ဖြန်းခနဲပုံရိပ်ထင်ဟပ်လာစေသည့်အခိုက် သောက်မျိုထားသောထန်းရည်တို့မှာ ရှိရိုကျဆင်းသွားလေသည်လားမသိ။

"ဟဲ့အကောင် ..."

"အောင်မယ်လေးဗျာ ..."

ရုတ်ခြည်းပေါ်ထွက်လာသည့် အိမ်ပေါက်ဝဆီမှ တင်တင်ညွန့်၏ ဆောင့်ကြီးအောင့်ကြီးအသံကြောင့် ပြောင်းဖူးမွှေးဆံပင်တို့ထောင်ထသွားသည့်အလား ခံစားလိုက်ရ၏။ ကြက်သီးမွေးညင်းတို့သည်း ဖြန်းခနဲထသွား၏။

"ဟဲ့ ...နင်က ငါ့ကို ဘီလူးသရဲမှတ်လို့ လန့်နေရတာလား"

"အာ ...မ မဟုတ်ရပေါင် ညွန့်ညွန့်ရယ်၊ ဖတ်ဖတ် ...ရုတ်တရက်ဆိုတော့ သွေးလန့်သွားလို့ပါ"

"လာစမ်း ...ဒီကိုလာစမ်း။ ငါ အတန်တန်သတိပေးထားပါလျက်နဲ့ ဒီအရည်တွေသောက်လာရသလား။ တွန်း ...တစ်ကိုယ်လုံးလည်း ချဉ်စုတ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲဟဲဟဲ ...ဟို ဟိုဒင်းလေ ...ဖက်တီးဝင်းမောင်တို့၊ ကျွဲသိုးမောင်ယုတို့နဲ့ဆုံလို့ ဒင်းတို့က စေတနာ ဗရပွနဲ့ အတင်းကာရော ပြုစုလိုက်လို့ အားနာပါးနာနဲ့ တစ်ခွက်တစ်ဖလားသာသာလောက် ... သောက်မိတာပါ ညွှန့်ညွှန့်ရယ်၊ ဒီကနေ့ မင်းမောင်လေးကောက်ချိတ်လည်း မတွေ့ပါဘူး"

"နင် ငါ့မောင်ကို ဘာမှဆွဲထည့်မနေနဲ့၊ အစတုန်းက မစားတတ်မသောက်တတ်ဘူး၊ အားကောင်းမောင်းသန်နဲ့ အလုပ်ကို ကြိုးစားလုပ်မယ့်သူ၊ ငါ့အနားမှာ အမြဲရှိနေမယ့်သူ၊ အားကိုးအားထားပြုရမယ့်သူဆိုပြီး နင့်ကိုလက်ခံလိုက်တာ ငါးပါးမှောက်တာပဲ"

"တစ်ခါတလေ သောက်မိတာပါ ညွှန့်ညွှန့်ရာ ... ဒီကောင်တွေကလေ ထန်းရည်ကို ရှိုးရှိုးတိုက်တာမဟုတ်ဘူးဟ၊ သူတို့မြို့ကရလာတဲ့ ခွန်အားတိုးဆေးဆိုလား ဘာဆိုလားမသိဘူး အဲဒါတွေစပ်ပြီးတိုက်တာဟ၊ အဲဒါသောက်မိရင် ဆင်ပြောင်ငါးစီး အားမာန်ကြီးရမယ်တဲ့၊ ငါလည်း ဘာမှန်းမသိဘဲ သောက်ခဲ့မိတာပါ၊ ကိုင်း ... ငါထမင်းစားချင်ပြီဟာ"

"စားချင်ရင် ကိုယ့်ဘာသာကိုယ်ခူးစား၊ နင့်လိုကဖော်သမားကို ငါက အရေးလုပ်ပြီး ဘာမှခူးကျွေးနေစရာမလိုဘူး ..."





"ရက်စက်လှချည်လား ...ညွှန့်ညွှန့်ရာ၊ မင်းဟာ ငါ့ရဲ့အချစ်ဆုံးပါ"

"ဟဲ့ ... သေနာ၊ ပေါက်တတ်ကရတွေ ပြောမနေနဲ့၊ နားခါးတယ်၊ ကိုယ့်ဘာသာကိုယ် အပင်းဆို့ပြီး ခြင်တောထဲမှာပဲသေတော့၊ ကျုပ် တော့်အနံ့တွေနဲ့ မအိပ်ချင်ဘူး"

"အနံ့ပျောက်အောင် ရေချိုးပြီး ဆပ်ပြာတိုက်မှာပေါ့ဟ ..."

"မသိဘူး၊ နင့်ဘာသာနင် မွှေးမွှေးရှူးရှူးနဲ့ ရေချိုးပြီး လေဖြတ်သေချင်သေ ..."

ပြောပြောဆိုဆိုနှင့်ခြေဆောင့်ကာ အိပ်ခန်းတွင်းသို့ တင်တင်ညွှန့် ဝင်သွားသည်။

"အင်း ...ကိုစိန်တင်ကြီးပြောတဲ့အကွက်ကတော့ စဝင်လာပြီ၊ အဲဒီအကွက်ထဲမှာ သဏ္ဍာန်လုပ်,သရုပ်တူအောင် ကဖို့ရာ ငါ့အခန်းက စလာပြီ ...ဟီဟိ"

သည့်နောက် ရေလဲပိုင်းကိုယူကာ အိမ်နံ့ဘေးရှိ ရာဝင်အိုးနေရာသွားပြီး ရေတွေကို တဗွမ်းဗွမ်းလောင်းချိုးသည်။ ဆပ်ပြာဖြင့် တစ်ကိုယ်လုံး နေရာလပ်မကျန် ပွတ်တိုက်သန့်စင်လိုက်သည်။ သည်လိုဆိုလျှင် သူ့အား တင်တင်ညွှန့်က ညစ်ပတ်နံစော်သည်ဟု အဘယ်မှာလျှင် ယိုးစွပ်နိုင်မှာဦးတဲ့နည်း။

ပြီးလေသော် ရေခြောက်အောင်သုတ်ပြီး ခြောက်သွေ့သော အဝတ်တို့ကို လဲ၏။ မီးဖိုချောင်ထဲဝင်၍ စားပွဲပေါ်အုပ်ဆိုင်းထားသော အုပ်ဆောင်းကိုဖွင့်လျက် ထမင်းစား၏။ ခါတိုင်းဆိုလျှင် ထမင်းကို

www.burmeseclassic.com



သုံးပန်းကန်လောက်ထိ ဆွဲပစ်လိုက်မည်ဖြစ်သော်ငြား အကြံအစည် ရှိထားလေရကား တစ်ပန်းကန်လောက်နှင့်သာ ကိုယ်ရှိန်သတ်ထား လိုက်သည်။ ဗိုက်လေးနွေ၍ အကြံအစည် အထမြောက်လေမည် မဟုတ်။ ထမင်းစားပြီး ခါတိုင်း လက်ကိုရေဆေးကာ ပုဆိုးအနား ဖြင့် သုတ်နေကျဖြစ်သော်လည်း သည်ကနေ့ညမှာတော့ဖြင့် ထမင်း ဟင်းနံ့တွေ နံစော်နေ၍မဖြစ်ပြီမို့ ဆပ်ပြာဖြင့်ပွတ်တိုက်လျက်၊ သန့်စင် စွာဆေးပြီးသကာလ အာလုပ်ကိုကျင်းလျက် ကွမ်းချေးတက်နေ သောသွားတို့ကိုတောင် တမာရိုးဖြင့် တိုက်မိပြန်ပါသေး။

"အဟမ်း ... အဟမ်း ..."

တစ်ကိုယ်ရေတစ်ကာယ သန့်ရှင်းမှုကိစ္စပြီးပြီဖြစ်သဖြင့် ချောင်းသံကိုပေးကာ အခန်းထဲသို့ဝင်လာခဲ့သည်။ ပြီးနောက် မီးမှုန် အိမ်အလင်းကို နှိမ့်လိုက်ကာ ဖူးခနဲမှုတ်လိုက်ပြီးနောက် ခြင်ထောင် ကိုလှပ်၍ ဝင်လိုက်သည်။

"ဟဲ့ ... ဗိုက်ကလေး၊ နင်ဘာလုပ်တာလဲ"

"အိပ်မလို့ပေါ့ ... ညွှန့်ညွှန့်ရဲ့"

"အပြင်မှာ အိပ်ပေါ့"

"ခြင်ကိုက်မှာကြောက်လို့ပေါ့ဟာ ..."

"သေသေပေါ့ ..."

"မရက်စက်ပါနဲ့ ... ညွှန့်ညွှန့်ရယ်၊ ကိုဗိုက်ကလေး လေ ဒီတစ်ခါ မှားသွားလို့ပါ၊ နောက်ရက် အဲသလိုများ သောက်မိရင် ညွှန့်ညွှန့်ရဲ့လက်နဲ့ ကြိုက်သလိုလုပ် ... ကြိုက်သလိုလုပ် ..."





ထိုခဏမှာပင် ခေါင်းရင်းဘက်ရှိ ယောက္ခမကြီးဦးညွှန့်တင် တို့အိမ်ခေါင်ထက်သို့ ခဲတစ်လုံးပြီးတစ်လုံး နှစ်လုံးဆက်တိုက်ကျ လာသည်။

"ဒိုး ..."

"ဒိုး ..."

"ဟ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဗိုက်ကလေး လူးလဲထသည်။ ခြေရင်းဘက်တွင်ထောင် ထားသော အဝတ်လျှော်တုတ်ကို ဆွဲယူသည်။ သည်တော့လည်း အလန့်တကြားဆိုသလို တင်တင်ညွှန့်ခမျာ အိပ်ရာမှလူးလဲထရပြန် လေသည်။

"ဟဲ့ ... ဗိုက်ကလေး၊ ဒါက ဘယ်ကိုလဲ"

"ဟ ... ညွှန့်ညွှန့်တို့အဖေအိမ်ပေါ်ကို ခဲကျတယ် လေ၊ ဒါ ဘယ်ကောင်တွေလက်ချက်ဆိုတာသိရအောင် ထွက်ပြီးရှာမယ်၊ တွေ့တာနဲ့ ကောင်းကောင်းကိုတွယ်ပစ် လိုက်မယ်"

"အို ... ပြဿနာမရှိ ပြဿနာရှာနေပြန်ပါပြီ၊ နင်က လူကောင်းမှမဟုတ်တာ၊ မူးနေတဲ့လူပဲ၊ ကိုယ်က မတွယ် ရဘဲ ဟိုက ဦးအောင်တွယ်ထည့်လိုက်မှ ဟုတ်ပေ့ဖြစ်နေ မယ်၊ လာ ... အခန်းထဲဝင် ..."

"တောက် ... ညွှန့်ညွှန့်တားပေလို့နော်၊ နို့မို့မလွယ် ဘူး။ ကိုယ်က ညွှန့်ညွှန့်တို့မိသားစုနဲ့ပတ်သက်လာရင် အသက်တောင်ပေးရပေးရ ရင်ဆိုင်ပစ်လိုက်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



သည့်စကားများက တင်တင်ညွန့်၏အရှိက်ကို ထိသွားစေဟန်တူသည်။ ဘာမပြောညာမပြောနဲ့ ဗိုက်ကလေးလည်း တင်တင်ညွန့်ဆွဲခေါ်ရာနောက် ပါသွားသည်။

သည့်နောက်မှာတော့ ...

"ဟိုကောင်ဖက်တီးတို့တိုက်လိုက်လို့ ကိုဗိုက်ကလေး သောက်မိတာပါကွာ၊ ဒီကောင်တွေထည့်တဲ့ဆေးက ဘာဆေးတွေလည်းမသိဘူး အဝင်ကောင်းလွန်းလို့ ..."

"အို ..."

"စိတ်ချပါ ... ညွန့်ညွန့်ရယ်၊ ညွန့်ညွန့်မကြိုက်ဘူးဆိုရင်လေ ... ကိုဗိုက်ကလေး နောက်ကို ဘယ်တော့မှမသောက်တော့ဘူး"

"အို ... နော်"

"တကယ်ပါ ... ညွန့်ညွန့်ရဲ့ 'မင်းမှာ သစ္စာ၊ လူမှာကတိ'တဲ့၊ ကိုဗိုက်ကလေး ပေးပြီးတဲ့ကတိ တည်ရပါစေမယ်"

"အို ..."

"ဒီတစ်ခါသောက်မိတာကိုတော့ ခွင့်လွှတ်နော် ... ညွန့်ညွန့်"

"အို ..."

"နောက်ရက်တွေမှာ အလုပ်ကနေ ဘယ်ကိုမှမဝင်ဘဲ အိမ်ကိုတန်းပြန်လာတော့မယ်နော်"

"အို ..."





"ကိုဗိုက်ကလေး တကယ်ပြောတာ ညွန့်ညွန့်ရဲ့၊ ပြောမယ့်သာပြောရတာ ဒီကောင်တွေရဲ့ဆေးက တော်တော်လေးကို ..."

"အို ..."

ဗိုက်ကလေး၏စကားသံကား အဆက်မပြတ်။ တိုးတိုးတိုးတိုးနှင့် တွတ်ထိုးနေသလောက် တင်တင်ညွန့်မှာတော့ တအိုအိုကတောက်တော့။

ဒါကလည်း အခါတော်ပေး ကိုစိန်တင်၏နည်းဗျူဟာအရ "ဟေ့ကောင် ... ဗိုက်ကလေး၊ ဒီညမှာ ဟိုခါတိုင်းနေ့တွေနဲ့မတူစေဘဲ ကိုယ့်မိန်းမအပေါ် တာဝန်ကျေတာတောင်မှ ဟိုဘက်ကမ်းတို လွန်နေပစေ၊ အဲဒါကို မသေမချင်းမှတ်၊ မင်းမိန်းမ မင်းကိုခွဲလမ်းသွားရမယ်"ဟူသည့် လမ်းညွှတ်ချက်ကို ဦးထိပ်ထက်ပန်ဆင်တာ အားထုတ်ခဲ့သည်မှာ ညဥ့်သန်းခေါင်ထိ။

ထူးတော့ထူးသည်။

သူ့ ဒီလိုမျိုး နည်းဗျူဟာကိုကျင့်သုံးလိုက်တော့ နတ်သီးကောင်းလှပါး တင်တင်ညွန့်တစ်ယောက် ဘာမျှတုံ့ပြန်ပြောဆိုမှုမရှိလောက်အောင် ငြိမ်ကျသွားခြင်းဖြစ်သည်။ ဗိုက်ကလေးသည် နည်းဗျူဟာအတိုင်း ဟိုဘက်ကမ်းလွန်လောက်အောင် တာဝန်တွေကျေပွန်အောင်ထမ်းဆောင်ပြီးလေမှပင် တခူးခူးတခေါ်ခေါ်နှင့် အိပ်မောကျသွားလေတော့သည်။

ထူးဆန်းသည်ဟု ဆိုရမလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ရောက်တော့ တင်တင်ညွန့်၏မျက်နှာမှာ ဆိုနှင်းမြူတိမ်၊ သူ့ရိန်မီးခိုးတို့ ကင်းစင်ပလျက် ကြည်လင်လန်းဆန်း နေခဲ့သည်။

"ကဲ ... ကိုကိုဗိုက်၊ နိုးလာရင် မျက်နှာသစ်၊ ရေမိုး ချိုးပေတော့၊ တစ်ညလုံးလည်း ပင်ပန်းထားတယ်မဟုတ် လား။ ပြီးရင် အဆာပြေ ထမင်းကြော်လေးစားလိုက် ... ညွန့်ညွန့် အဆင်သင့်ပြင်ပြီးပြီ"

ကြည့်စမ်း ...

အခေါ်အဝေါ်တွေ ပြောင်းကုန်သည်။

ဆက်ဆံရေးတွေ ချောမွတ်နေသည်။

"ဒါပဲနော် ... အလုပ်က ပြန်လာရင် ကတိစကား အတိုင်း ဘယ်မှမဝင်ဘဲ အိမ်ကိုပဲတန်းပြန်ခဲ့ချေ"

"စိတ်ချပါ ... ညွန့်ညွန့်ရယ်၊ ကိုဗိုက်က သိပ်ကြိုက် လှတယ်တော့ မဟုတ်ပါဘူး၊ ညွန့်ညွန့်က မကြိုက်ဘူး ဆိုရင် မလုပ်တော့ပါဘူး။ ညနေ စောစောပြန်ခဲ့ပါ့မယ်"

မျက်နှာသစ်၊ ရေမိုးချိုး၊ ထမင်းအဆာပြေစားပြီးတော့ လုပ်ငန်းခွင်ရှိရာ ငါးဒိုင်သို့ ထွက်ခဲ့သည်။ တစ်နေ့ကုန် သူလုပ်ရမည့် အလုပ်တွေ တစ်ခုမှမလစ်ဟင်းရအောင် လုပ်သည်။ နေ့လယ်စာ ကို ကိုပိန်ယူလာပေး၍ စားရသည်။ ညနေလုပ်ငန်းခွင်ပြီးတော့ ဘယ်ကိုမှမဝင်တော့ဘဲ အိမ်သို့တန်းပြန်ခဲ့သည်။

အမှန်မတော့ ကိုသာဘန်းထန်းတောသို့ ဝင်ချင်လိုက်သည် မှာ ခြေဖဝါးတွေကို ယားလို့။ သို့ရာတွင် ဆရာကိုစိန်တင်၏နည်း





ဗျူဟာ လက်စသတ်၍မရသေး။ တစ်သက်တာ ငြိမ်နိုင်စေရေး အတွက် နှစ်ရက်သုံးရက်လောက်တော့ ဣန္ဒြေကောင်းစွာဖြင့် ဟန် လုပ်ရဦးမည်မဟုတ်ပါလား။

အိမ်ပြန်ရောက်တော့ မိန်းမအပေါ် ကတိပေးစကားအတိုင်း စောစောလည်းပြန်ရောက်သည်။ သောက်စားထားတာကလည်းမရှိ ဆိုတော့ မိန်းမက ကြည်ကြည်ဖြူဖြူ ခူးခပ်ကျွေးလေသည်။

"စားစမ်းပါ ... ကိုကိုဗိုက်ရယ်၊ ငါးပြေမကြီးတွေ ရတာနဲ့ ကိုကိုဗိုက် ကြိုက်တတ်တယ်ဆိုပြီး မန်ကျည်းနှစ် ကလေးနဲ့ နံနံပင်ကိုအုပ်ပြီး ချက်ထားတာ၊ ဘူးသီးနဲ့ပဒတ် စာကို ဟင်းချိုချက်ထားတယ်၊ တို့စရာ လယ်သရက်ကင်း ရယ်၊ ပန်တွေငါးပိဖျော်ရယ် ..."

တကယ်တော့ သည့်ဟင်းလျာသည် ဗိုက်ကလေး၊ အလွန် တာန်ကြိုက်သော ဟင်းလျာတွေဖြစ်သည်။ သို့ရာတွင် စိတ်ထင် သိုင်း သုံးလေးပန်းကာန်ဆွဲ၍ မဖြစ်။ နည်းဗျူဟာအရ လျှိုထားမှ ဖြစ်မည်မို့ တစ်ပန်းကာန်လောက်နှင့်သာ လက်စသတ်လိုက်သည်။

"ဟင် ... ထမင်းစားတာ နည်းလှချည်လား ကိုကို ဗိုက်၊ ကော်ဖွ ... ညွန့်ညွန့်ချက်တာ အစပ်အဟပ်မတည့် လို့များလား"

"မဟုတ်ရပါဘူး ... ညွန့်ညွန့်ရယ်၊ ဟင်းတွေက တကယ့်ကိုအစပ်တည့်ပါတယ်၊ စားလို့လည်း အင်မတန်မှ ကောင်းလှပါတယ်၊ ဒါပေမယ့် အစာအိမ်က သိပ်လက်မခံ ချင်လို့ တော်ပါပြီကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဝင်တော့ မနေ့ညကလိုမဟုတ်။

တကယ့်ကို သူတော်စင်။

ခြင်ထောင်တစ်မိုးတည်းအောက်မှာ ယှဉ်တွဲအိပ်စက်ကြလင့်ကစား ဗိုက်ကလေးသည် တင်တင်ညွန့်အား ကျောခိုင်းလျက် ခွေခွေကွေးကွေးကလေး ဖြစ်နေ၏။ တင်တင်ညွန့်ထံမှ တဟင်းဟင်းနှင့် သက်ပြင်းချသံ၊ လူးလိမ့်သံ၊ ချောင်းဟန့်သံ၊ ခြေဖဝါးပွတ်သံ၊ စုတ်ထိုးသံတို့ ကြားရသော်လည်း စိတ်ထဲ ဘာမျှမခံစားရသလို ခွေခွေကလေးလုပ်ရင်း မိုးစင်စင်လင်းခဲ့သည်။

မနက်ရောက်တော့ တင်တင်ညွန့်က မေးသည်။

"ကိုကိုဗိုက် . . . မနေ့ကညက ဘယ်လိုဖြစ်တာလဲ ဟင် . . ."

"အေးကွာ . . . ဘယ်လိုဖြစ်မှန်း ပြောတောင်မပြောတတ်တော့ပါဘူး။ အိပ်ရာမဝင်ခင် အစားအသောက်ပျက်တာတောင် ကြည့်ပါတော့၊ ကိုဗိုက်လည်း နားမလည်တတ်တော့ဘူး"

"အင်းလေ . . . အလုပ်ပင်ပန်းလို့ဖြစ်မှာပေါ့၊ ဒီနေ့လည်း စောစောပြန်လာနော်၊ ဩော် . . . ဒါထက်၊ ကြက်တင်းထဲမှာ ကြက်ဥတွေရှိတယ်၊ ကိုဗိုက်အားရှိအောင်သောက်ဖို့ ညွန့်ညွန့်ပြင်ပေးထားမယ်၊ ဟုတ်ပလား . . ."

"အေးပါကွယ် . . . . ညနေဘက် အိပ်ရာမဝင်ခင်သောက်တာပေါ့၊ ကိုင်း . . . ကိုဗိုက်သွားပြီ"





"ဒါပဲနော် . . . ဟိုဟိုဒီဒီဝင်ဖို့ စိတ်မကူးနဲ့၊ အိမ်ပဲတန်းပြန်လာခဲ့"

"စိတ်ချပါ . . . ညွန့်ညွန့်ရယ်၊ စိတ်ချပါ . . ."

ဗိုက်ကလေး၏အာရုံထဲမှာတော့ တစ်ညတာတိုက်ပွဲအတွက် အာစရိကိုစိန်တင်ပေးသော နည်းဗျူဟာတစ်ရပ် အောင်မြင်ခဲ့လေသည့်အတွက် ဝမ်းသာအားရဖြစ်နေမိတော့သည်။ သူ့အဖို့ လမ်းညွှန်းချက်အတိုင်း အံဝင်ခွင်ကျဖြစ်အောင်ကသာ ကခဲ့ရသည်။ စိတ်ထဲမှာတော့ အပင်ပန်းသား။ သည်အဖြစ်ကို ငါးဒိုင်သို့ လမ်းကြုံ၍ဝင်လာသော ကိုစိန်တင်အား လူသူအလစ်၌ 'တီးတိုးပြောလိုက်မိသည်။

"ဒီလိုပေါ့ကွာ . . . ဒီလိုပေါ့၊ 'လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ့' ရတယ်တဲ့ကွ၊ ကြားဖူးလို့ပြောတာ၊ အစိပ္ပာယ်တော့ ငါလည်း ရေရေရာရာသိတာမဟုတ်ဘူး။ ငါပြောသလို မင်း ပထမညမှာ အဲသလိုလုပ်လိုက်တော့ နောက်တစ်နေ့မနက်ရောက်တဲ့အခါ 'အလုပ်ပင်ပန်းလာလို့ဖြစ်မှာပေါ့'တွေ ဘာတွေ ပြောလာတယ်မဟုတ်လား။

သည်းခံလိုက်ဦး . . . သည်းခံလိုက်ဦး။ ဒီတစ်ညလည်း ပထမညလိုပဲ သာခွေယိုင်လုပ်လိုက်ဦး။ 'အောင့်နိုင်ရင်သူနိုးမိ'ဆိုသလို 'စောင့်နိုင်ရင်လည်း အကျိုးရှိ' တယ် ဗိုက်ကလေးရ၊ မကြာခင် မင်းရဲ့လိုဘတွေမှန်သမျှ ပြည့်လာတော့မယ်၊ နောက်တစ်နေ့ညနေ အထွတ်အထိပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှ လူမမာ အမဲခြောက်ဖုတ်တောင်းတဲ့ ပုံစံမျိုးနဲ့ ကျားတို့ရဲ့မာယာကို သုံးလိုက်ပေါ့ကွာ၊ အောင်မြင်လို့ကတော့ ကတိစကားအတိုင်း တို့အတွက် တစ်ဝိုင်းနော် တစ်ဝိုင်း ...''

''စိတ်ချလိုက်စမ်းပါ ... ကိုစိန်တင်ရယ်၊ မိုက်ကလေးတို့က 'သူများလို တို့မရိုင်းတယ်၊ တိုင်းသိပါရဲ့'ဆိုတဲ့ လူစားမျိုးထဲကပါဗျာ''

''အေးပါကွာ ... အေးပါ၊ ငါ့ကောင်ကြီး အစစအရာရာ လိုရာပြီးမြောက်လို့ ခရီးရောက်ပါစေဗျာ ... ဟားဟားဟား ...''

သူ့စကားကိုသူ့ဖာသာ အကြီးအကျယ်သဘောကျလျက် ကိုစိန်တင် ထွက်ခွာသွားသည်။

ညနေအလုပ်ဆင်းတော့ ထုံးစံအတိုင်းပင် ဝေ့ချင်ဝဲချင်သောစိတ်တို့ကို အသာထိန်းချုပ်လျက် အိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်သွားခဲ့သည်။ တင်တင်ညွန့်သည် ရေမိုးချိုး၊ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းလျက် အိမ်ပေါက်ဝမှ ဆီးကြိုနေလေ၏။ ဒါကိုမြင်ရတော့ မိုက်ကလေးအဖို့ စိတ်ထဲ သရိုးသရီခံစားရလေသည်။ ထိုစဉ်မှာပင် ...

''သည်းခံလိုက်ဦး ... သည်းခံလိုက်ဦး၊ ဒီတစ်ညလည်း ပထမညလိုပဲ သာခွေယိုင်လုပ်လိုက်ဦး၊ 'အောင့်နိုင်ရင် သူခိုးမိ'ဆိုသလို 'စောင့်နိုင်ရင်လည်း အကျိုးရှိတယ်' မိုက်ကလေးရ ...''





ဆိုသောစကားက နားယံထဲဝင်လာလေသည်မို့ ယမန်နေ့ညကတ်ကိုပဲ ပြန်လည်ကပြမိသည်။ သည့်အတွက် ညအိပ်ရာဝင်ခါနီး တင်တင်ညွန့်က ကြက်ဥယူလာပေးသေးသည်။ ဟန်လုပ်၍ ငြင်းဆန်ရပြန်သည်။ သည်တော့ တင်တင်ညွန့် အမူအရာနည်းနည်းပြောင်းလာသလိုရှိသည်။

''ဟင် ... ရှင် ဘယ်လိုဖြစ်ရတာလဲ ကိုမိုက် ... ဟိုတစ်မြန်နေ့ကတော့ ကျန်းမာရေးက ကောင်းလိုက်တာများ ဒေါင်ဒေါင်ကိုမြည်လို့၊ မာလိုက်ချာလိုက်တာလည်း မပြောနဲ့၊ မနေ့ညကနဲ့ ဒီကနေ့ညမှာတော့ တကယ့်လူမမာအတိုင်း၊ မနေ့ကဆိုထားတော့၊ ဒီကနေ့ကျပြန်တော့လည်း မနေ့ကအတိုင်းပဲ၊ အဲဒါ ဘယ်လိုဖြစ်ရတာတဲ့လဲ ... ပြောစမ်းပါဦး ...''

ခင်းထားသောလမ်းကလေးထဲသို့ တင်တင်ညွန့် ဝင်ရောက်လာခဲ့ချေပြီ။ မိုက်ကလေးကား မှင်သေသေနှင့် ...

''ပြော,မပြောချင်တော့ပါဘူး ညွန့်ညွန့်ရယ်၊ မင်းပြောတဲ့ တစ်မြန်နေ့က ဆေးကောင်းမှီဝဲလို့လားမသိဘူး၊ ငါ့စိတ်အာရုံသာမက ခန္ဓာကိုယ်တစ်ခုလုံးလည်း ကြောင်တစ်ကောင်လို ပေါ့ပါးပြီး ကျားတစ်ကောင်လို အားတွေရှိနေတာ။

ဟိုကောင်တွေဆို အဲဒီဆေးမှီဝဲနေတာကွ၊ အဲဒါ ... ကိုသာဘန်းဆိုင်မှာပဲ ရနိုင်တာ၊ ငါ့အဖြစ်ကလည်း ဒီဆေးမှ မမှီဝဲရရင် ခုလိုပဲ ညောင်နာနာဖြစ်နေမလား မသိ...



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး။ ဒါပေမယ့် . . . စိတ်ချ ညွန့်ညွန့်၊ ကိုဗိုက်လေ ညွန့်ညွန့်မကြိုက်တဲ့ အဲသည်အရည်ကို လျှာဖျားပေါ် တစ်စက်ကလေးမှ မတင်တော့ဘူး။ အသက်သာအသေခံပစ်လိုက်မယ်၊ အဲဒါဟာ ညွန့်ညွန့်အပေါ်ထားတဲ့ ကိုဗိုက်ရဲ့ အချစ်ပဲ''

အာဝဇ္ဇန်းတွေက ဘယ်လိုတယ်ပုံသွက်လေသည်မသိ။ ကိုယ့် ကိုကိုယ်ပင် အံ့ဩယူရသည်အထိ။ ဤသို့ မမျှော်လင့်ဘဲ တင်တ[illegible] ညွန့်ထံမှ ပေါ်ထွက်လာသည့်စကားကြောင့် ဗိုက်ကလေးခမျာ အ[illegible] ခေါင်မိုးတိုင်နှင့် ခေါင်းကို ခုန်ဆောင့်ပစ်ချင်စိတ်များ ပေါ်လာ[illegible] ရာ မနည်းကို အောင့်အည်းချုပ်တီးထားရလေတော့သည်။

''ကိုကိုဗိုက်ရယ် . . .

ရှင်ဟာလေ အဲတော်ကလေးကို ခက်တော့တာပဲ၊ ကြောင်တစ်ကောင်လို ပေါ့ပါးပြီး၊ ကျားတစ်ကောင်လို အစွမ်းရှိတဲ့ အကြောင်း နဂိုကတည်းက ညွန့်ညွန့်သဘောပေါက်အောင် ရှင်းပြထားပါလား။ ကဲ . . . သွား။ ခုပဲ အဲဒီကိုသာဘန်းထန်းတဲကိုသွား။ ဟိုနေ့ကအတိုင်းအတာအထိသောက်ပြီး ပြန်လာခဲ့၊ တော် ပြန်မလာမချင်း ညွန့်ညွန့်စောင့်နေမယ်'' တဲ့။

ထိုနေ့ညက ဗိုက်ကလေးအပါအဝင် ကိုစိန်တင်တို့အု[illegible] ကိုသာ်ဘန်းထန်းတဲ၌ အုတွေစုံခဲ့ကြကာ တဝါးဝါး,တဟား[illegible] ဖြစ်ခဲ့ရလေသည်တကား။



''ကျူပ် ....

စိတ်ကူးရထားတာလေးရှိတယ်။

ခင်ဗျားတို့အားလုံး ပျော်ကြမှာပါ။

ကျူပ်လိုတဲ့

ပစ္စည်းတွေကိုသာ ရှာပေးကြချေ။

အဲဒီညမှာ

ခင်ဗျားတို့ကို ထန်းရည်အဝတိုက်မယ်

ကြက်သားကာလသားချက်

ချက်ကျွေးမယ်ဗျာ ....''



www.burmeseclassic.com

www.burmeseclassic.com

ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းသို့ ရောက်ခဲ့ပြီ။

ရာသီကာလကား . . . မိုးနှောင်း၍ နှင်းတွေ တသွင်သွ
ကျသည့် ဟေမန္တရာသီဖြစ်လေသည်။ မြစ်ပြင်၌ နှင်းခါးရိုက်လေ
သမျှ ငါးသလောက်တွေက ပိုက်တိုးတတ်လေရာ ဟေမန္တဆော
ရတုသည် ငါးသလောက်ရတုဟူ၍ပင် ပြောဆိုလောက်သည့်အ
အထားတည်း။ အေဒုပ်ဖားတို့၊ ငါးတန်တို့၊ ငါးထွေတို့ တက်တ
သလောက်တက်သော်ငြား ငါးသလောက်ကိုတော့ မမီပေ။ ထိုအ
များဝယ် အင်းသူကြီးဦးညွန့်တင်၏ ငါးဒိုင်သို့ ငါးသလောက်တွေ
တောင်းကြီးတောင်းငယ်နှင့် မြောက်မြားစွာရောက်လာတတ်သည်

ထိုအခါဝယ် အေးကြည်မတို့မိန်းကလေးအုပ်စုက ငါးအမျိုး
အစား၊ ငါးအရွယ်အစားတို့ကို ရွေးချယ်ပေးပြီး၊ ကိုငပိန်က အလု
သမားများနှင့် ချိန်တွယ်ရသည်။ စာရင်းဇယားကို သမက်တော





ဓိုက်ကလေးက စာအုပ်တွင် ရေးမှတ်ကာ ဘောင်ချာထုတ်ပြီး
ငွေကိုင်သူ အင်းသူကြီးဦးညွန့်တင်က ရှင်းလင်းရသည်။ ဦးညွန့်တင်
အဖို့ အင်းတော်တော်များများကို လေလံဆွဲထားရုံမက ခုလိုမျိုး
ငါးဒိုင်ဖွင့်၍ မြစ်ထဲမှရလာသော ငါးပုစွန်များ၊ ချောင်းရိုး၊ မြစ်ရိုး၊
ထုံးအိုင်တို့မှရလာသည့် ငါးပုစွန်တို့ကိုလည်း အဝယ်ဒိုင်ဖွင့်လုပ်ပြီး
အမျိုးအစားတွေခွဲ၊ စည်တွေထဲ သွတ်၊ ရေခဲရိုက်ကာ ရောဝတီ
ကြားသင်္ဘောများဖြင့် မြို့ပြရန်ကုန်သို့ တင်ပို့ပေးရသည်။ ငွေကြေး
ရှင်းဖို့လင်းဖို့ကိစ္စ၌ သူကိုယ်တိုင်မအားလျှင် တစ်ဦးတည်းသော
သားဖြစ်သူ ကောက်ချိတ်ကို လွှတ်ရသည်။ ကောက်ချိတ်ကို မအူ
မလည်ကောင်ဟု ဝိုင်းပြုံးဟက်ပြုံးထားကြသော်လည်း ငွေနှင့်ကြေးနှင့်
ကိစ္စများ၌ အပြစ်တင်ဖွယ် တစ်ခုမျှမရှိသေး၊ အံ့စရာ စိတ်
ချမ်းသာရ၍ ဖခင်ကြီးဦးညွန့်တင်ခမျာ တော်ပါသေးရဲ့ဟု သက်မ
ချရသည်။

ကောက်ချိတ်တို့ရွှေပိန်းကောသည် အပိုင်းနှစ်ပိုင်းကွဲသလို
ဖြစ်နေ၏။ သို့ဆိုလိုက်သဖြင့် စိတ်ဓာတ်ရေးရာကွဲသလားဆိုတော့
မဟုတ်။ လုပ်ငန်းသဘာဝ နှစ်ပိုင်းကွဲခြင်းသာ ဖြစ်လေသည်။
ပထမပိုင်းက ရောဝတီမြစ်ပြင်ကိုလည်းကောင်း၊ ချောင်း၊ မြောင်း၊
အင်းအိုင်တို့ကိုလည်းကောင်း အမှီသဟဲပြု၍ ဝမ်းစာရှာဖွေစား
သောက်ကြသည့် ရေလုပ်ငန်းဖြစ်ပြီး၊ အခြားကျန်တစ်ပိုင်းကမူ
လယ်ယာကိုင်းကျွန်းလုပ်ငန်းခွင်ကို တည်မှီနေသည့် စိုက်ပျိုးရေး
လုပ်ငန်းများပင် ဖြစ်တော့သည်။ မိုးရောက်လျှင် မိုးစပါးကို စိုက်
ကြ၏။ ဆောင်းရောက်လျှင်တော့ ဆောင်းသီးနှံဖြစ်သော မြေပဲ



www.burmeseclassic.com

www.burmeseclassic.com



အပါအဝင် ပဲအမျိုးမျိုးကိုလည်းကောင်း၊ နေကြာတို့ကိုလည်းကောင်း စိုက်ပျိုးကြ၏။ သောင်ထွန်းသော မြေနုကျွန်းပေါ်၌ ဟင်းသီးဟင်းရွက် စားသုံးသီးပင်များ၊ ပြောင်းဖူးခင်းများ၊ ဆေးရွက်ကြီးများ၊ သစ်သီးဝလံများကို စိုက်ပျိုးကြလေ၏။ သည့်အတွက်ကြောင့်လည်း ရွှေပိန်းကောကျေးရွာကလေးအဖို့ အလုပ်အကိုင်မရှားဘဲ လုပ်နိုင်လျှင် လုပ်နိုင်သလောက် အဖက်ဖက်မှဝင်ငွေများ တိုးပွားရယူနိုင်မည့်အနေအထား ဖြစ်လေသည်။

သည်လိုမျိုး ဘဝရပ်တည်ရေး၊ စားဝတ်နေမှု ချောင်လည်စေရေးအတွက် အလုပ်ချိန်တွင် အလုပ်ခွင်၌ အားသွန်ကြိုးပမ်းလုပ်ဆောင်ကြသကဲ့သို့ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ကြ၊ အပန်းဖြေကြရာတွင်လည်း ဘယ်သူကမျှ နှိုးဆော်ခြင်းမပြုရလောက်အောင် သူ့သဘာဝနှင့်သူ သိထားကြပြီးသားဖြစ်၏။

“သီတင်းကျွတ်ပွဲတော်ကြီးပြီးတော့ တန်ဆောင်မုန်း

တန်ဆောင်တိုင် xxx ဆီမီးက xxx မြိုင် xxx

မြိုင်မြိုင်ဆိုင်ဆိုင် xxx မြိုင်မြိုင်ဆိုင်ဆိုင် xxx လ

တန်ဆောင်တိုင် xxx ကထိန်ပွဲခင်းပါတဲ့ လတန်ဆောင်

တိုင် xxx ထူး ဟူး ဟူး ဟူး xxx မြူး ဟူး ဟူး ဟူး”

ကိုသာဘန်းထန်းရည်ဆိုင်သို့ စိတ်လက်ပေါ့ပါးစွာနှင့် လှမ်းလင့်လာရင်း တေးသီချင်းတကျော်ကျော် အော်ဟစ်လာသူက ရွှေပိန်းကော၏ရာဇဝင်ကိုစာတင်မည့် ပြန်ပြောအောင်ဟိတ်၊ ခတ်နိပ်ဖြင့် ‘ကောက်ချိတ်’ဆိုသည့် တေီပါတည်း။





“ဟေ့ကောင် ... ကောက်ချိတ်၊ ဘာဖြစ်လာတာလဲကွ၊ ကျက်သရေတုံးတဲ့အသံကြီးနဲ့ ...”

“ဟုတ်ပကွာ ... ဒီလိုအသံပေါ့၊ အမင်္ဂလာ ဖြိုတ္တာမြူးသံဆိုတာ”

တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ သောက်ဖော်သောက်ဖက် ဖက်တီးဝင်းမောင်နှင့် ကျွဲသိုးမောင်ယုတို့က ဆီး၍ထောပနာပြုသည်။

“ဟာဗျာ ... ခင်ဗျားတို့ကလည်း ပိသာလေး ဘေးပစ် ပြောရော့မယ်၊ မကြာခင် တန်ဆောင်မုန်းရောက်တော့မယ်ဗျ၊ ဒါကြောင့် ‘ကာလံဒေသံ အဂ္ဂံမနံ’ဆိုသလိုလိုက်လျောညီထွေရှိလှတဲ့ ရာသီဖွဲ့တေးကို ဆိုနေတာဗျ”

“အောင်မာ ... ကာလံ ဒေသံ အဂ္ဂံ မနံ’တဲ့၊ ကြီးကြီးကျယ်ကျယ်ကောင်ကွာ ... အဓိပ္ပာယ်ကော သိရဲ့လား”

“ဟ ... မသိဘဲပြောပါ့မလားဗျ၊ ဖိုးသူတော်တုတ်ပေါကြီး သင်ပေးလို့ သိပြီးသား၊ ခင်ဗျားတို့ မသေမချင်းမှတ်ထား၊ ကာလံ–မှန့်လေပွေ၊ အပြားသေးသေးလေးကို၊ ဒေသံ–ဒေသအလျောက် ပွဲခင်းများ၌၊ အဂ္ဂံ–မီးဖြင့်ကင်၍ရောင်းချသော်၊ မနံ–ဥစ္စာငွေကြေးများရ၏တဲ့ ... ဗျ”

“အောင်မာ ... တို့ကောင်မအူမလည်ပြောမယ့်သာ ပြောတာ တော်တော်လေးတိုးတက်လာပြီပဲကွ”



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ကိုစိန်တင်နှင့် ရွှေယောက်ဖဗိုက်ကလေးတို့ ပခုံးဖက်၍ ထန်းတဲအတွင်း ဝင်လာကြလေသည်။

"ဟ ... ကောက်ချိတ်က ကြိုရောက်နေသကိုး၊ မင်းနဲ့ မင်းယောက်ဖဗိုက်ကလေးတို့ ရှိနေကြတော့ အဆင်ပြေ တာပေါ့ကွာ ... ဟဲဟဲဟဲ ..."

"လုပ်လိုက်လေ ... ကြာသလားလို့"

ဗိုက်ကလေးမှာ ကိုစိန်တင်၏နည်းဗျူဟာကြောင့် ဆက်ရက်မင်းစည်းစိမ်းရော၊ နဂါးမင်းစည်းစိမ်ပါ နှစ်ပင်လိမ်ခံစားနေရသဖြင့် စေတနာတွေ ရေစီးကမ်းပြိုလိုက်နေလေသည်။

"ဒါထက် ... နေပါဦး ကောက်ချိတ်ရ၊ တန်ဆောင်မုန်းလရောက်တာနဲ့ မင်းက ဘာဖြစ်လို့ အူမြူးနေရတာတဲ့လဲ"

"မြူးရမယ်လေဗျာ ... တန်ဆောင်မုန်းလပြည့်နေ့ရောက်ရင် ကျီးမနိုးပွဲလုပ်ရမှာ မဟုတ်ဘူးလားဗျ"

"ဟကောင် ... ကောက်ချိတ်ရ၊ နှစ်တိုင်း မင်း အဲဒီပွဲကို ဦးဆောင်လုပ်ခဲ့တာ အားမရသေးဘူးလား၊ မနက်ရောက်ရင် ပစ္စည်းတွေ ဟိုနေရာရောက် ဒီနေရာရောက်နဲ့ လူတွေခမျာ အတော်ဒုက္ခရောက်ရတာကလား၊ ဆဲသံဆိုသံတွေကလည်း မိုးကိုမွှန်ကရောပဲ"

"ကျုပ်က အဲဒီလိုအသံတွေကြားရမှ စိတ်ထဲ မရိုးမရွဖြစ်ပြီး ရယ်ရတာဗျ၊ ကျီးမနိုးပွဲဆိုတာ တစ်နှစ်မှတစ်ခါလုပ်ရတာဆိုတော့ အစဉ်အလာမပျက်ချင်ဘူးဗျာ၊ ကိုယ့်





ပစ္စည်းကို ကိုယ်လုံလုံခြုံခြုံမထားတဲ့သူ၊ အအိပ်အနေကြီးတဲ့သူတွေကို သတိစိရိယရှိစေဖို့ ပညာပေးတဲ့ပွဲပဲဗျာ ... ကျုပ်တို့က အပျော်လုပ်တာပါဗျ၊ ဘာပစ္စည်းမှခိုးဝှက်ပြီး ဖြောင်တာမျိုးမရှိဘူး၊ အချိန်တန်တော့လည်း သူ့ဟာနဲ့သူ ရှာတွေ့သွားကြတာပဲမဟုတ်လား"

"ဒါကတော့ မင်းအမြင်ကိုးကွ ... မနှစ်က မင်းရဲ့ လက်ချက်နဲ့ ငါ့ဘကြီးဘုရားတကာ ဦးကျော်စိန်အိမ်ခြံဝမှာ 'ဝက်သိုးအငှားလိုက်သည်' ဆိုင်းဘုတ်ကြီးရောက်နေတာ၊ အဘိုးကြီးဆို ဆွေ့ဆွေ့ခုန်ပဲ၊ ငါ့ကိုတောင် ဘယ်ကောင့်လက်ချက်ဆိုတာ စုံစမ်းခိုင်းသေးတယ်၊ ငါက မသိလိုက်မသိဖာသာနေလို့၊ မင်းလက်ချက်လို့သာပြောလိုက်ရင် မင်းတော့မလွယ်ဘူး ... ကောက်ချိတ်"

"ကျုပ်တိုက်ကျွေးတဲ့ ထန်းရည်မျက်နှာကလေးကိုတော့ ငဲ့ပါ ကိုစိန်တင်ရာ၊ ခင်ဗျားတို့စဉ်းစားကြည့် ... ပျော်ရွှင်မှုတော်တော်များများမှာ သူ့တစ်ပါးထိခိုက်နစ်နာမှုဆိုတာ ရှိကြတာချည်းပဲ၊ လက်ဝှေ့ပွဲ၊ နပန်းသတ်ပွဲ၊ ကြက်တိုက်ပွဲ၊ နွားတိုက်ပွဲ၊ ကျွဲခတ်ပွဲ ဒါတွေအားလုံးကို ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲတွေ လုပ်နေကြတာပဲမဟုတ်လား"

အချက်အလက်နှင့် ပြောလိုက်တော့လည်း ကိုစိန်တင် [illegible]ကျသွားသည်။

"အဲဒီပွဲတွေနဲ့ မင်းရဲ့ကျီးမနိုးပွဲကို မနှိုင်းယှဉ်လိုက်ပါနဲ့ ဟကောင်ရာ၊ အဲလေ ... ဘယ်သူ့မှအကျိုးထိခိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မလုပ်နဲ့ပေါ့၊ ပျော်စရာသက်သက်လုပ်ကြတာဆို တော့လည်း လူကြီးတွေက ခွင့်လွှတ်ကြတာပါပဲ၊ ဒါပေမယ့် တို့တော့ ဦးမဆောင်ဘူးနော်၊ မင်းပဲ ဦးဆောင်၊ မင်းရဲ့ ဦးဆောင်မှုနောက်ကနေ ငါတို့လိုက်ကြမယ်၊ ဟုတ်ပလား ကောက်ချိတ်''

''ဒါဆိုဖြစ်တယ်ဗျာ ... ဒီလိုမှပေါ့ဗျ၊ ဒီနှစ်ကျိုးမနိုးပွဲမှာ ကျုပ်စိတ်ကူးရထားတာလေးရှိတယ်၊ ခင်ဗျားတို့အားလုံး ပျော်ကြမှာပါပဲ၊ ကျုပ်လိုတဲ့ပစ္စည်းတွေကိုသာ ရှာပေးကြချေ၊ အဲဒီညမှာ ခင်ဗျားတို့ကို ထန်းရည်အဝတိုက်မယ်၊ ကြက်သားကာလသားချက် ချက်ကျွေးမယ်ဗျာ ...''

''ဟာ ... ဒါဆိုရင် အတိုင်းထက်အလွန်ပဲပေါ့ကွာ၊ ဘာများငြင်းစရာရှိရမှာတဲ့လဲ ...''

''ကိုင်း ... လုပ်ငန်းအကြို စည်းဝေးတိုင်ပင်မှု အထမြောက်အောင်မြင်တဲ့အနေနဲ့ ...''

''ဟေး ...''

အားလုံးခွက်မြှောက်ကာ ချိုခါးခါးထန်းပျည်တို့ကို မော့လိုက်ကြလေသတည်း။



''မလုပ်နဲ့ .... မလုပ်နဲ့
ကျုပ်အိမ်ရှေ့မှာ ဘာမှမလုပ်နဲ့။
ခင်ဗျားတို့ ကူညီချင်ရင်
အသုဘစာတမ်းကို ရှေ့တကိုင်သွား
ပြီးရင် .... ကန်တော့ပွဲတို့ ရေအိုးတို့
ကိုင်ပြီး .... လိုက်။
ခင်ဗျားတို့နောက်တမှ
ကျုပ်တို့ ....
မသာစင်ကြီးနဲ့လိုက်မယ် ....
ဂျာထိပ်ကိုနော် .... ဂျာထိပ်ကို ....''



www.burmeseclassic.com

www.burmeseclassic.com

ကောက်ချိတ်တစ်ယောက် . . . အမျှော်လင့်ကြီးမျှော်လင့် အားစောင့်စားကြီး စောင့်စားနေခဲ့သည့် တန်ဆောင်မုန်းလပြည့်နေ့ သို့ ရောက်ခဲ့ပါပြီဟည်း။

ကောင်းကင်ထက်မှာတော့ ရွှန်းမြစွာဖြင့် ဝန်းဝန်းပပသာ နေသော လပြည့်ဝန်းကြီးသည် ရွှေပိန်းကောတစ်ရွာလုံးကို အလင်း ရောင်တွေ သွန်ချပေးနေခဲ့လေသည်။

ခဝဲပွင့်တို့မှာ ဝတ်မှုန်တွေ အစီအရီဆင့်လျက်။

မြောက်ပြန်လေကတော့ ပေါမန္တဲ၏သွန်ကြားချက်အောက်၌ လေပြန်လောင်းကျက်ရှိချေပြီ။ ရွှေပိန်းကောကျေးရွာသူကျေးရွာသား များသည် ဗုဒ္ဓဘာသာဝင်များပီပီ ဘာသာတရား၌ မွေ့လျော်ကြ သူများဖြစ်လေရာ နံနက်ခင်း၌ ရွှေပိန်းကောဘုန်းတော်ကြီးကျောင်း သို့သွား၍ ဥပုသ်သီတင်းသီလများကို ဆောက်တည်ကြ၏။ ညပိုင်း





ရောက်တော့ ဘုန်းကြီးကျောင်းပရဝုဏ်ရှိ 'လောကဥသျှောင် မြတ် ဘုန်းခေါင်' ကိုးနဝင်းစေတီတော်အား ဆီမီးတစ်ထောင် ပန်းတစ် ထောင်တို့ဖြင့် ပူဇော်ကြ၏။ ညဆယ့်နှစ်နာရီရောက်လျှင် ဆေး ခေါင်းခ,မည့်ညမို့ မယ်ဇလီဖူးများကိုခူးဆွတ်ကာ သုပ်စားကြဖို့ ဝေငှပေးကြဖို့လည်း စီမံသူတွေက စီမံနေကြပေပြီ။

ကောက်ချိတ်တို့အဖွဲ့ကမူ တစ်မျိုးတစ်ဘာသာ။

၎င်းတို့၏စုရပ်သည် ကိုသာဘန်းထန်းတောမှာ ဖြစ်သည်။ ညနေခင်းကတည်းက ကြိုတင်စီမံထားမှုကြောင့် ကိုသာဘန်းသည် ကြက်နှစ်ကောင်ကို အမွေးနုတ်နေ၏။ ကိုသာဘန်းမိန်းမ မိထော် က ထမင်းအိုးတည်ထားပြီး ငရုတ်သီးထောင်းခြင်း၊ ဘူးသီးစိပ်ခြင်း တို့ကို ကူညီလုပ်ကိုင်ပေး၏။ သည်သို့ လုပ်အားပေးခြင်းဖြင့်လည်း သည်တစ်ညအဖို့ ကြက်သားကာလသားချက်ဟင်းဖြင့် မြိန်ရှက် သော ထမင်းတစ်နပ်ကို စရိတ်ငြိမ်းတွယ်ရမည်မဟုတ်ပါလား။

ညဘက် လူခြေတိတ်ချိန်၌ ဖက်တီးဝင်းမောင်တို့အဖွဲ့သည် ဘုန်းကြီးကျောင်းအနောက်ဘက် ထင်းလှောင်ရုံ၌ထားသော အသုဘ ခုတင်ကြီးကို တိတ်တဆိတ်သယ်မလာကာ ခေါင်းဆောင်ကောက်ချိတ် ၏ အစီအစဉ်အတိုင်း စုရပ်နေရာသို့ ယူလာခဲ့၏။

"ကိုင်း . . . ယောက်ဖ၊ နင် ငါပြောထားတဲ့အတိုင်း မျက်နှာကြက်လုပ်ဖို့အတွက် ငါ့အစ်မရဲ့ထဘီဟောင်းတွေ သုတ်လာခဲ့ရဲ့လား"

"အဆင်သင့်ပါပဲ . . . ကောက်ချိတ်ရာ၊ သယ်လာခဲ့ တာမှ ရောင်စုံကွ၊ ရောင်စုံ၊ အဲ . . . မျက်နှာတော့ မသိတ်

www.burmeseclassic.com



လိုက်နဲ့နော် အဲဒိထဲက ဘယ်အထည်လည်းမသိဘူး။ မင်း အစ်မ တင်တင်ညွှန့်ချုတ်လဲထားတာ ... အဟဲ ...''

ဖိုက်ကလေး၏မျက်နှာက မချိုမချဉ်။

''ကိုင်းဗျာ ... အဲဒါတွေနဲ့ မျက်နှာကြက်လုပ်ပေတော့ နီးတွေလည်း အဆင်သင့်ပဲ''

''အေးပါကွာ ... အေးပါ၊ ထဘီတွေက အများကြီးပါ၊ မျက်နှာကြက်ကပိုရင် လိုက်ကာတောင်လုပ်ပေးလိုက်ဦး မယ်''

ထိုခဏ ကျွဲသိုးမောင်ယု ရောက်လာသည်။ လက်ထဲမှာ ဖလုံစုတ်ကြီးတစ်လုံး။ ဖလုံထဲမှာတော့ ကြွက်မြီးတန်းနေသည့် အုန်းတစ်လုံးကို ရခိုင်ငှက်ပျောသီးသုံးဖီးက ရံထားသည်။ သည် ငတိက ကော်တစ်ရာကပ်စေးနဲ၊ တစ်နေရာရာက မြှောင်လာခြင်းပဲ ဖြစ်ချိမ့်မည်။

လူပျိုပေါက်ကြယ်တစ်လုံးဆိုသော ငတိလေးကလည်း မခေ။ လက်သမားဆရာ သူ့ဦးလေး ဦးအမိုင်းကြီးအလစ်၌ စားပွဲ ကုလားထိုင်၊ ဖျာကြမ်းတွေကို မ,ချလာသည်။ ကိုစိန်တင်က ခွဲဖို့ရာ ရေအိုးနှင့် ပန်းခွေတွေ ယူချလာသည်။

''ကောင်းတယ်ဗျာ ... ကောင်းတယ်၊ ခင်ဗျားတို့ အားလုံးကို လေးစားသွားပြီ၊ မနက်ကျရင် တစ်ရွာလုံး ဟားတိုက်ရယ်မောသွားစေရမယ်၊ ကိုင်း ... ဒီမသာစင် ကို မှောင်ရိပ်ထဲမှာပဲ ထားဦး။ သန်းခေါင်ကျော်ကြီး တစ်ရွာ လုံး အိပ်မောကျတော့မှ တစ်ရွာလုံးကို ငွေတိုးပေးစားပြီး





အင်မတန်ပါးစပ်ကြမ်းတဲ့ ဒေါ်မြမြလှိုင်ကြီးရဲ့ အိမ်ပေါက်ဝ သွားထားမယ်ဗျာ ...''

''ဟာ ... ဟော့ကောင် ဖြစ်ပါ့မလား။ ဒေါ်မြမြလှိုင်ရဲ့ ယောက်ျား ဦးစိန်ဖြိုးကြီး အားနာစရာကွာ ...''

''ဦးစိန်ဖြိုးကြီးတော့ ကျုပ်လည်း အားနာတာပေါ့ဗျာ၊ အင်မတန်မှ သဘောကောင်း,မနောကောင်းကြီး။ ဒါပေ မယ့် အင်မတန် အာကြမ်းလျှာကြမ်းတဲ့ဟာမကြီး ဆွေ့ ဆွေ့ခုန်ရအောင် ပညာပေးချင်လို့ဗျ''

''ဒါဆိုလည်း လုပ်ချေကွာ ... ငါလည်း သူ့ဆီက နှစ်ဆယ်တိုးနဲ့ပေါင်ထားတဲ့ သံသေတ္တာကို ပြန်မရွေးနိုင် အောင် အတိုးယူကြမ်းတဲ့မိန်းမကြီး၊ ပညာပေးရအောင် လုပ်ကွာ ... လုပ် ... လုပ် ...''

''ဟုတ်ပြီ ... အားလုံးသဘောတူညီချက်အရ စား သောက်လို့ပြီးကြရင် အလောင်းစင်ကြီးကို ဒေါ်မြမြလှိုင် ကြီးတို့ခြံဝမှာ တိတ်တိတ်ကလေး သွားထားရမယ်၊ ကိုင်း ချီတက်ကြစို့ ...''

အားလုံး ဝမ်းဟာလာပြီဖြစ်သည်မို့ ကိုသာဘန်းထန်းတဲ [illegible]ရာက် တွယ်လိုက်ကြ စားလိုက်ကြသည်မှာ ခေါင်းပင်မဖော် [illegible]ကြတော့။

''ဗျို့ ... ကိုစိန်တင်၊ မသာစင်ကတော့ အားလုံး ပြောစရာမလိုလောက်အောင် ပြည့်စုံသလောက်ရှိနေပြီဗျ''

''အေးလေကွာ ... ဘာလိုသေးလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"လိုတာကတော့ အဲဒီမသာစင်ပေါ်တင်ဖို့ အလောင်းပဲ ..."

ကောက်ချိတ်ခေါ်စကားကြောင့် နှုတ်ခမ်းဖျားနှစ်ဘက်မှ စီးကျလာသော ထန်းရည်များကိုသုတ်ရင်း ကိုစိန်တင် တစ်စုံတစ်ခုကို စဉ်းစားနေသည်။ ပြီးတော့မှ ‹ အကြံတစ်ခုရသွားဟန်တူသည်။

"ဟော့ကောင် ... ကောက်ချိတ်၊ မပူနဲ့၊ ဘာမှမပူနဲ့၊ မင်းစီစဉ်ထားသမျှ စိတ်တိုင်းကျ အဆင်ပြေစေရမယ်"

"ပြေလို့ကတော့ဗျာ ... 'ကောက်ချိတ်ဇာတ်ဆရာ၊ ဇာတ်ဆရာကောက်ချိတ်' စီစဉ်တဲ့ ကျီးမနိုးပွဲကြီးဟာ မနက်ဖြန်မနက်မှာ ဟောဒီ ကျုပ်တို့ရွှေပိန်းကောတစ်ရွာလုံး ရယ်သံတွေ တအုံးအုံးဖြစ်သွားမှာ သေချာတယ်"

"စိတ်ချစမ်းပါကွာ ...စိတ်ချ၊ ဟော့ကောင် ... မင်း တစ်ခုခုစားဦးလေ"

"မစားတော့ပါဘူးဗျာ ...ညနေဘက် အိမ်မှာ ဆာဆာရှိတာနဲ့စားလာတာ ရင်ပြည့်နေပြီ၊ ကာဖီလေးဘာလေး ရရင်တော့သောက်ချင်သား။ မျက်လုံးကြောင်အောင်လို့ပါ"

"အောင်မယ်လေးကွာ ...စောစောက ပြောလိုက်ပါတော့လား ...ကောက်ချိတ်ရဲ့ လိုရမည်ရဆောင်လာတဲ့ ကော်မီမစ်တစ်ထုပ် ပါလာတယ်၊ မင်းကိုဖျော်တိုက်မယ် ...ဟုတ်ပလား"

"ကျေးဇူးပါပဲဗျာ ...တိုင်းရက်တဲ့ပက္ကလာ၊ မိုးရွာတာနဲ့ အဆင်သင့်ဆိုသလိုပါပဲ"





ကောက်ချိတ်ခေါ်စကားကြောင့် ကိုစိန်တင် ပျော်သွားသည်။ ထို့ကြောင့် ကိုသာဘန်းဓိန်းမ မိထော်အား အနားသို့ခေါ်ကာ တစ်စုံတစ်ခုကိုပြောရင်း အိတ်ထဲမှ ကော်ဖီမစ်ထုပ်နှင့် အထုပ်တစ်ထုပ်ကို ပေးလိုက်သည်။

သိပ်မကြာလိုက် ...

အငွေ့တထောင်းထောင်းနှင့် ကော်ဖီမစ်တစ်ခွက်သည် ခေါင်းဆောင်ကြီးကောက်ချိတ်ထံ ရောက်လာသည်။

"ဟား ... ကော်ဖီနံ့က မွှေးနေပါလား ကိုစိန်တင်ကြီးရဲ့၊ ကောင်းပါလေ့ဗျာ ...ဖိမ်နဲ့တွယ်လိုက်ဦးမယ်၊ ခင်ဗျားတို့လည်း ထန်းရည်မှာသောက်ကြ၊ အလွန်အကျွံတော့ မဖြစ်စေကြနဲ့"

"အေးပါကွာ ...အေးပါ၊ အေးပါ"

ကောက်ချိတ်လည်း ထန်းလက်ကုလားထိုင်တွင် ကျောဆန့်ရင်း ကိုစိန်တင်စီမံပေးသည့် ကော်ဖီမစ်ကို တဖူးဖူးမှုတ်ကာ တစ်စက်မကျန်သောက်နေမိတော့သည်။

"အဟားဟား ...ခုလိုမျိုး ဆောင်းဟေမန်ကာလ အေးချမ်းတဲ့သမယမှာ ရှားရှားပါးပါး ကော်ဖီမစ်လေးတစ်ခွက် သောက်လိုက်ရတာ အရသာပဲဗျို့ ...အင်း ... အမောလည်းပြေပြီး မျက်တောင်တွေတောင် စင်းလာချင်သလိုပဲ ...ဝါးအားအား ..."

"ဟာ ...ဟော့ကောင်ကောက်ချိတ်၊ မအိပ်လိုက်နဲ့နော်၊ မင်းအိပ်ပျော်သွားရင် ငါတို့ ဘာဆက်လုပ်ရမှန်း သိတော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစမ်းပါ ... ကိုစိန်တင်ကြီးရာ၊ ကျုပ်မအိပ် ပါဘူးဗျ၊ ခဏကလေး မှေးရုံလောက်ပါ"

သည်သို့ပြောဆိုပြီးလေသည့်နောက် ကောက်ချိတ်လည်း ထန်းပက်လက်ကုလားထိုင်တွင် ဘယ်လိုလှုပ်နှိုးနှိုး နိုးရှိမရအောင် တခေါခေါအသံပေးလျက် အိပ်မောကျသွားခဲ့လေပြီတကား။

"ကိုင်း ... အခြေအနေက ဘယ်လိုဘယ်ပုံ စိစဉ် မထားရပါဘဲနဲ့ ဒီအခြေဆိုက်လာတော့လည်း ဘာမှမတတ် နိုင်တော့ဘူး။ ကောက်ချိတ်တော့ ကုလားသေကုလားမော ဖြစ်သွားပြီ၊ ဒီတော့ ... မသာစင်ပေါ်တင်ဖို့ လိုနေတဲ့ အလောင်းအတွက် ကောက်ချိတ်ကိုပဲ အသုံးပြုကြစို့ရဲ့"

"ဟေး ... ဟုတ်တယ်ကွ၊ မျောက်ကြီးအမြီးနဲ့မျောက် ကြီးပြန်ချည်ကြစို့ရဲ့ ..."

"ကိုင်း ... ဖက်တီး၊ မင်းက ဗလတောင့်တယ်၊ ထမ်းကွာ ..."

ဖက်တီးဝင်းမောင်လည်း အသေကောင်ကြီးသဖွယ် ဘာ ကိုမျှသတိမရလောက်အောင် အိပ်ဆေးတန်ခိုးဖြင့် တခေါခေါဖြစ် နေသော ကောက်ချိတ်အား ပခုံးတွင်ထမ်းကာ မှောင်ရိပ်တွင် ချထားသော မသာခုတင် မသာစင်ပေါ် အသာတင်လိုက်သည်။ သည့်နောက် မသာခုတင်ကြီးကို ဝိုင်းမကာ ဦးစိန်ဖြိုး၊ ဒေါ်မြမြလှိုင် တို့၏ အိမ်ပေါက်ဝ၌ ချထားလိုက်ကြသည်။

"နေဦးကွာ ...နေဦး ..."





ကိုစိန်တင်က ဘယ်ကယူလာမှန်းမပြောတတ်သည့် မြေဖြူ ချောင်းကိုရေဆွတ်လျက် ပျဉ်ပြားတစ်ချပ်ပေါ်တွင် ရေးခြစ်လိုက်၏။

"တွယ်လွန်းသူ မောင်တောက်ချိတ်
အသက် (၂၅)နှစ်
ရှစ်တလာဝ်

အားလုံး ရယ်ချင်စိတ်ကို မနည်းချုပ်တီးထားလိုက်ကြရ၏။ မသာခုတင်ထက်၌ ကုလားသေကုလားမော အိပ်ပျော်နေရှာသော ကောက်ချိတ်မှာတော့ ဘာဆိုဘာမျှမသိ။ သူ့အပေါင်းအသင်းတွေ သူ့ကိုထားပြီး လစ်သွားကြသည့်တိုင် ဘာဆိုဘာမျှမသိ။

သည်လိုနှင့် မနက်မိုးလင်းလာသည့်သမယ အသံဗလံ တွေ လျှံထွက်လာကြသည်။

"အမလေး ... ကိုယ်ကျိုးနည်းပါပြီတော် ... ဘယ် သေချင်းဆိုးတွေ ကျုပ်တို့အိမ်ရှေ့ လုပ်ထားခဲ့ပါလိမ့် ... နိမိတ်မရှိ နမာမရှိ၊ တော် ... ကိုစိန်ဖြိုး၊ အဲဒီမသာစင် ကြီး ဘယ်လိုလုပ်ရမလဲတော့ ..."

"အေး ... ငါလည်း အဲဒါကိုစဉ်းစားနေတာ၊ လုပ်ထား တာ ပြင်ဆင်ထားတာလည်း တကယ့်ကိုအပိအပြင်ဟ၊ လိုက်ကာတွေ၊ မျက်နှာကြက်တွေနဲ့ ရေအိုးတွေ၊ ကန်တော့ ပွဲတွေတင်မကဘူး၊ ပန်းခွေတောင်မှ ပါလိုက်သေး ... ဗိုလ်တာက်ခြိက မောင်တက်တို့၊ ဖော်မိုးဦးတို့၊ နိုင်ဝင်းတို့ကို အကူအညီတောင်းပြီး ရွာအပြင်ရွှေ့ရမှာပဲ"

www.burmeseclassic.com



“မြန်မြန်လုပ်စမ်းပါတော် ... မြင်ရတာနဲ့ ရင်တုန်ကျောချမ်းလို့ပါ”

ဦးစိန်ဖြိုးနှင့် ဒေါ်မြမြလှိုင်တို့လင်မယား အကြီးအကျယ်ဗျာများနေကြသော်လည်း လမ်းသွားလမ်းလာတို့မှာမူ တခိခိနှင့်။

“ဟယ် ... မသာအလေါင်းကြီးပါလား”

“ဟာ ... အလောင်းက တကယ်ရှိနေတာပဲ၊ ဟားဟားဟား ...”

“ဩော် ... ကောက်ချိတ် ... ကောက်ချိတ်၊ ဘယ်လိုပုံဘယ်လိုနည်းနဲ့ ဘဝတစ်ပါးကို ကူးပြောင်းရောက်ရှိသွားသလဲမသိဘူးနော် ... ဟော့ကောင် ... ဟော့ကောင်”

“အောင်မယ်လေး ... အောင်မယ်လေးလေ့ ... သွားရှာပြီလား ကောက်ချိတ်ရဲ့၊ အသေစောလို့ နှမြောလိုက်ပါဘိတော့ကွယ် ...”

“သူငယ်ချင်းရေ ... သူငယ်ချင်းရဲ့၊ မိန်းမတစ်ယောက်တောင်မှ ရမသွားတာ အသည်းနာလှချည်ရဲ့၊ အဲဟဲ့ .. အဲ့ဟဲ့ ... အဟီး ...”

အနောက်အပြောင်သန်ကြသော လမ်းသွားလမ်းလာတို့က တဟီးဟီး,တဟားဟားနှင့် ရယ်သွမ်းသွေးကြကုန်၏။ မကြာခင်မှာပင် အသုဘစင်ကြီးကို ရွှေ့ပြောင်းသယ်မရန်အတွက် ဦးစိန်ဖြိုး၊ မောင်တက်၊ ဖော်မိုးဦးနှင့် နိုင်ဝင်းတို့ ရောက်လာကြသည်။

“ကိုင်း ... မောင်တက်နဲ့ နိုင်ဝင်းက ရှေ့က မ,ကွာ၊ ငါနဲ့ ဖော်မိုးဦးက နောက်က မ,မယ်”





“ဟေး ... ရေအိုးခွဲရတော့မလား”

“မလုပ်နဲ့ ... မလုပ်နဲ့ ... ကျုပ်အိမ်ရှေ့မှာ ဘာမှမလုပ်နဲ့၊ ခင်ဗျားတို့ကူညီချင်ရင် အသုဘစာတမ်းကို ရှေ့ကကိုင်သွား၊ ပြီးရင် ကန်တော့ပွဲတို့၊ ပန်းခွေတို့၊ ရေအိုးတို့ကိုင်ပြီးလိုက်၊ ခင်ဗျားတို့နောက်ကမှ ကျုပ်တို့ မသာစင်ကြီးနဲ့လိုက်မယ်၊ ရှာထိပ်ကိုနော် ... ရှာထိပ်ကို ...”

“ဟေး ... ဟုတ်သကွာ”

“ဝါးဟားဟား ... ကျီးမနိုးပွဲကတော့ အပီပဲဟေ့၊ ဩော် ... ကောက်ချိတ်တို့များ အရပ်ကောင်းတော့လည်း အလောင်းလှရှာသားပဲ ... ဟဲဟဲဟဲ ...”

အသံဗလံတွေ ဆူညံစွာထွက်ပေါ်လေတော့ သကောင့်သားမောင်ကောက်ချိတ်လည်း အိပ်ဆေးပြယ်ကာ အိပ်ရာမှနိုးလေပြီ။ ခန္ဓာကိုယ်တစ်ခုလုံး ရွေ့လျားနေသည်ကို သတိထားကြည့်မိတော့

“ဟာ ... ပြဿနာပဲ၊ ရုက်စရာကောင်းလိုက်တာ”

ဤသို့ဆိုပြီး တင်းတိမ်ကိုအသာမ,လျက် ဝုန်းခနဲခုန်ချပြီး ခြေဦးတည့်ရာ လစ်ပြေးပါလေတော့၏။

“ဟေး ... မသာကောင် ကောက်ချိတ်၊ ပြေးပြီဟေ့ ပြေးပြီ ...”

“ဝါး ... ဟား ဟား ဟား ...”

ကျီးမနိုးပွဲ အလုပ်ကောင်း၍ ကိုယ့်ရှူးကိုယ်ပတ်ခံလိုက်ရသော ကောက်ချိတ်အဖို့ နောက်နှစ်,နောက်နှစ်တွေရောက်လျှင်ပြီး ကျီးမနိုးပွဲအကြောင်း စကားဟာမှဟာပါလေတော့မည်လားသိ။



www.burmeseclassic.com

www.burmeseclassic.com

ကောက်ချိတ်အဖို့ ဖခင်ဖြစ်သူ အင်းသူကြီးဦးညွန့်တင်မှာကြားခဲ့သည့်စကားက နားကြားမှမထွက်။

"ငါ ... အရေးပေါ် ရန်ကုန်ကိုသွားနေတဲ့ကာလမှာ မမျှော်လင့်ဘဲ ငါ့ညီ့သည် ဘယ်သူပဲရောက်ပါစေ ... ညီ့သည်အပေါ် ညီ့ဝတ်ကျေပါစေ၊ ဘာမှမလစ်ဟင်းပါစေနဲ့။

မင်းဟာ တစ်နေ့ကျရင် ငါ့ခြေရာကိုနင်းရမယ့်သားဖြစ်တာမို့ လူမှုပေါင်းသင်းဆက်ဆံရေးမှာ တာဝန်ကျေပါစေ၊ ငါတို့လုပ်ငန်းဆိုတာ အလုပ်သမားတွေ၊ အရောင်းအဝယ်သမားတွေ၊ ငွေရှင်ကြေးရှင်တွေနဲ့ အမြဲလိုထိစပ်နေရတာ၊ အားလုံးရဲ့စိတ်ဓာတ်ကို အကဲခတ်နိုင်ပါမှ ကိုယ့်ရဲ့ထားရှိတဲ့စေတနာကောင်းကို သူတို့လည်း နားလည်ပါမှ လုပ်ငန်းဆောင်တာ ကိစ္စအဝဝ အောင်မြင်တာမျိုးကွ"





"စိတ်ချပါ ... အဖေရာ၊ ဘာမှနောက်ဆံမတင်းနဲ့။ သွားစရာရှိတဲ့ နေရာဒေသကို စိတ်ဖြောင့်ဖြောင့်သာသွား။ အဖေ့ရဲ့ ဘယ်ညီ့သည်မဆို ဘယ်အချိန်လာလာ ... တာဝန်ကျေစေရပါမယ်၊ အဖေမှာတဲ့အတိုင်း စိတ်တိုင်းကျဖြစ်စေရပါမယ်"

သည်သို့ အထပ်ထပ်အခါခါ ကတိပေးလေမှ စာအုပ်ကြီးသမားဖြစ်သော ဦးညွန့်တင်လည်း စိတ်ဖြောင့်လက်ဖြောင့်ဖြင့် ၎င်း၏လက်စွဲတော် တပည့်ကျော်ငပိန်ကိုခေါ်လျက် သဘောဆိပ်ဆင်းပြီး ရန်ကုန်သို့ ခရီးထွက်ရန် ပြင်သည်။

"ငါမရှိတဲ့ရက်တွေမှာ ... ငါးဒိုင်ကို သေသေချာချာ ကြီးကြပ်နော်၊ နာချင်တဲ့ငါးရုံ့တွေဆိုရင် အခွဲသမားတွေကို ခွဲခိုင်းပြီး အခြောက်လှန်းခိုင်း။ မင်းယောက်ဖဗိုက်ကလေးနဲ့ လည်ပင်းဖက်ပြီး အလွန်အကျွံလဲ သောက်စားမနေနဲ့ဦး"

"စိတ်ချပါ ... အဖေရဲ့"

"ဘာစိတ်ချပါလဲ ... တန်ဆောင်မုန်းလပြည့်ညတုန်းက ကျော်မကောင်း၊ကြားမကောင်းလုပ်သွားတာ သတိရဦး ..."

"အဟီး .... အဲဒီတုန်းက အိပ်ဆေးမိသွားလို့ပါ အဖေရ"

"ကိုင်း ... ဒါဆို ငါတို့သွားတော့မယ်"

"ကြွ ကြွ ... စိတ်ချလက်ချသာကြွ ... အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဦးညွန့်တင်နှင့် ဦးငပိန်တို့ ရွှေပိန်းကောမှ ရက်အတန်ကြာ မြို့သို့တက်သွားကြသည်မို့ ကောက်ချိတ်အဖို့ သူ့ခြေသူ့လက်နှင့် လွတ်လပ်ရေးရတော့မည်ဖြစ်ရကား အကြီးအကျယ် လွတ်လပ်ရေး ရနေလေတော့သည်။

နောက်တစ်ရက်မှာတော့ ကောက်ချိတ်တို့ငါးဒိုင်သို့ ကိုသာထူးဆိုသော ခနေဖြူမြို့နယ်မှ ပွဲရုံပိုင်ရှင် ရောက်လာခဲ့သည်။

ကိုသာထူးသည် ဖခင်ဦးညွန့်တင်၏ညေ့်သည် ဖြစ်သည်။ သည်တော့လည်း ဖခင်မှာကြားထားသည့်အတိုင်း ညေ့်ဝတ်ပျူငှာကျေရပါတော့မည်။ ငါအားလျော်စွာပင် ယောက်ဖတော်ဗိုက်ကလေးနှင့် ကိုသာထူးတို့က သိပေါင်းကျွမ်းပေါင်းတွေ ဖြစ်၍နေကြသည်။

"ဗျို့ ... ကိုသာထူး ဒီမှာ လွတ်လွတ်လပ်လပ် တည်းခိုနော်၊ ဘာမှလိုလေသေးမရှိစေရဘူး၊ ဒါက ကျုပ်ယောက်ခမကြီးရဲ့တစ်ဦးတည်းသောသား မောင်ကောက်ချိတ်တဲ့၊ ကျုပ်ရဲ့ယောက်ဖပေါ့"

"ဟေ ... ဟန်ကျတာပေါ့ကွ၊ ဦးညွန့်တင်နဲ့ ငါနဲ့က စီးပွားဘက်တွေကွ၊ ခနေဖြူရောက်ရင်လည်း ငါ့ပွဲရုံမှာပဲ ဦးညွန့်တင်က တည်းတာကွ၊ အခု ကုန်ရောင်းထွက်လာတာ၊ ပါလာတဲ့ကုန်တွေက ရောင်းလို့ကုန်သလောက်ရှိပါပြီ၊ ရစရာငွေကြေးလက်ကျန်လေးတွေနဲ့ အပြန်ဝယ်သွားချင်တဲ့ ကုန်ကလေးတွေစောင့်ပြီး နှစ်ရက်သုံးရက်လောက်တော့ တည်းရလိမ့်မယ်ထင်တာပဲ"





"အမယ်လေး ... နှစ်ရက်,သုံးရက်မဟုတ်ပါဘူး။ အဖေတို့ပြန်လာတဲ့ရက်အထိ တည်းမယ်ဆိုလည်း တည်းနိုင်ပါတယ် ဦးလေးသာထူးရာ၊ အဖေက ညေ့်သည်ကို ညေ့်ဝတ်ကျေဖို့ သေသေချာချာမှာသွားခဲ့တာ၊ ကိုင်း ... ဒီတော့ အိမ်မှာ အေးအေးဆေးဆေး ရေမိုးချိုး၊ စားသောက်ပြီး အနားယူရအောင် ဗိုက်ကလေးက ဦးသာထူးကို ခေါ်သွားဗျာ၊ ညနေအလုပ်သိမ်းရင် ထုံးစံအတိုင်း ကိုသာဘန်းထန်းတောပေါ့"

"အဟီး ... မင်းတို့ဆီကထန်းရည်က ဘယ့်နယ်လဲ၊ တို့ဆီမှာ အရောအနှောတွေများနေလို့ ချက်အရက်ပဲ အားထားနေရတာ"

"ဟာ ... အမှန်အကန်ကို သောက်စေရမယ်၊ ဘာမှ မပူနဲ့ ကိုသာထူးရေ၊ အိမ်မှာ ဒီကနေ့ ရွာထဲဝက်ပေါ်လို့ ကလီစာတစ်တွဲခွဲထားတာရှိတယ်၊ ညနေကျရင် ကလီစာ အပြည့်နဲ့ ပင်ကျထန်းရည်တို့တော့ တွဲဖက်ညီပြီပေါ့ကွာ"

ဗိုက်ကလေး၏စကားကြောင့် ညေ့်သည်တော်ကိုသာထူး၏ မျက်ဝန်းအစုံတို့ ဝင်းလက်တောက်ပသွားခဲ့သည်။ သည်ကတည်း က ညေ့်သည်တော်ကိုသာထူးနှင့် အထူးပင်လေပေးဖြောင့်တော့ ညေ့်မှန်း ကောက်ချိတ် တွက်ဆထားလိုက်ပါချေ၏။

"ကိုင်း ... ဒါဖြင့် ငါ ညေ့်သည်ကို ရွာထဲကအိမ် လိုက်ပို့လိုက်ဦးမယ်၊ တော်ကြာ ... ကလှော်သော်က အင်းသမားတွေ ငါးလာသွင်းလိမ့်မယ်၊ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားနော် ကောက်ချိတ်၊ တစ်အောင့်နေ ထမင်းချိုင့် ဆွဲပြီး ငါပြန်လာခဲ့မယ်''

''စိတ်ချစမ်းပါ ... ယောက်ဖရာ၊ သွားမှာသာသွား စမ်းပါ''

ဗိုက်ကလေးသည် ညော့်သည်တော်ကိုသာထူး၏ အထုပ် အပိုးအချို့ကိုကူဆွဲလျက် ရွာထဲသို့ ဝင်သွားခဲ့လေသည်။ ထိုစဉ်မှာ ပင် ငါးဒိုင်ရှေ့သို့ ကလော့သော့မှ လှည်းနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာလေ၏။

''ငါးရံ့ ငါးခူ ငါးပနော် ငါးပြေမနဲ့ ပုစွန်တုပ်တွေ ပါလာတယ်''

''ချမယ် ... ချမယ် ... ဟေ့ ... ငါးရွေးအဖွဲ့တွေ ကူကြပါဦးဟ ...''

ငါးလှည်းနှစ်စီးဝင်လာသည်ဆိုတော့ ကောက်ချိတ်အပါ အဝင် ငါးဒိုင်အလုပ်သမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေ သည်။ ငါးတောင်းတွေ သယ်သူသယ်၊ အရွယ်အစားတွေ ရွေးသူရွေး၊ အမျိုးအစားတွေ ကန့်သူကန့်၊ ချိန်တွယ်အလေးမှတ်သူမှတ်ဖြင့်။

ကောက်ချိတ်လည်း စာရင်းစာအုပ်ကိုဖွင့်၊ ပေသီးကိုကိုင် ကာ တစ်ချောက်ချောက်တွက်လျက် ဖခင်ကြီးပေးအပ်ခဲ့လေသော တာဝန်တို့ကို ကျေရချေတော့မည်တစ်မုံ။



''ဒီအတွက်

သိပ်ဒေါင်းစားမခံပါနဲ့ ကိုသာထူးရာ ....

ဘယ်သူမှမသိနိုင်တဲ့

လျှို့ဝှက်ချက်ကလေးတစ်ခု

ခင်ဗျားကို ပေးလိုက်မယ် ....

ယုံယုံကြည်ကြည်သာ လုပ်

ဘာမှ

အမှားအယွင်းမရှိတော့ဘူး ....''



www.burmeseclassic.com

www.burmeseclassic.com

ဦးညွန့်တင်၏ညှော်သည် ကိုသာထူးမှာလည်း ကောက်ချိတ်တို့လို နိုးသမားပင်ဖြစ်လေရာ ကိုသာဘန်းထန်းတော၌ ထိုင်မိပြီးသကာလ တိုတောင်းသောအချိန်ကလေးမှာပင် တကယ့်ကို ယော်ပေါင်းကြီးဖော်တွေနှင့်မခြား 'သူတော်ချင်းချင်း သတင်းလွေ့လွေ့' ဖြစ်ခဲ့ရလေပြီတကား။

"ဟား ... ထန်းရည်ကလည်း ငါသောက်ဖူးသမျှတွေထဲမှာတော့ တကယ့်ကို ရှာမှရှား။ အကောင်းစားထိပ်တန်းပါပဲလားဟေ့ ... ပြီးတော့ ဝက်ကလီစာချက်ထားတာကလည်း လျှာကိုလည်သွားတာပါပဲ ... နေ့ဖြူရောက်ရင် ငါ့ပွဲရုံကို ဝင်လာခဲ့ကြကွာ၊ တည်းဖို့ခိုဖို့လည်း ဘာမှမပူနဲ့၊ ငါ့တာဝန်သာထား ..."





ညှော်သည်တော်ကိုသာထူးတစ်ယောက် ထန်းရည်လေးခွက်လောက်ဝင်သွားပြီးသည်နှင့် အာသွက်ဉာဏ်တွေ ရွှင်နေလေတော့သည်။ ရွှေပိန်းကော၏ထန်းရည်ဝိုင်းတော်သားများဖြစ်သော ကောက်ချိတ်၊ ဗိုက်ကလေး၊ ကိုစိန်တင်၊ ဖက်တီးဝင်းမောင်၊ ကျွဲသိုးမောင်ယုတို့နှင့်လည်း တကယ့်ကို ဒူးတင်ပေါင်တင်ဖြစ်ပြီး တဟီးဟီး,တဟားဟားနှင့်။

တကယ့်တကယ်ပေါင်းကြည့်တော့ ညှော်သည်တော်ကိုသာထူးကား ခင်မင်စရာကောင်းလှသူဖြစ်သည်။ တစ်ဖက်သားအပေါ်အားနာတတ်ပုံရသလို ပျော်ပျော်ပါးပါးနေတတ်ပုံလည်းရသည်။ အပြောအဆိုမှာလည်း ပွင့်လင်းမှုရှိသကဲ့သို့ ဟာသဉာဏ်လည်းကြွယ်ပါပေ၏။ လူပုံလူပန်းက အချောအလှကြီးမဟုတ်သော်ငြားအဟန့်ကောင်းမည့်ပုံ ဖြစ်ချေသည်။ အတော်ကလေး ရင်းနှီးကျွမ်းဝင်သွားကြတော့ ဗိုက်ကလေးက အစတစ်စကိုဆွဲထုတ်လာချေသည်။

"ဒါထက် ... မသိလို့မေးပါရစေ ကိုသာထူးရဲ့"

"မေးပါဗျာ ... မေးပါ၊ မှတ်ဆိတ်မွေးမနုတ်ရင် ပြီးတာပါပဲ ... အဟဲဟဲ ..."

"ကိုသာထူးတို့ပွဲရုံက ကျုပ်တော် ဟိုးတစ်ခါရောက်ခဲ့ဖူးတုန်းက **ဆရာမောက်** ပွဲရုံပါ၊ အခု ဘာဖြစ်လို့ ၂၀၆ ပွဲရုံ ဖြစ်သွားရတာတုန်း။ ကေန္တ ... ဆိုင်ရဲ့နံပါတ်ကို အစွဲပြုပြီး ပွဲရုံနာမည်ကို ပြောင်းလိုက်တာလား"

"ပြောရရင်တော့ ... အဲဒီကိစ္စဟာ နည်းနည်းလေးတော့ ရှည်လိမ့်မယ်၊ ကြားချင်ရင်ပြောမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“ပြောပါဗျာ ... ပြောပါ၊ ကျွန်တော်တို့ဒီမှာက ပြောစရာအကြောင်းအရာတွေက ဆီသည်မလက်သုတ်ဝဝါလို ဖြစ်နေတာ၊ ခုလိုမျိုးအကြောင်းအရာအသစ်အဆန်းကို ကြားရမယ်ဆိုတော့ ပြောသာပြော၊ နားထောင်ဖို့ရာ အဆင်သင့်ပဲဗျို့ ...”

“ကောင်းပြီလေ ... ဒါဆိုရင်လည်း ပြောရတာပေါ့၊ ဆရာမောက်ပွဲရုံဆိုတာက သွားလေသူ ကျုပ်ဖခင် ဆရာမောက်တည်ထောင်ခဲ့တဲ့ ပွဲရုံဖြစ်လို့ ‘ဆရာမောက်ပွဲရုံ’လို့ အမည်တွင်ခဲ့တာပါ၊ အဲ ... ကျုပ်လက်ထက်ကျတော့ ကနဦးကတော့ အဖေ့အမွေဆက်ခံပြီး ‘ဆရာမောက်ပွဲရုံ’ အနေနဲ့ လှုပ်ရှားခဲ့တာပါပဲ၊ ဆရာမောက်ကနေ ၂၀၆ ဖြစ်ခဲ့ရတာကတော့ ကျုပ်မိန်းမရပြီးတဲ့နောက်မှာ ပညတ်သွားရာ ဓာတ်သက်ပါတယ်ဆိုရမလား၊ မပြောတတ်ဘူး။ သူ့ဘာသာသူ လမ်းကြောင်းမှန်ထဲရောက်သွားပြီး တွင်သွားတာပဲဗျို့ ... အဖြစ်က ဒီလိုဗျာ ... ဒီလို ...”

လေသံအေးအေးကလေးဖြင့် သာသာညင်းညင်းကလေး စကားစလိုက်တော့ ကောက်ချိတ်တို့အုပ်စုတစ်စုလုံး အမြည်းစားရန်ထန်းရည်မော့ရန်၊ ဆေးလိပ်ဖွာရန် သတိမရတော့ဘဲ ကိုသာထူး၏ လေကြောတွင် လိုက်ပါမျောလွင့်သွားကြလေတော့၏။

*





ဖခင်ဖြစ်သူဆရာမောက် ကွယ်လွန်အပြီးမှာတော့ ဖခင်၏ အမွေအနှစ်ကို သားဖြစ်သူကိုသာထူး ဆက်ခံရလေသည်။

ဖခင်ဦးမောက်သည် ကနဦးက မူလတန်းကျောင်းအုပ်ဖြစ်သည်။ သည့်အတွက် ရပ်ရွာက ဆရာမောက်ဟု နှုတ်ကျိုးနေခဲ့ကြသည်။ အိမ်ထောင်ကျအပြီး ကျောင်းဆရာအလုပ်မှထွက်ကာ ပွဲရုံလုပ်ငန်းလုပ်တော့ မည်သည့်ပွဲရုံနာမည်ပေးပေး ဆရာမောက် ပွဲရုံဆိုသောအမည်သာ တွင်တော့သည်။ ထို့ကြောင့်လည်း ဆရာမောက်ပွဲရုံ ဆရာမောက်ပွဲရုံအဖြစ်ဖြင့် စခန်းသွားရတော့သည်။ ဆရာမောက်တို့ အိမ်ထောင်ရက်သားကျပြီး နှစ်ကာလတစ်ခုတွင် သားရတနာလေးတစ်ဦး ထွန်းကားခဲ့လေ၏။ အများထက်သာ၍ အားလုံးထက်ထူးရမည်ဟူသော အောင်ဟိတ်မင်္ဂလာကိုယူ၍ မောင်သာထူးဟု မှည့်ခေါ်ခဲ့လေသည်။

အနီမောင်သာထူးတစ်ဖြစ်လဲ ကိုသာထူးတစ်ယောက် လူသားမြောက်သောကာလတစ်ခု၌ မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို လောကကြီးအား တာ့တာလုပ်သွားခဲ့လေရာ မိဘတို့၏ကျန်ရစ်သော ကောင်းမွေဆိုးမွေမှန်သမျှကို ကိုသာထူးသည် ဆက်ခံခဲ့ရလေ၏။ ဖခင်ကြီး၏ပွဲရုံလုပ်ငန်းခွင်၌ ကျောင်းအားချိန်များ၌ ကူညီလုပ်ကိုင်ပေးခဲ့ရသဖြင့် ပွဲရုံလုပ်ငန်း၏သဘောသဘာဝကို နားလည်နေခဲ့ရကား ယခုလိုမျိုး မိဘနှစ်ပါးစလုံး မျက်ကွယ်ပြုသွားခဲ့ချိန်တွင် ကိုသာထူးသည် အတန်းစာများကိုကျောခိုင်းလျက် နားလည်တတ်ကျွမ်းသော ပွဲရုံလုပ်ငန်းကို လုပ်ကိုင်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကောင်းဆွေကောင်း၊ ဖောက်သည်ကောင်းများကြောင့် သူ့ပွဲရုံလုပ်ငန်းသည် အရှိန်အဟုန်မပျက်။ ကြွေြရစွာဖြင့် စခန်းသွားနိုင်ခဲ့ပါသည်။

သူ့၌ အားနည်းချက်တစ်ခု ရှိသည်။

အဲဒါကတော့ ရုံဖန်ရံခါ သတိလက်လွတ်ဖြစ်လျက် မေ့တတ်ခြင်းပဲဖြစ်၏။ ငယ်ကပေါင်းသည့် ရောင်းရင်းများ သူ့ပွဲရုံသို့ လမ်းကြုံ၍ဝင်လာလျှင် ညှိဝတ်မကျေမရှိသော်ငြား ရောင်းရင်းများ ပြန်ခါနီး ...

"နေပါဦးဗျာ ... ခင်ဗျားနာမည် ဘယ်သူ ..."

သည်သို့ တကယ်အမှတ်သညာမေ့လျော့သဖြင့် မေးမိသည့်အပေါ်တွင် စိတ်ဆိုးခြင်း၊ အထင်လွဲခြင်းများ ခံရတတ်လေသည်။

တစ်ခါတုန်းကလည်း ခါတော်မီရောင်းထုတ်ရမည့် ကုန်ပစ္စည်းများကိုမေ့လျော့ပြီး မထုတ်မိသဖြင့် အကျိုးနည်းခဲ့ရဖူးသည်။ ပွဲနေပွဲထိုင်သွားသည့်အခါ ခန္ဓာကိုယ်၌ ဝတ်ကောင်းစားလှများ ကြော့နေအောင် ဝတ်ဆင်ထားပါလျက် ဖိနပ်စီးရမည်ကိုမေ့လျော့ကာ ခြေဗလာဖြင့် ထွက်လာခဲ့သည်မျိုး၊ ညအိပ်ရာမှ မနက်စောစော လက်ဖက်ရည်သွားသောက်သည့်အခါ၌ ပုဆိုးမပါဘဲ ဘောင်းဘီတိုကလေးဖြင့် ရောက်သွားတတ်သည်မျိုး၊ မနက်စောစော မျက်နှာသစ်ရမည်ကိုမေ့လျော့ပြီး နေ့လယ်ရောက်ခါမှ မျက်နှာသစ်ရသည်မျိုးတို့ ရှိခဲ့လေရာ အတွင်းသိ,အစင်းသိတွေက အမှန်တကယ်





မေ့လျော့ခြင်းဆိုတဲ့ သဘောပေါက်နားလည်သွားကြပြီး ခွင့်လွှတ်ထားလိုက်ကြရတော့သည်။

"သည်ကောင်ကြီးကို ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး။ အရွယ်ရှိနေတုန်း မိန်းမပေးစားမှဖြစ်မယ်၊ မိန်းမရသွားရင်တော့ သွေးသားတွေပြောင်းပြီး မှတ်ဉာဏ်တွေ ပိုကောင်းလာလိမ့်မယ်ထင်ရဲ့ ..."

ထိုသို့ ၎င်းအပေါ် မေတ္တာ,စေတနာထားကြသူတို့က မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ကုန်ကြသည်။

"ဟေ့ကောင် ... သာထူး၊ မင်းပိုင်းရပ်က ဦးမောင်ကွေးရဲ့သမီး အမြွှာညီအစ်မနှစ်ယောက် မင်း ဘယ်သူ့ကို ကြိုက်လဲ၊ ကြိုက်တာကိုပြော၊ ငါတို့ အဆင်ပြေအောင် ဆောင်ရွက်ပေးမယ်"

သည်စကားကြားလိုက်ရတော့ စိတ်ဓာတ်အခံကိုက မိန်းမလိုချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်နေသော ကိုသာထူးအဖို့ ခွေးလျှာသီးမှုန့်များအပေါ် ပုဆိုးမပါဘဲ ဖင်ထိုင်ချမိသလိုဖြစ်သွားသည်။

"ဟာ ... ခင်ဗျားတို့ တကယ်ပြောနေကြတာလား"

"ဟ ... တကယ်ပြောတာကွ၊ အမြွှာညီအစ်မနှစ်ယောက်ရှိတဲ့အထဲ အကြီးမ တင်တင်ခိုင်ကိုကြိုက်သလား၊ ဒါမှမဟုတ် အငယ်မ ရင်ရင်မြိုင်ကို ကြိုက်သလား"

"အပါး ... နှစ်ယောက်စလုံးက ခွဲမရအောင် ရုပ်ချင်းတူပြီး လှတာကလည်း စက်စက်ယိုတွေဆိုတော့ အပါး



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုရင် နှစ်ယောက်စလုံးယူမယ်ဗျာ ... ကိုင်း ... ဘယ့်နှယ်လဲ ..."

"တောက် ... ပြောတော့အရှူး နောက် အိမ်ဦးချေးပါ ဆိုတာ မင်းလိုကောင်မျိုးပါလားကွ သာထူးရ၊ အဲသလို သွားပြောလို့ကတော့ သူ့ဖခင်ကြီးဦးကွေးရဲ့ တုတ်စာ မိသွားမယ်၊ ဦးကွေးဆိုတာ တုတ်ပစ်အင်မတန်ကျွမ်းတာ၊ မပုလုံးအိမ် သူခိုးတက်တော့ သူ့လက်စွဲတော်တုတ်တိုနဲ့ လှမ်းပစ်တာ ခွေးကောင်သူခိုး ညို့သကျည်းထိပြီး နေရာက မထနိုင်တော့ဘဲ ကွိခနဲအဖမ်းခံရပါရော့လား"

"ဟုတ်တယ်၊ အင်မတန်တုတ်ပြောင် အဲ ... တုတ်ပစ်ပြောင်တဲ့အဘိုးကြီး၊ ဒါပေမယ့် ... အဘိုးကြီးမလဲ အသက်ကကြီးတော့ မာန်တွေသိပ်မရှိတော့ပါဘူး၊ သူ့ မသေခင် သမီးတွေ အိမ်ထောင်ကျသွားစေချင်တယ်တဲ့၊ နို့မဟုတ်ရင် အသေဖြောင့်မှာမဟုတ်ဘူးတဲ့ကွ ..."

"ဒါကြောင့် ... မင်းကို နားချနေရတာပေါ့၊ အဲဒီ အချောအလှအမြွှာညီအစ်မနှစ်ယောက်ထဲက တစ်ယောက် ယောက်နဲ့ကျလည်း မဆိုးပါဘူးကွ၊ မင်းအတွက် စားရေး သောက်ရေးကအစ ညမှုညတာအဆုံး အားလုံးအဆင် ပြေသွားမှာပါ"

"ဟုတ်တယ်ဗျာ ... ခင်ဗျားတို့ သိပ်ပညာရှိပီသကြတာပဲ၊ 'ညီညာဖြဖြ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး လုပ်ကျွေး၊ သင်တွေးအံ့ရှုတ်'ဆိုတဲ့ နာယကဂုဏ်တွေနဲ့ လည်း ပြည့်စုံပါပေရဲ့၊ ဒီတော့ ... 'ကြီးရင်မို ငယ်ရင်ချို' ဆိုတဲ့စကားအရ ကျုပ်က မချိုချင်ဘူး မိုပြီး ဇိမ်ကလေးနဲ့ ငြိမ့်ချင်တာ၊ ဒီတော့ ... အကြီးမ၊ အကြီးမ ... အဟဲ"

ဤသို့ ကိုယ့်ထံမင်းကိုယ်စားကာ ကြီးတော်နွားကိုကျောင်း ချင်နေကြသော ရပ်မိရပ်ဖ နာယကကြီးများ၏ အရပ်ကောင်းမှု ကြောင့် ကိုသာထူး၏အလောင်းလှ (အဲ ... အဲ)အကြောင်းမှာ လှပသွားခဲ့ရပါလေတော့၏။

သည်တော့ ... ကိုသာထူးနှင့် အကြီးမ တင်တင်ခိုင်တို့မှာ ပုဆိုးတန်းတင်လင်မယားဖြစ်ကြပြီးသကာလ သျှောင်နောက်ဆံထုံးပါ ဆိုသလို အကြီးမတင်တင်ခိုင်သည် လင်တော်မောင်ကိုသာထူး၏ ဆရာမောက်ပွဲရုံသို့ အိမ်ထောင်ရှင်မတစ်ယောက်အနေဖြင့် လိုက်ပါ ခဲ့ပါတော့၏။

ဤသို့သောကာလများ၌ ကိုသာထူးနှင့် တင်တင်ခိုင်တို့၏ အိမ်ထောင်ရေးမှာ 'ရှမ်းမားအိမ်နှင့် ရှမ်းမားပမာ' 'တိုင်းရက်သည့် ပက္ကလာ မိုးရွာသည်နှင့်အဆင်သင့်'ဆိုသလို အစစအရာရာ ပျော်ရွှင် ကြည်နူးစဖွယ်ကောင်းနေခဲ့လေသည်။

သို့ရာတွင် ကံတရားက ဘဝကို တစ်မျိုးတစ်ဖုံပြောင်းစေ ခဲ့၏။ ယောက္ခမဖြစ်သူ ဦးမောင်ကွေးတစ်ယောက် မမျှော်လင့်သည့် တစ်နေ့မှာတော့ နှလုံးလေဟပ်ပြီး ရုတ်ခြည်းဆုံးပါးသွားခဲ့ရ၏။ ဤ၌ အဖေတစ်ခု၊ သမီးတစ်ခုဖြစ်နေရာမှ ဖခင်မရှိတော့သဖြင့် ထိုအိမ်ကြီး၌ အငယ်မ ရင်ရင်မြိုင် တစ်ဦးတည်းနေရှိမကြ၏။ သည့်







www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုသာထူးနှင့် အကြီးမတင်တင်နိုင်တို့လင်မယား သွား နေကြဖို့ဆိုရာမှာလည်း မလွယ်ကူပြန်ချေ။

"တို့လင်မယား အငယ်မ ရင်ရင်မြိုင်တို့အိမ် သွားနေတာတော့ ဟုတ်ပါပြီ၊ ပွဲရုံကို သည်အတိုင်းပစ်ထားခဲ့ရင် စိတ်မချရဘူး။ အစောင့်ငှားပြန်တော့ လခပေးရဦးမယ်၊ အစောင့်မငှားပြန်တော့ ဘိန်းစားမောင်သိုက်တို့အဖွဲ့က အလစ်သုတ်ဖို့ချောင်းနေတာ မလွယ်ပါဘူးကွာ ..."

"ဒါဖြင့် ... ညီမလေးကို တင်တင်စားဆီ ခေါ်ထား လိုက်ရင်ကော ..."

"ခေါ်ထားတာက အကြောင်းမဟုတ်ဘူး။ ခု တို့နေတဲ့ ပွဲရုံက အောက်ထပ်မှာ ကုန်တွေ၊ အပေါ်ထပ်ခိုးမှာမှ တို့လင်မယားအိပ်ရတာ၊ သိပ်ကျယ်ကျယ်ဝန်းဝန်းရှိတာ မဟုတ်ဘူး"

"ဒါပေမယ့် ... နေလို့ရအောင်စီစဉ်မယ်ဆိုရင် ဖြစ်ပါတယ်၊ ကျွန်မတို့လင်မယားနဲ့ အငယ်မကြားကို ကန့်လန့်ကာခြားလိုက်ရင် မရဘူးလား"

"ရမယ်ဆိုလည်း ရတာပေါ့ကွာ ..."

"ရရင် အဲသလိုပဲလုပ်တာ ကောင်းလိမ့်မယ်၊ အငယ်မကို ကျွန်မ မျက်နှာလွှဲခဲပစ်လုပ်လို့ မသင့်တော်ဘူး"

"ဒါဖြင့်လည်း မင်းသဘောကွာ ... မင်းသဘော"

သို့ဖြင့် ယောကျ်ားမကြီးဦးမောင်ကွေး ရက်လည်အပြီး တော့ အငယ်မအမြွှာ ရင်ရင်မြိုင်တစ်ယောက် အစ်မနှင့်ခဲအိုတို့ ပွဲရုံအပေါ်ထပ်ခိုးကလေးဆီသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့တော့သည်





အငယ်မ ရောက်လာသည့်နေ့မှစ၍ ကိုသာထူး ဦးနှောက် ခြောက်ရတော့သည်။ ခေါင်းစားရတော့သည်။ အကြောင်းရင်းခံက သူတို့အမြွှာညီအစ်မမှာ တစ်ဦးနှင့်တစ်ဦး ခွဲမရအောင်တူလွန်းနေသောကြောင့်ဖြစ်၏။ သည့်အတွက် ညရေးညတာကိစ္စများ၌ သတိထား၍ ဆက်ဆံနေရ၏။

တချို့က နောက်ပြောင်ကြပါ၏။

"ဟကောင် ... သာထူးရ၊ 'ဘဝဆိုတာ တိုက်ပွဲ၊ ခယ်မဆိုတာ လိုက်ပွဲ'တဲ့ကွ"

သည်လိုအပြောမျိုးကို သူလက်မခံ၊ ဘဝင်မကျ။ ခဲအိုသည် ခဲအို၊ ခယ်မသည် ခယ်မ၊ ဘာဆိုဘာမျှမဆိုင်။ သူ့စည်းကိုယ့်စည်း ဆိုသည် ရှိရမည်။ ပတ်ဝန်းကျင်၏ လက်ညှိုးငေါက်ငေါက်ထိုးလာမှုကိုလည်း မကြုံဆုံလို။

အထူးသဖြင့် တစ်ဦးနှစ်တစ်ဦး သိပ်ချစ်ကြသော အမြွှာညီအစ်မအဖို့ အပြင်သို့ ကိစ္စတစ်ခုခုဖြင့်ထွက်မည်ဆိုပါက အဝတ်အစား တူညီစွာဝတ်ဆင်သွားပါက ဘယ်သူသည် အစ်မ၊ ဘယ်သူသည် ညီမဟု တစ်ထစ်ချ အမှန်အကန် ခွဲခြားနိုင်ဖို့ရာ မလွယ်ပါချေ။ ညဘက် သူတို့ညီအစ်မ ပြန်ရောက်လာလျှင် သူရှိသောအခန်းတွင်းသို့ ရဲဝံ့စွာဝင်လာသူမှပင် 'ဒါ ... ငါ့မယားတင်တင်ခိုင်ပါလား' ဟူ၍ စိတ်ကို တုံးတုံးချရလေတော့၏။

သည့်အတွက် ပွဲရုံသို့ရောက်လာသော ဖောက်သည်တစ်ဦးက အကြံကောင်းလေးတစ်ခု ပေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် သိပ်ခေါင်းစားမခံပါနဲ့ ကိုသာထူးရာ၊ ဘယ်သူမှမသိနိုင်တဲ့ လျှို့ဝှက်ချက်ကလေးတစ်ခု ခင်ဗျားကို ပေးလိုက်မယ်၊ ယုံယုံကြည်ကြည်သာလုပ်၊ ဘာမှ အမှားအယွင်းမရှိတော့ဘူး"

"ကျေးဇူးပါပဲဗျာ ... အဲသည်အတွက် ကျွန်တော့်မှာ အချိန်ရှိသရွေ့ ဦးနှောက်ခြောက်နေရတာ ကူညီပါဦးဗျာ၊ ကျွန်တော် ဘာလုပ်ရမလဲ"

"လုပ်ရမှာကတော့ ... လက်စွပ်တစ်ကွင်းတော့ ရင်းရမယ်၊ ပန်းတိမ်ဆိုင်မှာ လက်စွပ်တစ်ကွင်းလုပ်ပြီး ခင်ဗျားမိန်းမနဲ့ ညအိပ်တဲ့အခါ ချစ်သက်လက်ဆောင်ဆိုပြီး သူ့ရဲ့ လက်မှာ စွပ်ထားပေးလိုက်၊ ဒါဆိုရင် နောက်ရက်တွေမှာ သူတို့ညီအစ်မနှစ်ယောက်ရဲ့လက်ကို သတိထားကြည့်လိုက်ရုံနဲ့ ဘယ်ဟာက ခင်ဗျားမိန်းမ၊ ဘယ်ဟာက ခင်ဗျားခယ်မရယ်လို့ ခွဲခြားတတ်ရောပေါ့ဗျာ ..."

"ဟာ ... ကောင်းလိုက်တဲ့အကြံ၊ ကျေးဇူးကြီးပါပေ့ဗျာ ... တကယ်ပဲ ပြောနေကြာတယ်၊ ခုပဲ ပန်းတိမ်ဆိုင် ပြေးတော့မယ်ဗျို့ ..."

သို့ဖြင့် မိတ်ကောင်းဆွေကောင်းတစ်ဦး၏ ပေးလာသော အကြံဉာဏ်အတိုင်း ဈေးရုံကြီးအတွင်း ပန်းတိမ်တန်းကိုဝင်ကာ ပန်းတိမ်ဆိုင်တစ်ဆိုင်အရောက်တွင် ကျောက်အဖြူကလေးများကွပ်ထားသော နိုင်ပန်းစုံလက်စွပ်ကလေးကို တန်ရာတန်ဖိုးပေး၍ ဝယ်ခဲ့၏။ ညအိပ်ရာဝင်တော့ ချစ်သက်လက်ဆောင်အဖြစ် တင်တင်နိုင်ကို သူမ၏လက်၌ စွပ်ပေးလိုက်၏။

"အဲဒါတွေကြောင့် ကိုထူးကိုချစ်ရတာ"

"အပြီး ... ကိုထူးကလဲ ..."

"အို ... ရှူး၊ တစ်ဖက်မှာ ညီမလေး အိပ်ပျော်ပုံ မရသေးဘူး"

"တောက် ... စိတ်တစ်ခြမ်းညစ်ရပါလားကွာ၊ ငါ့အဖြစ်က ရေ့တန်းရောက်ပြီး ရန်သူနဲ့ပက်ပင်းရင်ဆိုင်တွေ့နေရတာတောင်မှ မောင်းဖြုတ်ခွင့်မရသေးတဲ့သူလို ဖြစ်နေပြီ"

"အို ... အချိန်ကလေးတော့ ခဏစောင့်လိုက်ပါ ကိုထူးရယ်"

မယားကို ချစ်လွန်လွန်း၍သာ စောဒကမတက်သာဖြစ်ရသည်။ စိတ်ထဲမှာတော့ မချင့်မရဲ။

နေသေးသပ ချိုထဲက
ချိုသွေးသပ တမြမြရယ်ပေါ့။







www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ....

အိမ်ပြန်ရောက်တော့

ကျွတ်ဝိန်းနဲ့ ကျွတ်သယ်တို့

အကြီးအကျယ် စကားများနေကြတယ်။

အံ့သယ် ....

သယ်ကတ ကော်ကော်ရှိုင်းတာပဲ။

ကျွတ်ဝိန်းတို့

လက်ညှိုးထောက်ထောက်ထိုးလို့ ...."

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပညာရှိ သတိဖြစ်ခဲ ဟူ၍တော့မဆိုချင်။

ကိုသာထူးအဖို့ ပညာရှိမဟုတ်သော်ငြား သတိတော့ လွန်စွာမှထားပါသည်။ ဘယ်ကိစ္စတွေမှာ ဘယ်လောက်ပဲ သူဦးနှောက်က မေ့မေ့၊ ထပ်ခိုးပေါ်ရောက်သည်နှင့် မချောနှစ်ယောက်ရှိသည့်အနက် အဘယ်မချောသည် သူ့မိန်းမ ကေန်ဖြစ်သည်ကိုတော့ မေ့မသွားရလေအောင် သူ့အမှတ်၊ သူ့သင်္ကေတဖြင့် မှတ်သားထားခဲ့မိလေသည်။

တစ်ညနေခင်း ...

အပြင်မှ သူ့ပွဲရုံသို့ သူပြန်ရောက်သည်။

ကံကောင်းသည်ဟု ဆိုရပါချိမ့်။

မချောနှစ်ယောက်အနက် တစ်ယောက်သာရှိသည်။ ပွဲရုံကလည်း လူအဝင်အထွက်မရှိ။ မချောကို သေသေချာချာကြည့်





ဆိုက်တော့ ဘယ်ဘက်လက်သူကြွယ်မှာ ကျောက်ဖြူတဝင်းဝင်းနှင့်ရွှေလက်စွပ်ကလေး။

ဘသားချောအဖို့ မည်သည့်အမှောင့်ပယောဂမှမရှိတော့တာယူဆလျက် ဖနီးသည်တင်တင်ခိုင်ကို ဖွေ့ခနဲပွေ့ယူလိုက်သည်။

"အို ... လွှတ် ... လွှတ်ပါ"

"ဟာ ... မလွှတ်နိုင်ဘူး၊ မလွှတ်နိုင်ဘူး၊ ကိုယ့်မယား ကိုယ်ချစ်လို့ယူထားတဲ့ဥစ္စာ၊ ခုအချိန် ဘာမှအနှောင့်အယှက်မရှိဘူး၊ လွတ်လွတ်လပ်လပ်ပဲဟာ ..."

"မ ... မတော်ပါဘူး"

"ဘာမတော်ရမှာလဲကွာ ... ကိုယ့်မိန်းမကိုယ်ချစ်တဲ့ဥစ္စာ"

"အို ... အို ..."

ထိုနေ့အဖြစ်ကို ကိုသာထူး လွန်စွာကျေနပ်ခဲ့၏။ မကျေနပ်...ကော နေပါမည်တဲ့လား။ ခယ်မဖြစ်သူရောက်လာမှ လွတ်လပ်စွာ...ခွင့်မရသော ကိုသာထူးအဖို့ ခုလိုမျိုး ခယ်မ မရှိသည့်အချိန်...ယ် သူ့မယားသူ လွတ်လပ်စွာချစ်လိုက်ရခြင်းအပေါ် လွန်စွာမှ...သိသောမနုဿ ဖြစ်လိုက်ရသည်။

ကိုသာထူး၏အဖြစ်အပျက်အကြောင်းအရာများကို ကောက်...တ်တို့အဖို့ စိတ်ဝင်စားဖွယ်ရာအတိ။ သို့ရာတွင် ဆရာမောက်မှ...ည် နှစ်ရာခြောက်အဖြစ် ပြောင်းလဲသည့်ကိစ္စ မရောက်သေး။

"အဲသလိုဖြစ်ပြီး နောက်ရက်ရောက်တော့ ကျုပ်မှာ အကုသိုလ်တစ်ခု တက်ပါလေရော၊ ဘယ်လိုအကုသိုလ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ . . . အချိုအချောင်ရလိုက်တာနဲ့ ပစ္စည်းကလေးတစ်ခုကို ဝယ်လိုက်မိတယ်၊ ပစ္စည်းက ဘယ်ကခိုးလာတဲ့ပစ္စည်းလည်းမသိဘူး။

အဲဒါကြောင့် ရဲက ခိုးမှုကိုခြေရာခံလိုက်ပြီး ပစ္စည်းလက်ခံထားတဲ့ကျုပ်ကို အမှုထဲဆွဲသွင်းလို့ အချုပ်ထဲဝင်လိုက်ရတယ်၊ နောက်တော့လည်း တရားခံအစစ်အမှန်ပေါ်ပြီး ကုန်သင့်တာကုန်ကျခံပြီးတဲ့နောက် အချုပ်ကပြန်လွတ်လာတယ်၊ အချုပ်ထဲမှာ လေးလလောက်နေလိုက်ရတယ်။

ကျုပ်အိမ်ပြန်ရောက်တော့ ကျုပ်မိန်းမနဲ့ ကျုပ်ခယ်မတို့ အကြီးအကျယ် စကားများနေကြတယ်၊ အံမယ် . . . ခယ်မက တော်တော်ရိုင်းတာပဲ၊ ကျုပ်မိန်းမကို လက်ညှိုးငေါက်ငေါက်ထိုးလို့ . . .။

'ဟဲ့ကောင်မ . . . ဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ရတာလဲ ပြောစမ်း . . . ပြောစမ်း . . .'။

ခယ်မက မာရေကြောရေရှိသလောက် လက်စွပ်ဝတ်ထားတဲ့ ကျုပ်မိန်းမကတော့ တစ်လုံးတစ်ပါဒမှ မပြောနိုင်ဘဲ မျက်ရည်ကလေးတစမ်းစမ်း ဖြစ်နေရှာတယ်၊ ကျုပ်စိတ်ထဲ ထောင်းခနဲဖြစ်သွားတော့တယ်၊ မဖြစ်ဘဲ ဘယ်နေမလဲ၊ စဉ်းစားသာကြည့် . . . ဒါနဲ့ ကျုပ်လည်း ခယ်မရှေ့ ခါးထောက်ပြီး . . .





'ဒီ . . . ဒီမှာ . . . ရင်ရင်မြိုင် . . .
နင် ငါတို့လင်မယားအိမ်မှာလည်း မှီခိုနေသေးရဲ့ နင့်အစ်မ ဟောဒီက ငါ့မယားတင်တင်ခိုင်ကို နင်ပဲဆေပြောရသလား။ နင့်မှာ ကိုယ့်ခြေထောက်ကိုယ်ရပ်နိုင်ရင် ငါတို့အိမ်က ဆင်းသွား။ ဟောဒီ . . . ငါ့မယားရဲ့ကိုယ်ဝန်ဟာ ငါနဲ့ရတဲ့ကိုယ်ဝန်ပဲပေါ့'

အဲသလိုလည်းပြောလိုက်ရော ခယ်မတစ်ကိုယ်လုံးဟာ နတ်ပူးသလို တုန်တက်လာတယ်၊ ပါးစပ်ကလည်း တအီးအီးနဲ့ မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက်ကျလို့ . . .

'အီးဟီးဟီး . . . ကိုသာထူးရယ်၊ ကော် ဘယ်လိုပြောလိုက်တာလဲ၊ ရက်စက်လှချည်လားရှင့်'တဲ့၊ ဒီတော့ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ပဲ . . .

'ဟဲ့ . . . ရင်ရင်မြိုင်၊ နင် ကျော်မကောင်းကြားမကောင်းဖြစ်အောင် ပေါက်တတ်ကရတွေ မပြောစမ်းနဲ့၊ နင်နဲ့မှားမှာစိုးလို့ ဟောဒီငါ့မယားကို ငါ့မယားမှန်းသိရအောင် လက်စွပ်ဆင်ပေးထားတာဟဲ့ . . .'

ဆိုပြီး သက်သေပြလိုက်တယ်။ အဲဒီအခိုက်မှာပဲ ခယ်မဟာ ရင်ဘတ်ကိုဖိပြီး . . .

'ဘုရား . . . ဘုရား'တဲ့။

ကျုပ်မိန်းမလည်း လက်စွပ်ဝတ်ထားတဲ့လက်ရယ်၊ ဝတ်မထားတဲ့လက်ရယ်ယှက်ပြီး သူ့ရင်ဘတ်သူဖိရင်းနှစ်ယောက်သား ကျုပ်ကို မျက်လုံးတွေပြူးကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီအချိန်မှာ ဘာလက်စွပ်မှမရှိတဲ့ ကျုပ်ခယ်မက ...

'ဘုရား ... ဘုရား ... မှားကုန်ပြီ၊ မှားကုန်ကြပြီ၊ တကယ်တော့ ရှင့်မယားအစစ်တင်တင်နိုင်ဟာ ကျွန်မပါ ကိုသာထူးရဲ့'

'ဟာ ... မဟုတ်နိုင်တာ၊ ငါ့မယားဆိုရင် ငါဆင်ပေးထားတဲ့လက်စွပ် ရှိရမှာပေါ့'

'သွားပြီ ... သွားပြီ၊ ရှင်အမူဖြစ်လို့ အချုပ်ထဲမဝင်ခင် တစ်ရက်က ရင်ရင်မြိုင်က မမရဲ့လက်စွပ်ကလေး ညီမကို တစ်ရက်လောက်ပေးဝတ်ပါလားဟင်လို့ မရမကပူဆာတာနဲ့ ကျွန်မလည်း တစ်ရက်တလေပဲဆိုပြီး အလိုလိုက်လို့ ပေးဝတ်မိတာ၊ ခုတော့ ... ဒီလိုဖြစ်လာမှန်းသိရင် ဘယ်ပေးဝတ်ပါ့မလဲရှင် ... အီး ဟီး ဟီး ဟီး ...'

'ကျွန်မလည်း ပထမ တောင်းပန်ပါသေးတယ် မမရယ်၊ မရပါဘူး။ ကျွန်မကို သူ့မိန်းမပါလို့ပြောပြီးတော့ အဟင့် ... အဟင့် ... အီးဟီးဟီး ...'

အခြေအနေတွေက ဖန်တီး၍လည်း မဖြစ်တတ်သလို၊ မဖန်တီးဘဲနှင့်လည်း ဖြစ်လာတတ်ကြောင်း ကိုသာထူး၏အဖြစ်သနစ် ဇာတ်လမ်းမှန်တစ်ခုက ကွက်ကွက်ကွင်းကွင်းကြီးဆိုသလို သက်သေခံနေ၏။

"အခု ကျုပ်လာတာကလည်း ကောက်ချိတ်တို့အဖေကို ကလေးကင်ပွန်းတပ်ဖိတ်ရင်း လိုအပ်တာလေးတွေ လာဝယ်တာပါ"





"နေစမ်းပါဦး ... ကိုသာထူးက ကလေးရပြီဆိုတော့ ပထမမိန်းမ အကြီးမနဲ့ကော အဆင်ပြေသွားကြပြီလား"

"ပြေရမှာပေါ့ဗျာ ... သူတို့က သိပ်ချစ်ကြတဲ့ ညီမအရင်းအချာတွေပဲ၊ ပြီးတော့ ခွဲမရအောင်တူတဲ့အမြွှာ၊ အဲသည်လိုဇာတ်လမ်းတစ်ပုဒ် ဖြစ်ပေါ်လာပြီးတဲ့နောက်မှာ ကျုပ်ရဲ့ပွဲရုံဟာ 'ဆရာမောက်'မဟုတ်တော့ဘဲ ကျုပ်ဆိုင်နံပါတ် ၂၀၆ ဆိုတဲ့ ၂၀၆ ပွဲရုံနာမည်ပဲတွင်ခဲ့တာ အခုထိပါပဲ"

"ဟား ဟား ဟား ဟား ... တကယ့်ကိုနမူနာပါပဲဗျာ"

ကိုသာထူး၏ ထူးကဲသောဇာတ်လမ်းတစ်ပုဒ်အဆုံးမှာတော့ ရယ်သံတွေ တအုံးအုံးလွှမ်းသွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

"ဟား .... လောကကြီးမှာ

စိတ်အချမ်းသာဆုံးအချိန်ဆိုတာ

သမီးရည်းစားနဲ့

ဝုံတွဲခုတ်ရတဲ့အချိန်တို့ ....

ထီးပေါက်တဲ့အချိန်တို့ဆိုတာ .... အလကား။

အီးအီးပါတဲ့အချိန်

အားပါးတရ ပါလိုက်ရတဲ့အချိန်ပဲ ...."

ဝိုးဇာငယ်

www.burmeseclassic.com

www.burmeseclassic.com

ကောက်ချိတ်တို့၏ရွှေပိန်းကောရွာကလေးကား ...

စိုက်ပျိုးရေးသက်သက်ကိုသာ အခြေခံသည်မဟုတ်။ ရေလုပ်ငန်းကိုလည်း အခြေခံသည်မို့ ရွာ၏စားဝတ်နေရေးမှာ သူ့အတိုင်းအတာနှင့်သူ ပြေလည်ကြသည်ချည်းသာပင်။ တစ်ချိန်က အနယ်နယ်အရပ်ရပ်မှ ကုန်ရောင်းကုန်ဝယ်ပြုလာကြသူတိုင်း သယ်ယူပို့ဆောင်ရေး၌ ဗဟိုချက်မဖြစ်သော ပိန်းကောလှေကြီးများ ဆိုက်ကပ်ရာဒေသဖြစ်၍ ရွှေပိန်းကောဟု အနွယ်သညာ အမည်တွင်ခြင်းပင် ဖြစ်ချေသည်။

စင်စစ် ... ရွှေပိန်းကောရွာသည် ဧရာဝတီမြစ်ပြင်ကို မေးတင်ထားသော ရွာတစ်ရွာဆိုလျှင် မမှား။

ဧရာဝတီမြစ်ကြီးမှ ငါး၊ ပုစွန်ဟင်းလျာတို့ကို ပေးစွမ်း၏။ မြစ်ရေဖြင့် ဆောင်းကာလ၊ နွေကာလများ၌ လယ်ယာကိုင်းကျွန်း





တို့အား ရေချိုတွေကို ဖျန်းပက်ပေး၏။ မြေနုကျွန်းကိုလည်း ရံဖန်ရံခါ ထွန်းပေးတတ်လေရာ ပဲအမျိုးမျိုး၊ ကြက်သွန်၊ ရွှတ်၊ ပြောင်းအစရှိသည့် စားသောက်ဖွယ်သီးနှံတို့ကို ဝေဆာဖြစ်ထွန်းစေတတ်ပြန်ပေရာ သာတောင့်သာယာရှိလှသောရွာကလေးဟု ဆိုရပေလိမ့်မည်။

ညနေရီနေညိုဖျန်းပြီဆိုလျှင် အချို့သည် ဧရာဝတီမြစ်ရေချိုအား လှည်းဖြင့် ရေစည်တိုက်ကြ၏။ အဝတ်လျှော်သူလျှော်၊ ရေချိုးသူချိုး။ ပိုက်ထောင်သူထောင် အစရှိသဖြင့် သက်ဝင်ကျေးလက်သဘာဝပန်းချီကားတစ်ချပ် ဖြစ်နေတတ်ပေသည်။

ကိုသာထူးအဖို့ ကောက်ချိတ်တို့ ဗိုက်ကလေးတို့ စေတနာဓရပ္ပဖြင့် တိုက်ကျွေးပြုစုသော ထန်းရည်ခါးကိုလည်းကောင်း၊ ဝက်ကာလီစာချက်ကိုလည်းကောင်း၊ ပဲခြမ်းလှော်သုပ်ကိုလည်းကောင်း တစ်ဝတစ်ပြဲသောက်စားခဲ့ရုံမက၊ အိမ်ပြန်ရောက်တော့လည်း အင်းသူကြီးကတော်မိသားစုမှ ညှော်ဝတ်ပြုသည့် ဝက်သနီချက်၊ စပ်သီးထောင်း၊ ပဲကြီးဟင်း၊ ခရမ်းချဉ်သီးသုပ်တို့ကို စားကောင်းကောင်းနှင့် ဖိတွယ်ခဲ့လေရာ သန်းခေါင်ယံအချိန်တွင် ဝမ်းဗိုက်တစ်ခုလုံး နာရစ်ပြီးနာလာလေသည်။

“အား ... အမလေး ... စပ်သီးထောင်း၊ ပဲကြီးနဲ့ ထန်းရည်၊ ဝက်သားတို့ တန်ခိုးတော့ပြပြီ၊ အံမယ်လေး ... လေး ... ထွက် ထွက်တော့မယ် ... အီး ...”

အိပ်ရာမှလူးလဲထတော့ မီးမှန်အိမ်လေးက မလင်းတလင်း။ သူတစ်ယောက်တည်းသာ ဤသို့သော အာဝေနိကဒုက္ခများ ခံစား

www.burmeseclassic.com



နေရသော်လည်း တစ်အိမ်လုံးကတော့ ဘာမျှသိပ်ပြဿနာမတွေ့။ မိမိတို့ ခေါင်းချရာနေရာမှပင် တခုနှေးတခေါခေါနှင့် ပောက်သံတွေအပြိုင် အဆိုင် ပေါ်ထွက်လျက်ရှိကြသည်။

ကိုသာထူးသည် ၎င်းအတွက် ပြင်ဆင်ပေးထားသည့် အိပ်ရာမှ လူးလဲထလိုက်သည်။ မထ၍လည်းမဖြစ်။ သည်ပုံအတိုင်း ဆက်နေက စောင်တွေ၊ ခြင်ထောင်တွေ၊ အိပ်ရာခင်းတွေ ချေး အလူးလူး၊ သေးအလူးလူးဖြင့် မဟာအရှက်တော် အကြီးအကျယ် ကွဲပေရော့မည်။ ထို့ကြောင့် ဘယ်သူ့ကိုမှ နှိုး၍မဖြစ်မည့်အတူတူ 'အတ္တာဟိ အတ္တနော နာထော' မိမိကိုယ်သာ ကိုးကွယ်ရာဟု နှလုံးပိုက်၍ ခြင်ထောင်ကိုအသာမကာ လေးဘက်ထောက်ထွက် လိုက်သည်။

အင်းသူကြီးဦးညွန့်တင်၏အိမ်ကား နှစ်ထပ်အိမ်။

သည်အတွက် သူ့အား နေရာပေးထားသော အပေါ်ထပ် အခန်းမှ အောက်ထပ်သို့ အိမ်သာတက်ရန် သုတ်ခြေတင်ခြေဖော့ ကာ ဆင်းလိုက်လေသည်။

"အား ...အမလေး ...လေး ..."

ထွက်မကျစေရန် တင်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်သိမ်း ထားပြီး အံကို တင်းတင်းကြိတ်ထားလိုက်ရသည်။ အိမ်သာရှိရာသို့ သူ လွယ်လွယ်ကူကူ ရောက်ချင်လှပါပြီ။ သို့သော် အိမ်သာရောက် ဖို့က အဝေးကြီးလိုသေး၏။ အိမ်သာသည် အိမ်နောက်ဖေးစပါးကျီ ဘေးနှင့်မလှမ်းမကမ်းတွင် ရှိသည်။ အိမ်သာသို့ရောက်ဖို့ရာ တံခါး အဆင့်ဆင့်ကို မင်းတုံးဖြုတ်ကာ ဖွင့်ရပေမည်။





ပထမတစ်ဆင့်ဖွင့်ခဲ့သည်။ အောင်မြင်၏။

ဒုတိယအဆင့်။ ဒါလည်း မဆိုး။ သည်အချိန်ထိ ထွက်ကျ မလာသေး။ တတိယအဆင့် မီးဖိုချောင်တံခါး။ သည်မီးဖိုချောင် တံခါးကိုဖွင့်ပြီးမှသာလျှင် မြေပြင်သို့ရောက်မည်။ ပြီးလျှင် စပါးကျီ ရှိရာသွား၊ ဘေးကိုပတ်ကွေ့ပြီးမှ အိမ်သာသို့ရောက်နိုင်မည်။

တတိယအဆင့်ကိုရောက်တော့ သူ တံခါးကိုမဖွင့်နိုင်တော့။ ထိန်းချုပ်ထားသမျှ အစာဟောင်းတွေ ဖွင့်အန်တော့မည်။ သည် တော့ သူ ဘာလုပ်ရမည်နည်း။ ကြမ်းပြင်မှ ထိုင်ချလိုက်လို့ကတော့ နောက်ခင်းရောက်သည်နှင့် အရှက်တွေဖြန်းဖြန်းကွဲလိုက်မည့်ဖြစ်ခြင်း။

"ဟာ ...သောက်ရေအိုးစင်"

သောက်ရေအိုးစင်က နှစ်ဆင့်။ အပေါ်တစ်လုံး၊ အောက် တစ်လုံး။ ဦးနှောက်ထဲ စိတ်ကူးတစ်ခုက ဖျတ်ခနဲဝင်လာသည်။ သောက်ရေအိုးစင်မှ အောက်ဘက်အိုးကို အသာယူသည်။

"နိဗ်ဗ ...အထဲမှာ ရေနည်းနည်းပဲရှိတယ်"

သူ တောင်တောင်အီအီတွေးမနေတော့ ဒူးထောက်လျက် ရေအိုးဝနှင့်တင်နှစ်ခြမ်းကိုတေ့လိုက်ပြီး အစာအိမ်တွင်းမှ အစာ ဟောင်းတို့ကို အားပါးတရ စွန့်ထုတ်ပစ်လေသည်။

"ဟား ...လောကကြီးမှာ စိတ်အချမ်းသာဆုံးအချိန် ဆိုတာ သမီးရည်းစားနဲ့စုံတွဲခုတ်ရတဲ့အချိန်တို့၊ ထီပေါက် ရတဲ့အချိန်တို့ဆိုတာ အလကား။ အီးအီးပါချင်တဲ့အချိန် အားပါးတရပါလိုက်ရတဲ့အချိန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြီးပြီမို့ တစ်ကိုယ်လုံးပေါ့ပါးသွားပြီး နေရထိုင်ရ လွန် စွာမှကောင်းသွားခဲ့သည်။ အားလုံးသုတ်သင်ပြီးလေသော် အဆိုပါ အိုးအား နေရာမပျက် ပြန်တင်ထားရင်း ဟန်မပျက် အဖုံးပင် ဖုံးထားလိုက်သည်။ နှစ်လုံးဆင့်သောက်ရေအိုးစင်တွင်မည်သည် အပေါ် အိုးကိုသာ ခပ်သောက်သည်က များ၍ အောက်အိုးကမူ အရပ်မှီ အရွယ်ငယ်သောကလေးများအတွက် ဆောင်ရွက်ထားခြင်းဖြစ်သည်။ သည့်နောက် ကိုသာထူးလည်း ခြေသံကိုဖွက်လျက် တံခါးနှစ်ဆင် ကို ပြန်ဖြုတ်၊ မင်းတုံးပြန်ချကာ အိမ်ပေါ်ထပ်သို့ ဟန်မပျက်တက် ခဲ့ပြီး အိပ်ရာထက်တွင် ကျောပြန်ခင်းနေလိုက်သည်။ သည့်နောက် ပြန်လည်အိပ်ပျော်ဖို့ မျက်လုံးအစုံကိုမှိတ်လိုက်သည်။ အိပ်၍မပျော် ဘယ်သူမပြု မိမိမှုမို့ သူပြုခဲ့သောလုပ်ရပ်က သူ့အား ထိတ်လန့် တုန်လှုပ်ချောက်ချားစေလေသည်။

"ငါ အခုလိုလုပ်တာကို အိမ်သားတွေသိရင် အရှက် တော့ လုံးလုံးကြီးကွဲပြီ၊ ငါ့ကိုလည်း ကဲ့ရဲ့ပြီးအထင်သေး ကြမှာပဲ၊ ဒီတော့ ... မြွေမသေ တုတ်မကျိုးဖြစ်စေဖို့ရာ ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ ... ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ ..."

အကြံဉာဏ်တွေ ဘယ်ကများထွက်လာမှာပါလိမ့်ဟု စဉ်း ရင်းဖြင့်ပင် အရှေ့ကျောင်းမှ ခုနှစ်မောင်းခေါက်သံ၊ ကြက်တွန်သံ တို့ ပေါ်ထွက်လာလေသည်။

"ဟာ ... ဟုတ်ပြီ"





စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် အကြံအိုက်နေတုန်း ခေါင်းထဲ သို့ လက်ခနဲ စိတ်ကူးတစ်ခုက ဝင်လာသည့်အတွက် ပင့်သက်ကို အသာချလိုက်ရသည်။

"ဟူး ... တော်ပါသေးရဲ့"

သည်စိတ်ကူးရ၍ပင် ပူလောင်နေသမျှ အတန်ငယ် သက် သာရာရသွားပြီး မှေးခနဲဖြစ်သွားရလေတော့၏။

◎

မိုးစင်စင်လင်းပေပြီ။

အိမ်သားတွေလည်း နိုးကြပေပြီ။

အင်းသူကြီးမိသားစုကား အင်းသူကြီးမရှိသည့်တိုင် အားနာ မှုလောက်အောင် တာဝန်ကျေလှပါဘိ။ သူ အိပ်ရာကနိုးလာတော့ မျက်နှာသစ်ဖို့၊ သွားတိုက်ဖို့၊ မျက်နှာသုတ်ဖို့ အဆင်သင့်။ သည် တော့လည်း မျက်နှာ၊ ကိုယ်လက်ကို သန့်ရှင်းလိုက်ရသည်။

"ဘယ်လိုလဲ ... ညက အိပ်ကောင်းကောင်းအိပ်ရရဲ့ လား"

"အဟင်း ... ဟင်း ... အိပ်ရပါတယ် အင်းသူကြီး ကတော်ရဲ့၊ ခေါင်းချလိုက်တာနဲ့ တုံးခနဲပဲ"

"ကိုင်း ... ကောက်ညှင်းပေါင်း၊ ငါးရံ့ခြောက်ဖုတ်နဲ့ ရေနွေးကြမ်း စီစဉ်ထားတယ်၊ မနက်ဦးပိုင်း အဆာပြေ စားလိုက်ပါဦး၊ သောက်လိုက်ပါဦး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ...ဟုတ်ကဲ့၊ မဆာသေးလို့ပါ။ မနက်ခင်း ရေလေးမိုးလေးချိုးပြီးမှပဲ ...အဟဲ ..."

ပြောပြောဆိုဆိုနှင့် ကိုယ်တွင်ဝတ်ထားသောအင်္ကျီကို ချွတ်လိုက်သည်။ သည့်နောက် မီးဖိုချောင်ရှိသောက်ရေအိုးစင်မှ အောက်ဖက် သောက်ရေအိုးကိုယူကာ ပခုံးပေါ်တင်လျက် အောက်သို့ဆင်းလိုက်သည်။ ဤတွင် အိမ်သာတက်ပြီးရာမှပြန်လာသော ကောက်ချိုတ်နှင့် တိုးတော့၏။

"ဗျို့ ...ဦးလေးသာထူး။ ရေအိုးကြီးပိုက်လို့၊ ဒါက ဘယ်တုန်း"

"မြစ်ထဲ ရေသွားချိုးမလို့လေ ..."

"ဟာ ...မဟုတ်တာပဲ ဦးလေးသာထူးရာ၊ ရေချိုးဖို့ရာ မြစ်ထဲသွားဖို့မလိုပါဘူး။ အိမ်နောက်ဖေးက ရာဝင်အိုးတွေထဲမှာ ရေစည်တိုက်ထားတာရှိပါတယ်၊ အဲဒီမှာ တစ်ဝသာသွားချိုးပါ။ သောက်ရေအိုးကိုထားခဲ့၊ အိမ်က လူတွေ ဖြည့်ပါလိမ့်မယ်၊ ဘယ့်နှယ် ...ဧည့်သည်က ဒီအလုပ်တွေလုပ်ရတယ်လို့ ..."

"မဟုတ်ပါဘူး ...ကောက်ချိုတ်ရာ၊ ငါ့ဘာသာငါ မြစ်ပြင်ကိုဖြတ်တဲ့လေကိုရှူရင်း ရေလည်းကူးချင်လို့ပါ၊ သောက်ရေအိုးကတော့ ရေလည်းနည်းနေတာနဲ့ ခရီးသွားရင်းဟန်လွဲဆိုသလို ဖြည့်လာမလို့ပါ၊ ဘာမှလည်းအပန်းကြီးတာ မဟုတ်ပါဘူးကွာ ..."





"အို ...မဟုတ်တာ၊ မနက်ပိုင်း လူမရှိသူမရှိနဲ့ မြစ်ထဲသွားချိုးတာ စိတ်မချရဘူး။ မြစ်က တစ်နှစ်တစ်ခါ လူစားတာဗျ။ ပြီးတော့ သောက်ရေလည်းခပ်လာမယ်ဆိုတော့ ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါလိမ့်မယ်ဗျာ ...အဖေပြန်လာလို့သိသွားရင် သူ့ဧည့်သည်ကို လက်လွှတ်စပယ်လုပ်ရသလားဆိုပြီး ဆူနေပါလိမ့်မယ်ဗျာ၊ ကဲ ...ပေး ပေး။ သောက်ရေအိုး ..."

"ဟာ ...မယူပါနဲ့ကွာ၊ ငါပဲ ယူထားပါရစေ"

ကောက်ချိုတ်က အိုးကိုလှမ်းဆွဲသည်။ ကိုသာထူးမှာ အိုးကို လက်မလွှတ်ဝံ့သဖြင့် အိုးနှုတ်ခမ်းအား ကျစ်ကျစ်ပါအောင်ဆွဲထားသည်။

"ငါတောင်းပန်ပါတယ် ...မောင်ကောက်ချိုတ်ရယ်၊ ငါ့ကို မြစ်ထဲသွားပြီး ရေချိုးခွင့်ပြုပါ"

"ဟာ ...မတော်တရော်ဗျာ ...မြစ်ထဲချိုးလည်း ဒီရေပါပဲ၊ ဒီမှာခပ်ထားတဲ့ရေဆိုတာလည်း ဦးသာထူးချိုးချင်တဲ့ မြစ်ရေပါပဲ၊ ညသိပ်ရေဖြစ်တာမို့ ပိုလို့တောင်ကောင်းပါသေးရဲ့"

"ဟုတ်ပါဘူးကွာ ....မြစ်ပြင်အလှကိုကြည့်ရင်း သောက်ရေလည်းခပ်ရင်း ..."

"မလုပ်ပါနဲ့ ...ဦးလေးသာထူးရာ၊ မြစ်မှာ ရေသွားချိုးတာဆို လက်သင့်ခံသေးရဲ့၊ ရေတော့မခပ်ရဘူး။ ပေး



www.burmeseclassic.com

www.burmeseclassic.com



ပေး ... အိမ်ကလူတွေ ဖြည့်လိမ့်မယ်၊ ဦးလေးသာထူးသာ သွားချိုးချင်ချိုး။ ရေအိုးကိုထားခဲ့ ...''

''ဟာ ... ဒါတော့မဖြစ်ဘူး၊ ငါ့အခြေအနေက အိုး ပါမှဖြစ်မှာ''

''အဟဲ ... ကေန္တ ... မကြီးမငယ်နဲ့ အိုးကိုမှောက် ပြီး လှိုင်းစီးချင်လို့ထင်တယ်၊ အိုးမပါလဲ ပုဆိုးကိုလေသွင်း ပြီး လှိုင်းစီးလို့ရပါတယ်ဗျ။ ကိုင်း ... အိုးကိုချထားခဲ့''

''မချဘူး ...''

''ချထားခဲ့ပါ ...''

''မချဘူးကွာ ...''

နှစ်ဦးသား သူဆွဲကိုယ်ဆွဲဖြင့် အတင်းကာရော ဆွဲကြ လေရာ အုတ်ဖုတ်စဉ်က အိုးနှုတ်ခမ်းသားဆများ မီးကျက်ရန် အဖုတ် လိုသွားသည်ထင့်။ နှုတ်ခမ်းစွန်းနှစ်ဖက်တို့ ပဲ့ကျသွားပြီးသကာလ ရေအိုးသည် မြေပြင်ကမှထက်သို့ ပြုတ်ကျလေတော့သည်။

''ဝုန်း ...''

''ခွမ်း ...''

''ဟင် ... ထို့၊ ဘာ ... ဘာတွေလဲ၊ ချဉ်စုတ်နံစော် နေတာပဲ''

မစင်တွေပြန့်ကျဲလာမှုကြောင့် နှစ်ဦးသား ပေကျံကုန်ကြ သည်။ အနံ့တွေက ချဉ်စုတ်ကာ အော်ဂလီဆန်ဖွယ်ရာ တထောင်း ထောင်း။





ကောက်ချိုတ်လည်း နှာခေါင်းကိုလက်ဖြင့်ပိတ်ကာ နား မလည်နိုင်သောအကြည့်ဖြင့် ကိုသာထူးကို ကြည့်၏။

ကိုသာထူးလည်း ...

''အဲ ... အဲဒီလိုဖြစ်မှာစိုးလို့ ငါအတန်တန် မြစ်ထဲ သွားပါရစေလို့ပြောတာပေါ့ ... ကောက်ချိုတ်ရာ၊ ခုတော့ ငါ့နှယ်ကွာ ... ဘယ်သူ့ကို မျက်နှာပြရပါ့ ...''

ဟူ၍ဆိုလျက် အိမ်ပေါ်အသာပြန်တက်ပြီးသကာလ သူပိုင် အထုပ်ကိုဆွဲလျက် မည်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ လင်းအရုဏ်၏ မြူထုအကြား ဝိုးတဝါးဝယ် တိုးသွားကွယ်ပျောက်သွားပါလေရော လား ...။



www.burmeseclassic.com

www.burmeseclassic.com

"မပြောရင်လည်း မပြီး
မတီးရင်လည်း မမြည်
မမြည်ရင်လည်း မကျွတ်
မဆွတ်ရင်လည်း မရို ဆိုသလို
ဆိုရေးရှိလို့ .... ဆို
ပြောရေးရှိလို့ .... ပြောပါရစေ အင်းသျှကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

သည့်ကနေ့ကား ...

ရွှေပိန်းကောရွာသားလေး မောင်ကောက်ချိတ်အဖို့ ဖင်ကျို ရမည့်နေ့ပါပေ။

အကြောင်းမူ ၎င်း၏ဒုတိယအစ်မ လှဲလှဲတင်အား ရွှေပိ ကောရွာ နှစ်ရွာခြားရှိ ဥယျာဉ်ချောင်းမှ ရဲမြင့်ဆိုသော ရွာသာ ကလေးက ရပ်မိရပ်ဖများနှင့် လာရောက်တောင်းရမ်းမည်ဆိုသေ ကြောင့်ပင်။

"ကောင်လေးက အသောက်အစားမရှိဘူး ... ရိုးရိုး ကလေးဆိုပဲ၊ အလုပ်ကတော့ ဓောက်လုပ်ငန်းလုပ်တယ် ဆိုပဲ၊ အသံကလေးက အတိတ်ပါရမီကံကောင်းလို့ထင်ရဲ့ ဗလာဆိုင်းတွေမှာ သီချင်းလိုက်လိုက်ဆိုတာ တစ်ရာသီ တစ်ရာသီ မနည်းဘူးရ ဆိုပဲ"





သူကြီးကတော် ဒေါ်တင်နွဲ့က ပြောင်းဖူးဖက်ကို အငွေ့ ထောင်းထောင်းထအောင် ဖွာရှိုက်ရင်း သူလေ့လာတီးခေါက်မိ ကို ခင်ပွန်းသည် အင်းသူကြီးဦးညွန့်တင်အား ပြန်ပြောင်း ရင်ခံ တင်ပြနေသည်။

"အသောက်အစားမရှိ၊ ရိုးရိုးကလေးဆိုတော့ မဆိုး ပါဘူး။ လုပ်ငန်းက ဓောက်လုပ်ရတယ်ဆိုတော့ လယ်ပိုင် ယာပိုင်မရှိတာ ထင်ရှားတယ်၊ အင်း ... အဲဒီမှာ ဗလာ ဆိုင်းတွေလိုက်ပြီး သီချင်းဆိုတယ်ဆိုတော့ ဗလတ်ပဲကွာ၊ ဗလတ် ... ဗလတ် ... ဖက်ခွက်စားပဲ၊ ဒါမျိုးက အိုးမဲ့ အိမ်မဲ့ပစ်ပြီး ရောက်ရာနေ၊ ရောက်ရာအိပ်၊ ရောက်ရာ စားနဲ့ ... ဖြစ်မယ်မထင်ပါဘူးကွာ"

"အဲသည်လို ကိုယ့်ခံစားမှုတစ်ခုတည်းကြည့်ပြီး တစ် ဖက်သတ်မပြောနဲ့ ... ကိုညွန့်တင်၊ တော်တို့ကျုပ်တို့က သမီးရှင်၊ ဒီကိစ္စမှာ သမီးဘက်က သူ့အကောင်အပေါ် အလေးတင်းထားလို့ ခုလိုမျိုး ရပ်မိရပ်ဖတွေနဲ့ တောင်း မယ့်ရမ်းမယ့်အဆင့်ထိ ဖြစ်လာရတာ"

"နေပါဦးကွာ ... တို့သမီးနဲ့က ဘယ်လိုကဘယ်လို ဖြစ်ကြ ..."

"ဘယ်လိုဖြစ်ဆို ... ကပ်ရှိရွာဘုရားပွဲသွားရင်း ဆိုင်း နားထောင်မိရာက တော့်သမီးနဲ့ အဲဒီဆိုင်းအဆိုတော် ကောင်လေး မစွန်းရင်းရှိသွားခဲ့ကြတာတဲ့၊ အင်း ... သာ



www.burmeseclassic.com

www.burmeseclassic.com



သမီးများမွေးထားရတာ မကောင်းပါဘူး။ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့စကား သိပ်ကိုမှန်တာပဲ''

''အေးကွာ ... အချိန်တန် အရွယ်ရောက်လာတော့လည်း၊ သဘာဝကိုက သီးဖို့ပွင့်ဖို့ရာ ဖြစ်လာတာနဲ့တူပါရဲ့၊ ငါက ငါ့သားကို အိမ်ထောင်ကျစေချင်တာ၊ ခုတော့ ... ငါ့သားကောက်ချိတ်က အိမ်ထောင်မကျသေးဘဲ သမီးတွေသာ တစ်ယောက်ပြီးတစ်ယောက် လင်ရကုန်ကြတာ၊ဟူး ... အေးလေ ... ဒါကတော့ သူတို့ရဲ့ကံကြမ္မာပေါ့၊ အဲဒီရွာကလူတွေ ရောက်လာကြရင်တော့ အခြေအနေမှန်ကို မေးမြန်းတီးခေါက်ကြည့်မှပဲ၊ အတန်အသင့်ဆိုရင်တော့ ကိစ္စမရှိပေဘူး။ တို့သမီးထိုက်နဲ့တို့သမီးကံ၊ ကောင်းလျှင်လည်းစံ၊ မကောင်းလျှင်လည်း ခံပေရော့၊ မှတ်ဖူးလား ... ပြောကြည့်ဆိုကြည့်လို့ လုံးဝမဟန်ဘူးဆိုရင် ပွဲကြမ်းသင့်ရင် ကြမ်းရမှာပဲ ... မိန်းမရေ''

''အင်းလေ ... တော်ပြောတာလည်း ဟုတ်ပါတယ်၊ ကျုပ်တို့က မိဘတွေ၊ ငယ်ရာက ကြီးလာကြတဲ့သူတွေ၊ ကျုပ်တို့ လုပ်နေကိုင်နေကြတာတွေဟာ သူတို့အတွက် ချည်းပါပဲ၊ ကဲလေ ... မကြာခင် ဧည့်သည်တွေရောက်လာကြတော့မယ်၊ ဘာပဲဖြစ်ဖြစ် ... တော်တို့ကျုပ်တို့က ဟောဒီရွှေပိန်းကောရဲ့ မျက်နှာဖုံးတွေဆိုတော့ ကိုယ့်ဘက်က ဘာဝတ္တရားမှ မချို့ရလေအောင် စိတ်သဘောထားကြီးကြီးထားပြီး ဆက်ဆံကြပါစို့ရဲ့''





သို့ဖြင့် ဧည့်သည်များရောက်မလာမီ အိမ်တွင်းအိမ်ပြင် သန့်ရှင်းခြင်း၊ ဘုရားပန်းများလဲထားခြင်း၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ရေနွေးကြမ်းတို့ကို အဆင်သင့်စီမံထားခြင်း၊ ထိုင်စရာကော်ဇော၊ ဖျာတို့အား ခင်းကျင်းထားခြင်းများကို လစ်ဟာမှုမရှိလေရအောင် စီမံပြုလုပ်ထားလေ၏။

မကြာမီမှာပင် မိဘနှစ်ပါး ကွယ်လွန်သွားပြီဖြစ်၍ ဒွေးလေးဖြစ်သူနှင့်နေထိုင်ရသော ဥယျာဉ်ချောင်းရွာသားလေး ဆိုင်းနောက်ထ အဆိုတော်ရဲမြင့်လည်း သူ့ဒွေးလေးအပါအဝင် ဥယျာဉ်ချောင်းတော့ရွာမှ ရပ်မိရပ်ဖလေးဦးခန့် ခေါ်ဆောင်လျက် မတော်ရသေးသော ယောက္ခမကြီး အင်းသူကြီးဦးညွန့်တင်တို့ခြံဝိုင်းအတွင်း ဝင်လာခဲ့လေသည်။

''ခွေးကြည့်ပါဦးဗျို့ ... ခွေးကြည့်ပါဦး ...''

''ဘယ်ခွေးမှမရှိဘူး။ ဝင်လာခဲ့ပါ ... ဝင်လာခဲ့ကြပါ''

သည်မျှပြောဆိုပြီး ကောက်ချိတ်လည်း ယောက်ဖလောင်းဆိုသူကို တစ်ချက်မျှအကဲခတ်ကာ ငါးဒိုင်ဘက်သို့ ထွက်သွားလေတော့၏။

''ကြွကြပါဗျာ ... အိမ်ပေါ်ကြွကြပါ၊ ဂုဏ်သရေရှိ ရပ်မိရပ်ဖတွေ ရောက်လာကြလိမ့်မယ်ဆိုတာကြောင့် အသင့်စောင့်နေကြတာပါ။ ထိုင်ကြပါ ... နားကြပါ ... အိုက်ရင် ယပ်ခတ်ကြပါ၊ ပြီးတော့ ရေနွေးကြမ်းသောက်ပါဦး။ ကွမ်း၊ ဆေး၊ လက်ဖက်တွေ သုံးဆောင်ကြပါဦး''

''ဟုတ်ကဲ့ ... အင်းသူကြီးရယ်၊ ကျေးဇူးတင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်၏ခွေးလေးက ခေါင်းပေါ်ရှက်လာသော အုန်းငှက်ပျောပွဲအား ၊ဝိုင်းအလယ်တွင် ချလိုက်သည်။

“မပြောရင်လည်း မပြီး၊ မတီးရင်လည်း မမြည်၊ မဖြည်ရင်လည်း မကျွတ်၊ မဆွတ်ရင်လည်း မစိုဆိုသလိုပဲ ဆိုရေးရှိလို့ဆို၊ ပြောရေးရှိလို့ ပြောပါရစေ . . . အင်းသူကြီးရယ်”

“ပြောပါဗျာ . . . ပြောပါ . . .”

“အကြောင်းရင်းခံပြောရရင် နားနဲ့မနာ ဖဝါးနဲ့နာပါ။ ကျွန်မရဲ့တူတော်မောင်လေး မောင်ရဲမြင့်ဟာ မိတဆိုး ဖတဆိုးလေးပါ။ ငယ်စဉ်တောင်ကျေးကပဲ ကျွန်မရဲ့စောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာခဲ့တာ ခုအရွယ်ထိတိုင် အောင်ပါပဲ၊ ကျွန်မကလွဲရင် ခမျာမယ် တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ပြီး ကိုယ့်ဘဝကိုကိုယ် ရပ်တည်နေနိုင် အောင် ကြိုးပမ်းနေရင်းက အင်းသူကြီးရဲ့သမီးလေးနဲ့ လူငယ်တို့ဘာဝ မေတ္တာသက်ဝင် ချစ်ခင်နေကြပါတယ်။

နှစ်ဦးနှစ်ဖက်စလုံးဟာ အချိန်တန်အရွယ်သင့်၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြရမယ့်ကာလ ရောက်ပြီဆိုတော့ လူငယ်တွေရဲ့သဘောထားဆန္ဒကို စာနာစိတ်ထားပြီး သဘောတူပေးဖို့ရာ စဉ်လာရိုးရာမပျက် ကန်တော့ပွဲနဲ့ လာရောက်ကြောင်းလမ်းရတာပါ . . . အင်းသူကြီး”

ရဲမြင့်၏ခွေးလေးက စကားကို ချေချေငံငံပြောလေသဖြင့် ဦးညွန့်တင်အဖို့ ခေါင်းတညိတ်ညိတ်လုပ်နေရင်းမှ ရဲမြင့်ကို မသိ





မသာ အကဲခတ်သည်။ ပြီးနောက် သူ့စိတ်ထဲရှိသမျှကို ဖွင့်ဟလိုက်သည်။

“မောင်ရဲမြင့် . . .”

“ခင်ဗျာ . . .”

“မင်းက မိမရှိ ဖမရှိ ကိုယ့်ခြေထောက်ပေါ် ကိုယ့်ရပ်တည်နေတဲ့သူပေါ့ . . . ဟုတ်လား”

“ဟုတ်ပါတယ်ခင်ဗျာ . . . မှန်ပါတယ်ခင်ဗျ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရုံတင်မကဘူး၊ ကိုယ့်ခြေထောက်မှာ ကိုယ့်ဖိနပ်စွပ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်နေတဲ့သူပါခင်ဗျ”

ထိုအချိန်တွင် အခန်းတွင်းမှ သနပ်ခါးရေကြဲကလေးကို ခြေဆုံးခေါင်းဆုံးလိမ်းပြီး လှဲ့လှဲ့တင် ထွက်လာသည်။ ပြီးတော့ မိခင်ကြီးဒေါ်တင်နွဲ့ဘေးမှ ထိုင်လိုက်သည်။

“အေးလေ . . . ဦးတို့က သမီးရှင်ဆိုတော့ကာ သမီးအတွက် ဘဝတစ်သက်တာလုံး စိတ်ချမ်းသာဖို့ရာ မေးစရာရှိတာ မေးရမှာပဲ”

“မေးပါ . . . ဦး၊ မေးပါ၊ ဟဲ့ . . . လှဲ့လှဲ့တင်၊ မင်းကို ကိုရဲမြင့် တကယ်ချစ်တာနော်၊ မင်းဘဝတစ်သက်တာလုံး စိတ်ချမ်းသာအောင်ထားမယ်လို့ ကတိပေးခဲ့တာ၊ ပြောမပြဘူးလား”

“ဟာ . . . မဟုတ်သေးပါဘူး၊ ဒါ အခုမေးနေတာ မင်းဆီကစကားကို ကြားချင်လို့ မေးနေတာကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ...ဟုတ်ကဲ့၊ ကျွန်တော် ဖြေပါ့မယ်"

"မင်း ငါ့သမီးကို တင့်တောင်းတင့်တယ်ထားနိုင်ဖို့ရာ ငွေကြေးကော ပြည့်ပြည့်စုံစုံ စုဆောင်းထားတာတွေ ရှိပြီလား"

ဦးညွန့်တင်က ရဲမြင့်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လျက် မေးလိုက်သည်။ လှဲ့လှဲ့တင်မှာတော့ ချစ်သူရဲမြင့်၏နှုတ်ထွက်စကားကို ရင်တထိတ်ထိတ်။

"အမှန်အတိုင်းပြောရရင်တော့ ရွှေတွဲလွဲ၊ ငွေတွဲလွဲ အနေအထားမျိုးတော့ မရှိသေးပါဘူး ...ဦး။ ဗောက်လုပ်ငန်းကရတဲ့ငွေ၊ ဆိုင်းတွေနောက် လိုက်ဆိုလို့ရတဲ့ ငွေကြေးကလေးတွေတော့ ဒွေးလေးဆီအပ်ပြီး စုဆောင်းထားတာတော့ ရှိပါတယ်၊ သိပ်များများစားစားတော့ မစုနိုင်သေးပါဘူး"

ဦးညွန့်တင်၏နဖူးကြောတွေ ရှုံ့သွားသည်။ ဥယျာဉ်ချောင်းမှ လိုက်ပါလာကြသော ရပ်မိရပ်ဖတို့မှာလည်း တစ်ဦးမျက်နှာတစ်ဦး ကြည့်လျက် သက်ပြင်းတွေ မသိမသာချလိုက်ကြသည်။ လှဲ့လှဲ့တင်လည်း ဖခင်ထံမှ မည်သို့သောအဆုံးအဖြတ် ထွက်ပေါ်လာမည်ကို ရင်ထိတ်စွာဖြင့်စောင့်မျှော်ရင်း သင်ဖြူးဖျာအစအနကလေးများကို အမိပ္ပာယ်မဲ့စွာ ဆွဲနှုတ်နေသည်။

"အောင်မယ်လေးကွာ ...ဒီစကားကြားရမှတော့ ရှေ့ဆက်ပြီး ဘာမေးလို့မေးရမှန်းမသိအောင် ဖြစ်လာရပြီ၊ အင်း ...ငါတို့လက်ရှိအခြေအနေနဲ့ ငါတို့သမီးကို ငါတို့ ဘယ်လိုထားတယ်ဆိုတာ သိတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ် ...ဦး။ ဒါပေမယ့် လှဲ့လှဲ့တင်က ကျွန်တော်နဲ့သာဆိုရင် တဲအိုပျက်လည်း နေရဲတယ်၊ ထမင်းရည်ပူကို မှုတ်သောက်ရဲတယ်လို့ ပြောထားပါတယ် ဦး"

"အင်း ...ကာလသမီးများ တယ်ခက်ကြတာကိုး။ ဒိန်းဒလိန်းနှတ်ဝင်လာပြီဆိုရင် ရှေ့နောက်ဘာကိုမှဆင်ခြင် စဉ်းစားတာတွေ၊ တွေးခေါ်မြော်မြင်တာတွေ မရှိကြတော့ဘူး။ ဒါကြောင့်လည်း စလယ်ဝင် ဖင်မမည်းခင်က ကွဲကြတာတွေပေါ့၊ ကွဲကုန်ကြတာတွေပေါ့ ..."

"အဖေရယ် ...ဒီလိုဆိုရင် သမီးနဲ့ ကိုရဲမြင့်တို့ကို သဘောမတူတော့ဘူးပေါ့နော်"

လှဲ့လှဲ့တင်ခမျာ မအောင့်အည်းနိုင်တော့။ ချစ်သူနှင့်ဝေးရည့်အရေးကို တွေးတောပူပင်စိတ်ဖြင့် ကသုတ်ကရက် မေးလိုက်လေ၏။

"ဒီမှာ ...သမီး။ လောကကြီးမှာ အိမ်ထောင်တစ်ခုကို အချစ်တစ်ခုတည်းနဲ့ တည်ဆောက်ဖို့ဆိုတာ သိပ်လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ဘူးကွယ့်၊ အိမ်ထောင်တစ်ခုကို ဦးဆောင်ရမယ့် အိမ်ထောင်ရှင်ယောကျာ်းသားတစ်ယောက်အဖို့ ကိုယ်ပိုင်မနေ မကြွယ်ဝတောင်မှ ကိုယ်ပိုင်ဥစ္စာဆိုတာ ရှိရတယ်၊ အင်း ...အခုတော့ ..."







www.burmeseclassic.com

www.burmeseclassic.com



ဦးညွန့်တင်က စကားကို ခေတ္တရပ်လိုက်ပြီး ရဲမြင့်အား စိုက်ကြည့်လိုက်သည်။ ထိုအချိန်ဝယ် မျှော်လင့်စရာတွေ သိပ်မရှိ တော့ပြီဟု ယူဆထားလေသည်လားမသိ။ လှဲ့လှဲ့တင်၏ပါးပြင်ပေါ် သို့ မျက်ရည်များ စီးကျလာခဲ့သည်။ ဒါကိုမြင်ရပြန်တော့ သမီး အပေါ်ချစ်စိတ်ဖြင့် ဦးညွန့်တင် ရင်ထဲမကောင်း။ သို့ရာတွင် ရဲမြင့်၌ ရိုးဂုဏ်ကလေးရှိနေသည့်အတွက် တစ်နည်းတစ်ဖုံတော့ အဖတ် ဆယ်ကြည့်ရပေဦးမည်။

"မောင်ရဲမြင့် ... မင်းမှာ အိုးပိုင်အိမ်ပိုင် ရှိပြီလား"

"ကြိုးစားနေတုန်းပါပဲ ... ဦး။ ရိုးရိုးသားသားပြောရ ရင် အိုးပိုင်အိမ်ပိုင် ကျွန်တော့်မှာ မရှိသေးပါဘူး"

"ကြိုက်ပြီကွာ ... အဲသည်လို ရိုးရိုးသားသားနဲ့ ပွင့် ပွင့်လင်းလင်းပြောတာကို ကြိုက်တယ်၊ ဦးက မလိမ့် တစ်ပတ်လုပ်ပြီး အိယောင်ဝါးလုပ်တာကို မကြိုက်ဘူး။ အိုးပိုင်အိမ်ပိုင်မရှိဘူးဆိုတော့ မြေပိုင်ကလေးကော မရှိ ဘူးလား ..."

"မြေ ... မြေကြီး ... ဟုတ်လား ဦးလေး"

"ဟုတ်တယ်လေကွာ ... မင်းမှာ မြေမရှိဘူးလား"

"ဘယ့်နှယ်ပြောလိုက်တာလဲ ... ဦးလေးရယ်၊ ကျွန် တော့်မှာ အိုးအိမ်အပိုင်မရှိသေးပေမယ့် မြေကတော့ ရှိ ပါတယ်"

ရဲမြင့်၏စကားကို ဦးညွန့်တင် ကျေနပ်သွားသည်။ သည် တော့ ပြုံးသည်။ ပြုံးရင်းမှ သမီးဖြစ်သူကိုကြည့်ရင်း နှစ်သိမ့်လိုက် သည်။





"မြေရှိတယ်ဆိုတော့ ကိစ္စပြီးပြီပေါ့၊ အိမ်တို့အဆောက် အအုံတို့ဆိုတာ မြေမရှိဘဲနဲ့ ဆောက်လုပ်လို့ရတာမျိုးမှ မဟုတ်ဘဲဟာ ... မြေရှိရင် အိုးအိမ်အဆောက်အအုံတို့ ဆိုတာ သူ့ဟာနဲ့သူ ဖြစ်လာမှာပေါ့"

"ဟင် ... ဒါဆို ... အဖေ ... အဖေ ..."

"ဟုတ်ပါတယ် ...သမီး။ အဖေလည်း ဘဝကို အောက်ခြေက စလာခဲ့ရတဲ့သူပါ၊ ခုလည်း မောင်ရဲမြင့်ဟာ ဘဝကို အောက်ခြေကစမယ့်သူဆိုတော့ ဦး သဘောကျ ပါတယ်"

"ဝမ်း ... ဝမ်းသာလိုက်တာ ... အဖေရယ်"

ဦးညွန့်တင်၏စကားအသွားအလာကြောင့် လှဲ့လှဲ့တင်ခမျာ ဝမ်းပန်းတနည်းဖြစ်လေရာမှ မျက်ရည်တို့ ခန်းခြောက်သွားပြီး ညှိုးနွမ်းနေသောမျက်နှာကလေး ကြည်လင်သွားခဲ့ရချေသည်။ သည်ခဏ ရဲမြင့်က တစ်စခန်းထလာသည်။

"ကိုင်း ... လှဲ့လှဲ့တင်၊ ဦးလေးက ကိုရဲမြင့်ကို သဘော ကျသွားပြီ၊ ဒီတော့ ...ကိုရဲမြင့်ပြန်ရင် တစ်ခါတည်း လိုက်ခဲ့နော်"

ပြောပြောဆိုဆိုနှင့် လှဲ့လှဲ့တင်ကို ဆွဲခေါ်ရန်လုပ်သည်။ ဦးညွန့်တင်ခမျာ ချက်ချင်းပင် တားဆီးရတော့သည်။

"ဟ ... ဟ ... နေ ... နေပါဦးကွ၊ သည်လိုမျိုး စကားအဖြစ်ပြောလိုက်ရုံနဲ့ ဆန္ဒမစောနဲ့လေ၊ ဗျို့ ... ဆရာကြီးတွေ ခင်ဗျားတို့လူကို ကြည့်ပြောပါဦး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်သားပဲ မောင်ရဲမြင့်ရယ်၊ ဒီမှာက စကားတော မပြတ်ကြသေးဘူးလေကွယ် ... အလျင်မလို ပါနဲ့ဦး"

"မသိပါဘူးဗျာ ... ကျွန်တော့်ကို သဘောကျတယ် ဆိုလို့ ဝမ်းသာအားရဖြစ်ပြီး ဆန္ဒတွေစောမိတာပါ၊ ကန် တော့နော် ... ကန်တော့ ... ကန်တော့ ..."

ဦးညွန့်တင်မှာတော့ သမက်လောင်းရဲမြင့်အား စေ့စေ့ကြည့် ရင်း 'တကယ့်ကောင်'ဟူ၍ မှတ်ချက်ချနေမိတော့သည်။

"ဘယ်ကိစ္စမဆို သက်သေသက္ခာရဆိုတာ ရှိရတယ် မောင်ရဲမြင့်၊ မင်းက အိုးအိမ်မပိုင်ဘူးတဲ့ ... ဟုတ်ပြီ၊ ထားတော့၊ ပိုင်မှုမပိုင်တဲ့ဥစ္စာ၊ သက်သေသက္ခာရမပြလည်း ကိစ္စမရှိဘူး။ ဒါပေတယ်လို့ မြေပိုင်တယ်ပြောပြီး သက်သေ သက္ခာရ မပြရင်တော့ အလုပ်မဟုတ်သေးဘူးလေကွာ။ ပေါဒီလူကြီးတွေအားလုံးရှေ့မှာ ဟုတ်ကြောင်းမှန်ကြောင်း လေးတော့ သက်သေပြနိုင်ရမှာပေါ့ ... ဟုတ်ဘူးလား"

"ဟုတ်တယ် ... မောင်ရဲမြင့်၊ အင်းသူကြီးပြောတာ မှန်တယ်၊ တရားနည်းလမ်းလည်းကျတယ်၊ ဒီတော့ ... အင်းသူကြီးကျေနပ်အောင် မင်းဘက်က မြေပိုင်ဆိုင် ကြောင်း သက်သေသက္ခာရ ပြဖို့လိုလိမ့်မယ်"

"ဩော် ... ဒီလိုလား။ ဖြစ်ပါတယ်၊ ဒါဖြင့် ... ကျွန်တော်ပိုင်တဲ့မြေကို ပြဖို့ရာအတွက် ကျွန်တော် ရွာကို ခဏပြန်မယ်၊ နာရီဝက်တောင် မကြာစေရပါဘူး၊ အဲဒီ





အတွက် ဦးလေးအနေနဲ့ လူည်းကို ခဏလောက်ငှား လိုက်ပါ"

"ရတယ် ... ရတယ်၊ ယူသွား ယူသွား။ ကိုင်း ... လူကြီးမင်းတို့လည်း မောင်ရဲမြင့် သက်သေသက္ခာရပြဖို့ အတွက် အထောက်အထား အခိုင်အမာ သွားယူနေတုန်း မှာ အေးအေးသက်သာနဲ့ ကွမ်း၊ ဆေး၊ လက်ဖက်၊ ရေနွေး ကြမ်းတို့ကို သုံးဆောင်ကြပါဦး"

လူကြီးတွေအားလုံး ရေနွေးသောက်ကြ၊ လက်ဖက်စားကြ၊ ဆေးပေါ့လိပ်ဖွာကြ၊ ကွမ်းဝါးကြချိန်မှာတော့ သမက်လောင်းရဲမြင့် လည်း မိန်းမရတော့မယ်ကွဟူ၍ ဂုဏ်ယူပီတိစိတ်ဖြင့် ရင်ကော့ ...ကျ် အိမ်ပေါ်မှဆင်းပြီး ဦးပိန်က ပေးထားသည့် လှည်းနှင့်နွားကို ...တာ ဥယျာဉ်ချောင်းရွာဘက်သို့ မောင်းချသွားပါလေတော့သည်။

ရဲမြင့်ထွက်သွားတော့ အတွေးကိုယ်စီရှိနေကြသူတွေကား ...ဒဲ့တင်နှင့် ဦးညွန့်တင်တို့ပဲ ဖြစ်သည်။

ဖခင်ကြီးသဘောကျအောင် ချစ်သူရဲမြင့်၌ မြေပိုင်ဆိုင် ...ကြောင်း အထောက်အထားတစ်ခုခု ရလာခဲ့လျှင်ဖြင့် သူမတို့အဖို့ ...ယာသောဘဝခရီးလမ်းကို ဖြောင့်ဖြူးစွာလျှောက်လှမ်းနိုင်မည် ...ကြောင်း သဘောပေါက်နားလည်ထားကာ ကြည်နူးစိတ်တို့ ...ည်ယိုဖိတ်နေခဲ့သည်။

ဦးညွန့်တင်ကျတော့ တစ်မျိုးတစ်ဘာသာ။

www.burmeseclassic.com



ရဲမြင့် မြေပိုင်ဆိုင်သည်ကိုပြနိုင်သည့်သကာလ ၎င်းမြေကွက်ကို ရောင်းချစေကာ တစ်ဝက်ကို ၎င်း၏အိမ်ခြံဝိုင်းအတွင်း အိမ်ဆောက်ပေး၍လည်းကောင်း၊ ကျန်ငွေတစ်ဝက်ကို ငါးဒိုင်အတွက် မြှုပ်နှံစေပြီး သမက်တော်မိုက်ကလေးနှင့်အတူ ငါးဒိုင်အတွင်း အလုပ်ပေး၍လည်းကောင်း ထားလိုက်ပြီ။ ၎င်း၏ဩဇာမှာ အားလုံးအပေါ်၌ တည်ရှိနေရမည်ဟူ၍လည်း အတွေးဝင်နေမိတော့သည်။

"သမီးရေ ... လက်ဖက်သုပ်လုပ်ပါဦးဟေ့၊ ရေနွေး ကြမ်းလည်းဖြည့်ပါဦး"

ညီ့သည်စောင်သည်များက ရဲမြင့်ပြန်အလာကို စောင့်စားကြရင်း တစ်ယောက်တစ်လက်၊ တစ်ယောက်တစ်ခွက်ဆိုသလို လက်သွက်နေကြသည်။

"ငါးရံ့ခြောက်ဖုတ်လည်း ယူခဲ့ပါဟ ..."

"ဟုတ်ကဲ့ ... အဆင်သင့်ပါပဲ အဖေ"

လဲ့လဲ့တင်အဖို့ ချစ်သူမောင် ရဲမြင့်အလာကို ရင်ခုန်စွာစောင့်စားရင်း အိမ်ရှေ့ခန်းနှင့် မီးဖိုချောင် လွန်းထိုးနေလေတော့သည်။ သိပ်မကြာလိုက်။ ခပ်လှမ်းလှမ်းဆီမှ ခြူသံတို့ကို ကြားလိုက်ရသည်။

"ဟော ... ရဲမြင့် ပြန်လာပြီနဲ့တူတယ်"

"ဟာ ... ဟုတ်ပါရဲ့၊ လှည်းပေါ်မှာလည်း ရိုင်ပတ်ကြီးနဲ့"

မှန်ပါ၏။ ဦးညွှန့်တင်တို့၏ ခြံဝိုင်းအတွင်းသို့ အောင်ပွဲပြန်စစ်သူကြီးအလား ရဲမြင့်တစ်ယောက် နှင်တံလေးတမြှောက်မြှောက်နှင့် ဝင်လာခဲ့ပါ၏။ ပြီးတော့ အားပါးတရပင် ဟစ်ကြွေးလိုက်ပါသေး။





"ဗျို့ ... ဦးလေးဦးညွှန့်တင်၊ ကျွန်တော်ရဲမြင့် ပြန်လာပြီခင်ဗျ။ ဦးလေးကို သက်သေသက္ခာရပြဖို့ရာအတွက် ပြန်လာခဲ့ပြီခင်ဗျ ..."

ရဲမြင့်၏ အောင်မြင်ဝံ့ကြွားစွာ အော်ဟစ်လိုက်မှုအပေါ်တွင် ချစ်သူ လဲ့လဲ့တင် ကြည်နူးပျော်ရွှင်သွားသလို၊ ဦးညွှန့်တင်မှာလည်း 'သည်ကောင်လေး မဆိုးရှာပါဘူးလေ'ဟူသောအတွေးဖြင့် ပြုံးရွှင်သွားမိသည်။

"ဟေ့ကောင် ... မောင်ရဲမြင့်၊ အိမ်ပေါ်တက်ပြီး အမောဖြေ၊ ရေကလေးဘာလေး သောက်ပါဦးတော့လားကွ ..."

"မတက်တော့ဘူး ... ဦးလေးရေ၊ နွားတွေဖြုတ်လိုက်ဦးမယ်"

"ဒါထက် ... ငါ့ကိုပြဖို့ရာ သက်သေသက္ခာရတွေ အပြည့်အစုံပါတယ်မဟုတ်လား"

"ဟာ ... ပါတာပေါ့ ဦးလေးရယ် ... တစ်ခါတည်း ယုံကြည်မှုအပြည့်ရှိအောင် တစ်ပါတည်းယူလာခဲ့တာပေါ့။ အားလုံးဆင်းကြည့်ကြလေဗျာ ... ကျွန်တော် နွားတွေ တင်းကုပ်ထဲ မောင်းသွင်းလိုက်ဦးမယ်"

ကိုယ့်ခြေကိုယ့်လက်ဆိုသလို သွက်လက်ချက်ချာစွာ လှုပ်ရှားနေသည်။ အိမ်သားတစ်ဦးသဖွယ် မြင်တွေ့ရ၍လည်း ဦးညွှန့်တင်ရင်ထဲ ကျေနပ်ပီတိဖြစ်မိသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူအပါအဝင် အိမ်သားတွေအားလုံး ရဲမြင့်ခွဲထောက်ဖြင့်ရပ်ထားသော လှည်းအပါးသို့ ရောက်သွားကြသည်။ ရှိုင်ပတ်ထဲမှာတော့ မြေသားများက အပြည့်အမောက်။ မကြာခင် ရဲမြင့် အပါးသို့ပြန်ရောက်လာသည်။

"ကိုင်း ...ဘယ်မလဲ၊ မင်းမြေပိုင်ဆိုင်တယ်ဆိုတဲ့ အထောက်အထား။ ဘယ်မလဲ ..."

"ဟာ ...ဦးလေးကလည်း။ ဦးလေးရဲ့ရှေ့ လှည်းပေါ်က ရှိုင်ပတ်ထဲမှာရှိနေတဲ့ဥစ္စာ၊ လေကုန်ခံပြီး မေးနေရသေးလားဗျာ"

"အို ...ဒီကောင် ...မင်း၊ မင်း ဘာမှမဆီမဆိုင် တာတွေကွာ၊ ဘယ်မလဲ ...အထောက်အထား"

"ဦးလေးနယ် ...ခက်တော့တာပဲ၊ ဦးလေးက မြေပိုင်ရှိမှ ပေးစားမယ်ဆိုလို့ ကျွန်တော် ဥယျာဉ်ချောင်းကိုသွားပြီး ယူလာခဲ့ ကျွန်တော်ပိုင်မြေတွေလေ၊ ကဲ ...မြင်တယ် မဟုတ်လား။ မြေချေးတွေနဲ့ ရောသမမွှေပြီး အပင်စိုက်လို့ များကတော့ မတရားကိုကောင်းပဲ ...ဦးလေးရ၊ အဲဒါ ကျွန်တော်ပိုင်တဲ့မြေတွေပဲလေ"

ဦးညွန့်တင်အဖို့ ရဲမြင့်၏စကားကြောင့် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသတည်း။



"တား .... တား .... တား ....

တောင်ထိပ်မှာ ကြာပေါက်

အနောက်ဘက်က နေထွက်ဆိုသလို

ရယ်စရာကောင်းတဲ့ စကားတွေပါလားဟေ့ ....

ကဲပါကွာ .... ငိုဘက်က လျှော့ပါ့မယ်။

ခင်းပြောသလို ဟုတ်နေခဲ့ရင်

သာစေတတ်ခဲ့ရင် ....

ငိုသား စိတ်ချမ်းသာရအောင်

ငါကိုယ်တိုင် ပေးစားမယ်ဟေ့ ....

ပေးစားမယ် ...."



www.burmeseclassic.com

www.burmeseclassic.com

ခုတစ်လော ကောက်ချိတ်ကို ကြည့်ရမြင်ရသည်မှာ လ
လန်းရွှင်ရွှင်မရှိလှဟု ကိုပိန် ထင်သည်။ ဒီကောင် ဘာတွေ
ဖြစ်နေလို့ပါလိမ့်။

"ဦးပိန် ..."

"ဟေ ... ဘာများတုန်းကွ"

"ကျွန်တော် ... အရက်ကို မူးအောင်သောက်ချင်တယ်ဗျာ"

"ဟကောင် ... ကောက်ချိတ်၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ ခါတိုင်း ဒီအချိန် ထန်းတောရောက်နေတာများ။ အရက်ဆိုတာ နတ်ထချို့သာကြိုက်ပြီး ဘုရားမကြိုက်တဲ့ အလုပ်ကွ"





"အောင်မာ ... ဘုရားကသာမကြိုက်တာ ခင်ဗျားတော့ ကြိုက်လွန်းမကကြိုက်ပြီး ကိုဗိုက်ကလေးအိမ်မှာ ခွက်ပုန်းသွားတွယ်နေတာ ကျွန်တော် မသိဘူးမှတ်နေသလား"

"ဟာ ... ဟေ့ကောင်၊ တိုးတိုးပြောပါကွာ၊ ပတ်ဝန်းကျင်ကြားသွားရင် ဇါ့မရှိတဲ့သိက္ခာလေးတွေ ထပ်ပြီးပွန်းပဲ့ကုန်ပါလိမ့်မယ် ... အဟဲဟဲ၊ ဒါထက် ... နေစမ်းပါဦးကွ၊ ထန်းရည်လိုင်းကနေပြီး ဘာဖြစ်လို့ အရက်လိုင်းကို ပြောင်းချင်ရတာလဲ"

"စိတ်ညစ်လို့ပေါ့ ... ဦးပိန်ရာ၊ စိတ်ညစ်လို့ပေါ့"

"စိတ်ညစ်တာအတွက်နဲ့တော့ အရက်လိုင်းကို မကူးပါနဲ့ကွာ၊ အခုချက်အရက်တွေက မှန်တာမဟုတ်ဘူးကွ၊ ဓာတ်မြေဩဇာတို့၊ ဖားပြုတ်ခြောက်တို့၊ အင်ဒရင်းတို့ ပါတယ်ဆိုလား။ ခဏကလေးနဲ့ဖောသွပ်ပြီး ဘဝကူးမှာကွ၊ ပါတောင် ဆင်ဆင်ခြင်ခြင်တွယ်နေရတယ်၊ ဒါထက် ... နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့စိတ်ညစ်ရတာတဲ့တုန်း"

"ပြောရရင်တော့ အရှည်ကြီးပဲဗျာ၊ လိုရင်းကို တိုရှင်းအောင်ပြောရရင် ကျွန်တော် မိန်းမလိုချင်ပြီဗျာ ... အဲဒီမှာ ကျွန်တော်လိုချင်တာက အေးကြည်မဗျ ... အေးကြည်မ"

"ဟာ ... မင်းကတော့ ပြဿနာရှာပြန်ပြီ၊ ဟိုးတစ်ခါတုန်းက ဒေါ်ကျည်းအိုးအိမ်မှာချိန်းပြီး မင်း အဲဒီကလေးမကို မဟုတ်မဟပ်လုပ်ခဲ့သေးတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုယ်ထိလက်ရောက် ဘာများကျူးလွန်ခဲ့လို့လဲဗျာ၊ ဖက်တီးဝင်းမောင်တို့ ကျွဲသိုးတင်ယုတို့က သူတို့ရည်းစားတွေဆီမှာ ဘာအမှတ်အသား ညာအမှတ်အသားတွေရှိတယ်ဆိုပြီး ဗလာချည်အသားယူပြီး ကြွားဝါလွန်းလို့ မခံချင်စိတ်နဲ့ ကျွန်တော်လည်း ပြောစရာအကြောင်းကိုရှိအောင် လုပ်ခဲ့မိတာပါဗျာ၊ အဲဒီမှာ ခင်ဗျား အတို့အထောင်ကောင်းတာနဲ့ ကျွန်တော်လည်း လိမ့်နေအောင် ဖနောင့်ပေါက်ခံရပါပကောလား"

"အဲဒီတုန်းက မင်းကလည်းမင်းပါပဲလေ၊ အာစရိဒေါ်ပွမယ်ဆိုလည်း ပွစရာပဲ၊ မင်းဟာက အလုပ်မဟုတ်တာတွေလုပ်နေတဲ့ဥစ္စာ"

"ကျွန်တော်မှ အတွေ့အကြုံ ဘာတစ်ခုမှမရှိတဲ့ဥစ္စာ ဘာတွေဘယ်လိုသိရမှာတဲ့လဲဗျာ ...အခုတော့ သိပြီ ကျွန်တော့်အာရုံထဲမှာ အေးကြည်မ တရစ်ဝဲဝဲဖြစ်နေတယ်၊ ငါးဆိုင်ရောက်တိုင်း သူ့ကိုကြည့်မိရင် ရင်တွေတဒိန်းဒိန်းခုန်နေတော့တာပဲ၊ ရင်ခုန်တာဟာ အချစ်တဲ့ဗျ၊ ဒီတော့ ကျွန်တော် အေးကြည်မကို ချစ်မိနေတာ သေချာသွားပြီ၊

သူကလည်း တစ်နေ့တစ်ခြား လှ လှလာတယ်ဗျာ၊ သူ့ရဲ့မျက်လုံးရွှဲကြီးတွေကိုမြင်ရတိုင်း ကျွန်တော့်မှာ ဒူးတွေချောင်သလို ခံစားရတယ် ...ဦးပိန်ရာ"

"ဒါဆိုလည်း မင်းအဖေ ငါ့အာစရိကို ဖွင့်ပြောပြီး တောင်းရမ်းယူလိုက်ပေါ့ကွ၊ ကောင်မလေးက မင်းဆိုရင် ငြင်းမှာမဟုတ်ပါဘူး"





"အဲဒါတော့ ကျွန်တော်လည်းရိပ်မိပါတယ် ဦးပိန်ရာ၊ ဒါပေတယ်လို့ အဖေ့ကို ဖွင့်မပြောရဲဘူးဗျ ...အဖေက လူတစ်မျိုးဗျ၊ အေးကြည်မတို့အမျိုးကို လင်နိုင်တဲ့အမျိုးဆိုပြီး လုံးဝသဘောတူမှာမဟုတ်ဘူး ...ဦးပိန်ရ"

"အေး ...အဲဒါလည်း ဟုတ်ပေတာပဲ၊ ဒါပေမယ့်လည်းကွာ ...မင်းကို သံယောဇဉ်ထားတဲ့အနေနဲ့ ငါ တတ်နိုင်သလောက် ဘေးတီးကြည့်ပါဦးမယ်"

"ကျေးဇူးပါပဲ ...ဦးပိန်ရာ၊ ဦးပိန်ကူညီဆောင်ကြဉ်းပေးလို့ အောင်မြင်ခဲ့ရင် ဦးပိန်အတွက် ဝတ်စုံအသစ်တစ်စုံနဲ့ ကြိုက်တာစားသောက်ဖို့ တစ်ရက်တာဝန်ယူတယ်ဗျာ"

"စိတ်ချ ...ငါကြိုးစားပေးမယ်၊ အောင်မြင်ရင်သာ ကတိတည်ပါစေ"

"အမလေး ...ဦးပိန်ရယ်၊ ကောက်ချိတ်တို့က အမြဲတမ်း လူတစ်ဖက်သားအပေါ် စိတ်ကောင်းထားတဲ့သူပါ၊ ကတိစကားကို ရင်မှာပိုက်ထားတဲ့သူပါဗျ"

"အေးပါကွာ ...အေးပါ ..."

အချစ်နာကျနေသော ကောက်ချိတ်အတွက် ကိုပိန်မှာ ကြိုးစားရပေဦးတော့မည်။

*



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေက ထင်ထားသလိုမျိုးမဟုတ်။

အာစရိဦးညွန့်တင် အေးအေးလူလူရှိနေခိုက် ကောက်ချိတ် အကြောင်းကို ရေလာမြောင်းပေးလုပ်ကြည့်သည်။

"ဘာ ... ဒီကောင် မိန်းမယူချင်တယ်၊ ဟုတ်စ .."

"ဟုတ်တယ် ... အာစရိ၊ ဒါ ... သဘာဝတရားပဲ၊ သီးချိန်တန်သီးလို့ ပွင့်ချိန်တန်လို့ ပွင့်တဲ့ဥစ္စာ"

"ဟော့ကောင် ... ငပိန်၊ ငါ့ကို တရားမချနဲ့၊ ဒါတွေ ငါသိပြီးသား။ နို့ ... နေစမ်းပါဦး၊ ငါ့သားကောက်ချိတ် ယူချင်တဲ့မိန်းမက ဘယ်ရွာကလဲ"

"ဘယ်ရွာကမှမဟုတ်ဘူး။ ဟောဒီရွာ ရွှေပိန်းကော ကပဲ ... အာစရိ"

"အေး ... ဟုတ်ပြီ၊ ဘယ်မိန်းကလေးလဲ၊ ဘယ်သူ့ သမီးလဲ"

"အေးကြည်မလေ ... အာစရိရဲ့၊ အာစရိတို့ငါးဒိုင် မှာ ငါးရွေးခေါင်းဆောင်လေ၊ အင်မတန်လုပ်ရည်ကိုင် ရည်ကောင်းတဲ့ ကောင်မလေးပဲ ... အာစရိရဲ့"

"အဲဒီကောင်မလေးဆိုရင် မဆိုးပါဘူးကွာ၊ အဲ ... ဒါပေမယ့် ငါ သဘောမတူနိုင်ဘူးကွ"

"ဟာ .. အာစရိကလည်း မဆိုးဘူးလည်းဆိုသေးရဲ့၊ ဘာဖြစ်လို့သဘောမတူနိုင်ရမှာလဲ"

"သဘောမတူဆို သူ့အမေက ဘယ်သူလဲ၊ မင်း သိရဲ့လား ... ငပိန်"





"ဟ ... မသိဘဲ ဘယ်နေမှာတဲ့လဲ အာစရိရယ်၊ သူ့အမေဟာ ဒေါ်ပွေလီကြီးမဟုတ်လား"

"အေး ... အဲဒါကြောင့် သဘောမတူတာဘဲပေါ့ကွာ၊ သူတို့အမျိုးက လင်နိုင်မျိုးတွေကွ၊ ဒေါ်ပွေလီရဲ့ယောကျ်ား ဦးအေးသန့်ကြီးဆိုရင် မိန်းမများ တစ်ခွန်းမဟလိုက်နဲ့ နွားပြာကြီး အောက်သွားမရှိဆိုသလို တဟဲဟဲနဲ့နေတော့ တာပဲ၊ ပွေလီ့အစ်မ နန်းရီဆိုရင်လည်း သူ့ယောကျ်ား ကိုရွှေမင်းကြီးကို နိုင်မှနိုင်၊ ပွေလီ့ညီမ တင်ကြည်နဲ့ရတဲ့ ကိုပိုက်ဆိုရင် သက်စွန့်ဆံဖျား ယုန်ထောင်၊ မြွေဖမ်း၊ ငှက်သိုက်နှိုက်၊ ပျားဖွပ် ... အို ... စုံတကာစေ့အောင် လုပ်ကျွေးတာတောင် အကောင်းမမြင်ဘူး။ စကားထစ်ခနဲ မများလိုက်နဲ့ များလိုက်တာနဲ့ ကိုပိုက်ခမျာ အလဲလဲအကွဲ ကွဲ ... အဲသလိုမျိုး။ လင်သားဆိုတာ အင်မတန်နိုင်စားတဲ့ အမျိုးအနွယ်ထဲ ငါ့သားကောက်ချိတ်ကို အရောက်ခံနိုင် မတဲ့လားကွာ။

ဒီတော့ ... ငါ့ကောင်ကို အပြတ်ပြောလိုက်၊ အေး ကြည်မကလွဲရင် ကြိုက်တဲ့မိန်းကလေးကိုပြော၊ မဖြစ်ဖြစ် တဲ့နည်းနဲ့ ရအောင်ပေးစားမယ်လို့"

"ဒါပေမယ့် ... အာစရိရယ်၊ အာစရိသားက အေး ကြည်မမှ အေးကြည်မဖြစ်နေတာ အာစရိရဲ့"

"ဟာ ... ဖြစ်ရုံမက သေသေကွာ ... ငါ့သားက အေးအေးလူလူသမား။ အေးကြည်မက ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်သလဲ၊ ဘယ်လောက်ဖိုးဖိုးဖေတ်ဖေတ်နိုင်သလဲ၊ ငါ့နိုင်မှာ သူတပဲ အားလုံးကို ဩဇာပေးနေတာ၊ မဖြစ်ပါဘူးကွာ ...ဒီမိန်းကလေးနဲ့ရရင် ငါ့သားဟာ သူ့ရဲ့ ဩဇာပေးမှုအောက်မှာ ပြားပြားမှောက်ရမှာ၊ အဆင့်အတန်းချင်းကို ခွဲတာမဟုတ်ဘူးနော်၊ အဆင့်အတန်းမခွဲလို့လည်း ဗိုက်ကလေးတို့၊ ခဲမြင့်တို့ဟာ ငါ့သမက်တွေ ဖြစ်လာခဲ့ကြတယ်ဆိုတာ မင်းအသိပဲမဟုတ်လား ငပိန်"

ကိုပိန် ဘာမျှတေဒကမတက်သာတော့။ တက်၍မရနိုင်လောက်အောင်လည်း ဦးညွန့်တင်က မျိုးရိုးသာဓကတွေဆောင်၍ ချက်နှင့်လက်နှင့် ပြောပြသွားလေသည့်အတွက် ကိုပိန့်ခမျာ ပါးစပ်အပေါင်းသာ။ သို့ရာတွင် 'ခရုမှာလည်း အဆံနှင့်၊ လူ့မှာလည်း အကြံနှင့်'ဆိုသလို ကိုပိန် အရှုံးမပေးချင်သေးပါ။ တစ်ခုခုတော့ ကြံစည်ရပါလိမ့်ဦးမည်။

"တကယ်လို့များ ...အာစရိစိုးရိမ်သလိုမဟုတ်ဘဲ အေးကြည်မကို ကောက်ချိတ်က အသေအလဲနိုင်မယ်၊ အေးကြည်မဟာ ကောက်ချိတ်ကို အောက်ကျနောက်ကျခံပြီး ချစ်နေမယ့်သူ ကောက်ချိတ်ပြုသမျှ နုရမယ့်သူဆိုတာ သေချာရင် အာစရိ သူတို့နှစ်ယောက်ကို ပေးစားနိုင်ပါ့မလား"

"ဟား ဟား ဟား ...တောင်ထိပ်မှာ ကြာပေါက်၊ အနောက်ဘက်က နေထွက်ဆိုသလို ရယ်စရာကောင်းတဲ့ စကားတွေပါလားဟေ့၊ ကဲပါကွာ ...ငါ့ဘက်က လျှော့ပါ့





မယ်၊ မင်းပြောသလို ဟုတ်နေခဲ့ရင် သာဓကတစ်ခုခုနဲ့ ကြုံရရင် ငါ့သားစိတ်ချမ်းသာရအောင် ငါကိုယ်တိုင်ပေးစားမယ်ဟေ့ ...ပေးစားမယ်"

"ကောင်းပြီ ...အာစရိ အာစရိ စကားတည်ပါစေ"

"အေးပါကွာ ...ငါက လူကြီးပဲ၊ ဘာမှမတည်စရာမရှိဘူး။ ရယ်စရာကောင်းလိုက်တာဟေ့၊ ဟား ဟား ဟား ...ဟဲ ဟဲ ဟဲ ..."

မောင်ပိန့်စကားတွေက ဦးညွန့်တင်အတွက် ရယ်ပွဲဖွဲ့ချင်စရာ ဖြစ်သွားခဲ့တာ သေချာသည်။

ကိစ္စမရှိ။

လူကြံလျှင် အိမ်သာထရံတောင်မှ ချေးတုတ်ကနန်းဖြစ်သေးသည့်ဥစ္စာ၊ ခုကိစ္စမှာလည်း ဦးနှောက်ကို လွှာသုံးတတ်မည်ဆိုလျှင်ဖြင့် ...။

မြွေမှန်လျှင်ဖြင့် တွင်းဝင်ဖြောင့်လိမ့်မည်သာတည်း။



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ....

အာစရိရဲ့သွေးအစစ်ပါလို့ပေါ့ .... အာစရိရဲ့

အာစရိတို့အမျိုးက

မယားကြောက်မျိုးမှ မဟုတ်တာဘဲ။

အာစရိကတော်ဆိုတာ အာစရိက

'ငါးကြော်ပေ့'ဆိုရင်

'ဖုတ်ပြီးရုံမက

သီသင်းပြီးပါပြီ တော်ရေ့' မဟုတ်လား ...."

နိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

နှင်းတွေဝေသည့်မနက်ခင်း။

မနွေညက နံနက်စောစော ငါးသလောက်ပိုက်တွေဖော်ပြီး ခိုင်သွင်းမည်ဆိုသည့်အတွက် ဦးညွန့်တင်နှင့် မောင်ပိန်တို့ဆရာ တပည့် နံနက်ခင်း ဝေလီဝေလင်းမှာပင် အိပ်ရာမှ လူးလဲထပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကာ ရေနွေးကြမ်းပူပူသောက်၊ အဆာပြေ ထမင်းကြမ်းအနည်းငယ်စားပြီး ခွယ်တာ၊ အနွေးထည် တို့ ဝတ်ဆင်ကာ တာလမ်းမပေါ်မှ ငါးဒိုင်ဘက်ရှိရာသို့ လျှောက်ခဲ့ ကြလေသည်။

"ဟေ့ကောင် ...ပေိန်၊ သွားနှင့်၊ ငါလိုက်ခဲ့မယ်၊ အရေးထဲ ရေနွေးကြမ်းသောက်တာများလို့ ချုပ်မှာ ပန်းလိုက်ဦးမကွာ"





သည်တော့ မောင်ပိန် ရှေ့မှထွက်သွားသည်။ ဦးညွန့်တင် က ချုံထဲတွင် စိတ်လျှော့နေခဲ၊ သိပ်မကြာလိုက်။ ခြေသံတဖုတ် ဖုတ်နှင့် မောင်ပိန် ပြန်ရောက်လာသည်။

"ဟေ့ကောင် ...ဘာပြန်လုပ်တာလဲ"

"ပြန်လာဆို အာစရိသား ကောက်ချိတ်လေ ... ကောက်ချိတ် ..."

"ဟေ ...ငါ့သားကောက်ချိတ်၊ ဘာဖြစ်လဲ၊ တစ်ခါ တလေ မနက်ခင်း စက်ဘီးထွက်စီးတတ်တာ၊ ဘာဖြစ် လို့လဲ ...တာလမ်းပေါ်အေး ထိုးကျလို့လား"

"မဟုတ်ဘူး ...အာစရိရဲ့၊ မိန်းကလေးတစ်ယောက် ကို လက်ပြန်ရိုက်နေလို့၊ အဲ ...အဲဒါ သူ့အဖော်က အတင်းဆိုင်းဆွဲထားရတယ်၊ မိန်းကလေးလည်း ငိုပြီး တာ လမ်းအောက်ဆင်းလို့ ရွာထဲပြေးဝင်သွားပြီ"

မမျှော်လင့်သောစကားကို ကြားလိုက်ရသည့်အတွက် ဦး ညွန့်တင် ထွေပူသွားသည်။ ယောကျ်ား,ယောကျ်ားချင်း ရန်ဖြစ်ကြ သည်။ ထိုးကြိတ်ကြသည်၊ ရိုက်နှက်ကြသည်။ ကိစ္စမရှိ။ ထိုအတူ မိန်းမသားအချင်းချင်းလည်း ထိုပုံထိုနည်းဖြစ်ပါက ကိစ္စသိပ်မရှိ။

အခုဟာက အင်အားကြီးသူ အတောင်နှစ်ဆယ်ဝတ် မင်း ယောကျ်ားက အားနွဲ့သူ သုံးတောင်ဝတ်မိန်းမသားအပေါ်တွင် ကိုယ်ထိလက်ရောက် အနှောင့်အယှက်ဖြစ်အောင် ကျူးလွန်ခြင်းကတော့ ကိစ္စရှိလာသည်။ ကိစ္စမှ သေးသေးဖွဲဖွဲမဟုတ်။ ကြီးကြီးမားမား ဖြစ်နိုင်သည့်ကိစ္စ။ ဘာကြောင့်ဆိုတော့ ကျူးလွန်သူသည် တခြား သူမဟုတ်ဘဲ သားတော်မောင်ကောက်ချိတ် ဖြစ်နေ၍သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အကျိုးသင့်,အကြောင်းသင့် မေးပြုစမ်း ပါဦး မောင်ပိန်ရာ၊ ဒုက္ခတွေတော့ များကုန်တော့မှာပဲ"

"လာ ... လာ ... ကောက်ချိတ်တို့ရှိသေးတယ်၊ အာစရိ လိုက်ခဲ့၊ အာစရိရှေ့တင် ကျွန်တော်မေးမယ်"

"လုပ်စမ်းပါဦးကွာ ..."

သူတို့အနားရောက်တော့ မကျေမချမ်းဖြစ်နေသည့် ကောက်ချိတ်နှင့် ဖျန်ဖြေပေးသည့်အဖော်တစ်ယောက် ရှိနေသည်။

"ဟကောင်ရ ... ဘယ်လိုဖြစ်ရတာလဲ ကောက်ချိတ်၊ မင်း မိန်းကလေးတစ်ယောက်ကို ရိုက်လိုက်တယ်ဆို"

"ဟုတ်တယ်လေ ... ကျွန်တော့်ပြောစကား နား မထောင်လို့ရိုက်တာလေ၊ သူက ကျွန်တော့်စက်ဘီးအနောက် ခုံမှာ ထိုင်လိုက်မတဲ့၊ ကျွန်တော်က တင်မနင်းနိုင်ဘူး။ နင့်ဘာသာနင်လျှောက်လို့ပြောတာ ခြေထောက်ဆောင့် တယ် ... ဦးပိန်ရဲ့ အဲဒါနဲ့ ကျွန်တော်လည်း ဒါလောက် တောင်ပြောမရတာဆိုပြီး နှစ်ချက်လောက်တွယ်လိုက်တယ်၊ ဒီကမိတ်ဆွေ အဆွဲမြန်လို့ တစ်ချက်ပဲထိတယ်၊ နို့မဟုတ် ရင် အမှောက်ပဲ"

ဤသမယ၌ စကားဝင်လာပြောသူကား ဦးညွန့်တင်ပါတည်း။

"မင်းကတော့ ပြဿနာပဲကွာ၊ နေပါဦး ... မင်း ရိုက်လိုက်တဲ့မိန်းကလေးက ဘယ်သူလဲ"

"ဘယ်သူကမလဲ အဖေရယ်၊ ကျွန်တော်နဲ့ကြိုက်နေ တဲ့ အေးကြည်မပေါ့"





"ဟော ..."

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ဦးညွန့်တင် ၏ နှုတ်ဖျားမှ အံ့သြမှုပေါင်း ဝန်းရံထားသည့် အာမေဍိတ်တစ်လုံး ထွက်သွားခဲ့လေသည်။ ပြီးတော့ မျက်နှာအမူအရာတို့သည် ဝေခွဲ၍ မရနိုင်လောက်သော အဓိပ္ပာယ်ပေါင်းများစွာဖြင့် ပြောင်းလဲလျက် ရှိကြကုန်၏။

"သားရယ် ... အနောက်ခုံပေါ်တင်သွားရတာများ ဘာအပန်းကြီးလို့လဲကွယ် ..."

"မရဘူး ... အဖေ၊ သားကတော့ ခြေသလုံးတောင့် အောင် နင်းရမယ်၊ သူက ဖိမ်နဲ့လိုက်မယ်၊ ဒီလိုမျိုးကြော လို့မရဘူး။ ဒါတောင် မရသေးလို့၊ ရများရခဲ့ရင် မယားနေစ ကြောင်သေမှကို လုပ်ပြလိုက်ဦးမယ်၊ ဒီလိုအချိုးလာမချိုးနဲ့၊ သားတို့အမျိုးက မိန်းမကို မီးသေတဲ့အမျိုး"

"ဟဲ ဟဲ ဟဲ ... ဟုတ်ပါသကွာ၊ ဟုတ်ပါသကွာ၊ ကဲ ကဲ ... အိမ်ပြန် ... အိမ်ပြန် ..."

ဦးညွန့်တင်၏စကားကြောင့် ကောက်ချိတ်လည်း စက်ဘီး ကိုနင်းလျက် အိမ်ဘက်သို့ လှည့်ပြန်သွားလေသည်။ လမ်းတစ် လျှောက်မှာတော့ ဦးညွန့်တင်တစ်ယောက် လျှာတွေအာတွေ သွက် နေသည်။

"ဟော့ ... ငပိန်"

"ဗျာ ... အာစရိ"

"အခုတော့လည်း ငါ့သားတော်မောင်ကောက်ချိတ် က အဟုတ်ကြီးပါလားဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒါကတော့ အာစရိရဲ့သွေးအစစ်ပါလို့ပေါ့ အာစရိရဲ့၊ အာစရိတို့အမျိုးက မယားကြောက်မျိုးမှမဟုတ်တာဘဲ၊ အာစရိကတော်ဆိုတာ အာစရိက 'ငါးခြောက်ပေါ့' ဆိုရင် 'ဖုတ်ပြီးရုံမက ဆီဆမ်းပြီးပါပြီတော်ရေ့' မဟုတ်လား"

"ဟေး ဟေး ဟေး . . . ဟား ဟား ဟား . . . ဟုတ်သကွာ၊ မင်းပြောတာအမှန်ပဲ ငပိန်ရ"

ကိုပိန်၏စကားကြောင့် ဦးညွန့်တင်အဖို့ နှလုံးပီတိ ဝွမ်းဆီ ထိသွားရတော့သည်။

"ကြို ကြိုဖူးပေါင်ကွာ . . . တို့များလည်း ငယ်ရာက ကြီးလာတဲ့ဘဝကို ဖြတ်သန်းခဲ့ရတာပါပဲ၊ ရည်းစားဘဝမှာ မိန်းကလေးကို မရခင် ဖျာလိုလိပ်ပြီး ဖူးဖူးမှုတ်ထားကြတာချည်းပဲ၊ မင်းကောင်ကောက်ချိတ်လိုတော့ လက်သံ မပြောင်ပါဘူးကွာ . . . အင်း . . . အေးကြည်မလေးခများ သနားစရာတော့ ကောင်းနေပြီ"

"ဒါကြောင့်မို့ . . . ကလေးတွေစိတ်ချမ်းသာအောင်လို့ သဘောတူဖို့ ပြောနေရတာပေါ့ အာစရိရဲ့"

"နေဦးကွာ . . . ငါစဉ်းစားဦးမယ်"

သို့ဖြင့် ငါးဒိုင်ရောက်ကာ လုပ်စရာတွေလုပ်သည်။

ထိုနေ့က အေးကြည်မ အလုပ်မဆင်း။

စာလေးတစ်စောင် ရောက်လာသည်။ ကောက်ချိတ်လာလျှင် ပေးရန်ဟု ဆို၏။ ထိုစာက ကိုပိန်၏ဆောင်ကြဉ်းမှုဖြင့် ဦးညွန့်တင်ထံ ရောက်၏။





စာထဲတွင်ကား . . .

"ကိုချိတ် . . .

အေးကြည်မ မှားပါတယ်၊ နောက်ကို ကိုချိတ် ဘာပြောပြော အေးကြည်မ နားထောင်မယ်နော်၊ ကိုချိတ်လက်ချက်ကြောင့် အေးကြည်မ ဒီနေ့ အလုပ်မဆင်းနိုင်ဘူး၊ မနက်ဖြန်မှ ဆင်းပါမယ်၊ ဒီအတွက် ကိုချိတ်ကို စိတ်မဆိုးတဲ့အပြင် ရှာဖြောင့်စိတ်တိုကြီးမှန်း သိရတဲ့အတွက် ပိုလို့ ချစ်ရပါသေးတယ်။

ကိုချိတ်ကောကို
ပြေဝယ်မကျ နားထောင်မယ့်
အေးကြည်မ

ဟူ၍ပါရှိလေရာ ဦးညွန့်တင်ခများ သဘောကျ၍မဆုံး။

"ဟေ့ . . . မောင်ပိန်၊ ဒါမှ ငါ့သားကွ၊ ဒါမှ ငါ့သား စစ်စစ်၊ သူ့ကို ငါ စိတ်ချသွားပြီ၊ ငါ့သားနဲ့ကလေးမကို သဘောတူလိုက်ပြီ၊ ကိုင်း . . . ငါ့သား ဝမ်းသာသွားရအောင် ငါသဘောတူတဲ့အကြောင်း နေ့ကောင်းရက်သာရွေးပြီး လက်ထပ်မင်္ဂလာကျင်းပပေးမယ့်အကြောင်း သတင်းကောင်း သွားပေးပေတော့ကွာ . . ."

ဦးညွန့်တင်၏ ကျေနပ်အားရခြင်းများစွာဖြင့် စေလွှတ်သည့် [illegible]ကဝယ် ကိုပိန်လည်း ကျေနပ်ဝမ်းသာခြင်းကြီးလှစွာဖြင့် ကို[illegible]တန်းထန်းတောသို့ လစ်ချသွားလေ၏။

အကယ်တန္တု . . . . . သည်ဇာတ်လမ်း၌ အစစအရာရာ [illegible]ပေးကာ ကောက်ချိတ်အား အကွက်ကျကျ သရုပ်ဆောင်စေ-



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်း၊ မိန်းမရှာခင်ဦးအား ငွေပေးလျက် မနက်ခင်း နှင်းတောထဲ
မိန်းမအဝတ်အစားဝတ်ကာ သရုပ်ဆောင်စေခဲ့ခြင်း၊ ငါးဒိုင်ပေးသည်
စာကိုလည်း လုပ်ကြံရေးသားစေခြင်းများအား အာစရိဖြစ်သူသာ
အဖြစ်မှန်အတိုင်းသိလျှင် ဖင်ဆောင့်သေမည်လားမသိ။

ယခုတော့မူ ... အစစအရာရာ အဆင်ပြေချောမွေ့သွား
သဖြင့် 'ဖေကြီးတာ xxx ဖေကြီးတာ xxx ဤဖေ xxx ကိုပိန် ကြ
လိုက်တာ' ဟူသော တေးသွားကလေးကို ထပ်တလဲလဲညည်းရင်း
ကောက်ချိုက်ထံမှရလာမည့် ဝတ်စုံသစ်တစ်စုံ၊ ပြီးတော့ အကြိုက်
တွယ်ရမည့် ပိုင်းတစ်ပိုင်းကို ကြိုတင်မြင်ယောင်ရင်း ဝမ်းမိုက်တွင်း
အူခွေတွေတစ်ပြုံလုံး မြူးတူးနေပါတော့သတည်း။

မြွေမိုက်ကြည်နူးကြို
မြို့မေဗ္ဗာခံယူ
ကိုရွှေတောသား



BURMESE CLASSIC

ကမ္ဘာ့နိုင်ငံစုံမှ အရသာကောင်း၍ စားမြိန်စေမည့်
ထူးထူးခြားခြား ဟင်းလျာများကို စားလိုသူများအတွက်

# နိုင်ငံတကာ
# ဟင်းမျိုးစုံ ချက်ပြုတ်နည်းများ

## မိန့်မိန့် (လသာ)

စာမူခွင့်ပြုချက် ၁၀၂၃/ ၂၀၀၁(၁၀)

အကောင်းကြိုက်သူတိုင်းအတွက် ကမ္ဘာ့နိုင်ငံစုံတို့မှ နိုင်ငံ
အလိုက် လူသုံးများသည့် ဟင်းချက်နည်းကောင်းအမျိုးမျိုးကို
အပြည့်စုံဆုံး ဖြစ်စေရန် အချိန်ယူ ပြုစုထားသည့်စာအုပ်။

ချက်ပြုတ်ရာ၌ လူတိုင်း ရှင်းလင်းလွယ်ကူစွာ ချက်ပြုတ်
နိုင်စေရန်အတွက် ဟင်းချက်နည်းတိုင်းကို ချက်ပြုတ်ပုံ နည်းစနစ်
အကျ နံပါတ်စဉ် တပ်ပေးထားပြီး မည်သည့်စာအုပ်တွင်မှ မပါရှိသေး
သည့် ထူးထူးခြားခြား ဟင်းချက်နည်းများကိုလည်း ထည့်သွင်း
ပေးထားပါသည်။ မန္တလေး နဂါးစာပေ၊ ထွန်းဦးစာပေနှင့် အမြို့မြို့
စာအုပ်ဆိုင်များတွင် ရနိုင်ပါပြီ။

ထွက်ပြီ ရှိစာပေ

www.burmeseclassic.com